PHAN TEE EAIN
(CREATIVE HOME)

၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

၂၀၁၉ ခုနှစ် မတ်လ

PHAN TEE EAIN
(CREATIVE HOME)

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမှု

အပြီးသတ်အစီရင်ခံစာ

၂၀၁၉ ခုနှစ် မတ်လ

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး
စောင့်ကြည့်လေ့လာမှု
အပြီးသတ်အစီရင်ခံစာ

PHAN TEE EAIN
(CREATIVE HOME)

တိုက်(ဇော)၊ အခန်း ၁၀၇၊ နှင်းဆီလမ်း၊
ယုဇန အဝေးပြေးအိမ်ရာ
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

အမှတ် - (၁၄)၊ စံရိပ်ငြိမ်(၅)လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
www.pacemyanmar.org

မာတိကာ

အဖွဲ့အစည်းနောက်ခံ ၅

ကျေးဇူးတင်လွှာ ၇

၁။ အစီရင်ခံစာ အကျဉ်း ၉

၂။ အကြံပြုချက်များ ၁၅

၃။ နိဒါန်း ၂၁

၄။ ရွေးကောက်ပွဲအကြိုကာလ လူထုသဘောထားအမြင်စစ်တမ်း ၂၅

၄.၁။ ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီးသိရှိမှု ၂၅

၄.၂။ ၂၀၁၅ မဲဆန္ဒရှင်စာရင်းအပေါ်သဘောထားအမြင် ၂၇

၄.၃။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့်ပတ်သက်ပြီး သိရှိမှု၊ နှိုးဆော်တိုက်တွန်းမှုနှင့် နိုင်ငံသားများ၏ ပါဝင်လိုမှု၏ ၂၈

၄.၄။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဆိုင်ရာ အသိပညာပေးလုပ်ငန်း ၃၀

၄.၅။ အိမ်ထောင်စုစာရင်း ၃၄

၄.၆။ ကြားဖြတ်ရွေးကောက်ပွဲအပေါ် သဘောထားအမြင်နှင့် မဲပေးလိုစိတ် ၃၅

၅။ မဲဆန္ဒရှင်စာရင်းကြေညာပြသသည့်ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း ၃၉

၅.၁။ မဲဆန္ဒရှင်အသိပညာပေးခြင်း ၄၀

၅.၂။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဆိုင်ရာ စီမံခန့်ခွဲမှု ၄၁

၅.၃။ အချက်အလက်များရှာဖွေရာတွင်လွယ်ကူမှု၊ စောင့်ကြည့်လေ့လာခွင့်နှင့် နိုင်ငံရေးပါတီများ ၏ ပါဝင်မှု ၄၂

၆။ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း ၄၃

၆.၁။ မဲဆွယ်စည်းရုံးရေးမူဝါဒများ ၄၅

၆.၁.၁။ မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များ ၄၅

၆.၁.၂။ ပြည်နယ်/တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ ၄၅

၆.၁.၃။ အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ ၄၈

၆.၂ မဲဆွယ်စည်းရုံးမှုဆိုင်ရာ လှုပ်ရှားမှုများ ၄၉

၆.၂.၁။ မဲဆွယ်စည်းရုံးရေးတွင် ကိုယ်စားလှယ်လောင်းများက အသုံးပြုသည့် လူအင်အား ၄၉

၆.၂.၂။ မဲဆွယ်စည်းရုံးရေး နည်းနာများ ၅၀

၆.၂.၃။ စုဝေးဟောပြောပွဲများ ကျင်းပပြုလုပ်သည့်နေရာ ၅၀

၆.၂.၄။ စုဝေးဟောပြောပွဲတွင် ပါဝင်ဟောပြောသည့်ပုဂ္ဂိုလ် ၅၁

၆.၂.၅။ စုဝေးဟောပြောပွဲများတွင်ဝေငှခဲ့သော ပစ္စည်းများ ၅၁

၆.၂.၆။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှု၊ လှုံ့ဆော်မှုများ ၅၂

၆.၂.၇။ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမှု ၅၂

၆.၃။ မဲဆွယ်စည်းရုံးရေး/လူထုဟောပြောပွဲများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ ၅၄

၆.၄။ အမျိုးသမီးမဲဆန္ဒရှင်များအတွက် အသိပညာပေးလှုံ့ဆော်ခြင်း ၅၅

၆.၅။ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများအပေါ် နိုင်ငံသားများ၏ သဘောထားအမြင် ၅၆

၇။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှုဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း ၅၉

၈။ ရွေးကောက်ပွဲနေ့ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း ၆၁

(နမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်း)

၈.၁ ။ မဲရုံသို့ရောက်ရှိခြင်း၊ မဲရုံအပြင်အဆင် ၆၂

၈.၂ ။ မဲပေးခြင်းဖြစ်စဉ် ၆၃

၈.၃။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ် ၆၆

၉။ မဲရလဒ်စုစည်းသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်း ၆၉

၁၀။ စောင့်ကြည့်လေ့လာမှု နည်းစနစ် ၇၁

၁၀.၁။ ရွေးကောက်ပွဲအကြိုကာလ သဘောထားအမြင်စစ်တမ်း ၇၃

၁၀.၂။ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း ၇၅

၁၀.၃။ မဲဆန္ဒရှင်စာရင်းကြည်ညာပြသမှု စောင့်ကြည့်လေ့လာခြင်း ၇၇

၁၀.၄။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှုကို စောင့်ကြည့်လေ့လာခြင်း ၇၇

၁၀.၅။ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်း

(နမူနာ ရွေးထုတ်စောင့်ကြည့်လေ့လာခြင်း) ၇၈

၁၀.၆။ မဲရလဒ်စုစည်းသည့်ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း ၇၉

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ စောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ် ၈၁

နောက်ဆက်တွဲ ၂။ ရွေးကောက်ပွဲအကြိုကာလစစ်တမ်းပုံစံ ၈၃

နောက်ဆက်တွဲ ၃။ မဲဆန္ဒရှင်စာရင်းကြည်ညာပြသမှု စောင့်ကြည့်လေ့လာမှုပုံစံ၊ ထူးခြားဖြစ်ရပ်ပုံစံ ၁၀၃

နောက်ဆက်တွဲ ၄။ မဲဆွယ်စည်းရုံးရေးကာလစောင့်ကြည့်လေ့လာမှု ပုံစံ၊ ထူးခြားဖြစ်ရပ်ပုံစံ ၁၀၉

နောက်ဆက်တွဲ ၅။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးခြင်း စောင့်ကြည့်လေ့လာမှုပုံစံ၊ ထူးခြားဖြစ်ရပ်ပုံစံ ၁၂၃

နောက်ဆက်တွဲ ၆။ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှုပုံစံ၊ ထူးခြားဖြစ်ရပ်ပုံစံ ၁၂၉

နောက်ဆက်တွဲ ၇။ မဲရလဒ်စုစည်းသည့်ဖြစ်စဉ်စောင့်ကြည့်လေ့လာမှုပုံစံ၊ ထူးခြားဖြစ်ရပ်ပုံစံ ၁၅၁

အဖွဲ့အစည်းနောက်ခံအကျဉ်း

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections-PACE) သည် အစိုးရမဟုတ်သော လွတ်လပ်ပြီး အမှီအခိုကင်းသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းတစ်ဖွဲ့ ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပြည်သူပြည်သားများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ၎င်းတို့ကိုယ်တိုင် ပါဝင်လှုပ်ရှားလာရေးတို့ကိုမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအင်စတီကျူးရှင်းများ ပိုမိုအားကောင်းခိုင်မာလာရေးကို ရည်မှန်းကာ ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို တစ်စိုက်မတ်မတ်လေ့လာပြီး၊ ပြည်သူပြည်သားအားလုံး ပါဝင်နိုင်မှု၊ ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန်အတွက် ရွေးကောက်ပွဲနှင့် ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးလုပ်ငန်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေးကို တန်ဖိုးထားပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် လူမျိုး၊ ဘာသာ၊ ကျား-မ ခွဲခြားမှုမရှိစေဘဲ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံပေါင်း (၈၉) နိုင်ငံမှ ဘက်မလိုက်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းပေါင်း (၂၅၁)ခုက သဘောတူလက်မှတ်ရေးထိုးထားသည့် "ဘက်မလိုက်သောရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လိုက်နာရမည့် ကမ္ဘာလုံးဆိုင်ရာကြေညာစာတမ်း (Declaration of Global Principles for Nonpartisan Election Observation and Monitoring by Citizen Organizations)" ကို ၂၀၁၄ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ကွန်ရက် (Global Network of Domestic Election Monitors-GNDEM)[၁] ၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက https://www.pacemyanmar.org/

[၁] http://www.gndem.org/declaration-of-global-principles

ဖန်တီးအိမ်အဖွဲ့ (Phan Tee Ein) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံသားအသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲပညာပေးခြင်း လုပ်ငန်းများကို ပံ့ပိုးကူညီပေးခဲ့သည်။ ဖန်တီးအိမ်အဖွဲ့သည် အမျိုးသမီးလွတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီတွင်းရှိ အလားအလာရှိသော အမျိုးသမီးများအား ခေါင်းဆောင်မှု စွမ်းရည်မြှင့် သင်တန်းများပေးခြင်းဖြင့် လည်းကောင်း၊ ကျား-မရေးရာ တန်းတူညီမျှမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လစဉ်စကားဝိုင်းများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း လွတ်တော်များနှင့် နိုင်ငံရေးပါတီများအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှု သဘောတရားများ တိုးပွားလာအောင် လုပ်ဆောင်ခဲ့ပါသည်။

ကျေးဇူးတင်လွှာ

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections-PACE) နှင့် ဖန်တီးအိမ် (Creative Home) အဖွဲ့အနေဖြင့် ရွေးကောက်ပွဲနေ့အပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက် လုံးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသော ကာလတို/ကာလရှည် စောင့်ကြည့်လေ့လာသူအားလုံးကို ကျေးဇူးဥပကာယ အထူးတင်လိုပါသည်။ စောင့်ကြည့်လေ့လာသူများ၏ တိကျသေချာမှု၊ အချိန်ကိုက်သတင်း ပေးပို့နိုင်မှုတို့ကြောင့် ရွေးကောက်ပွဲအပြီး ၄၈ နာရီအတွင်း ကနဦးအစီရင်ခံစာကို အများပြည်သူထံသို့ အချက် အလက်ပြည့်ပြည့်စုံစုံဖြင့် မှန်မှန်ကန်ကန် ထုတ်ပြန်ခွင့်ရရှိခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် ညှိနှိုင်းရေးမှူး ၁၇ ဦး၏ ဆောင်ရွက်မှု ကြိုးပမ်းအားထုတ်မှုတို့ မပါဝင်ပါက PACE နှင့် ဖန်တီးအိမ်အဖွဲ့ အနေ ဖြင့် ယခုစောင့်ကြည့်လေ့လာမှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ရွေးကောက်ပွဲနေ့ တွင် PACE နှင့် ဖန်တီးအိမ်အဖွဲ့၏အချက်အလက်စင်တာတွင် လာရောက်လုပ်အားပေးကြသည့်အချက် အလက်စင်တာ လုပ်အားပေးများကိုလည်း အထူးကျေးဇူးတင်ပါသည်။ ၎င်းတို့၏ တိကျမှု၊ သေချာမှုတို့ ကြောင့် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့အနေဖြင့် ကနဦးအစီရင်ခံစာကို ယုံကြည်မှုအပြည့်ဖြင့် ထုတ်ပြန် နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုလည်း ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုအတွက် အထူးပင် မှတ်တမ်းတင် အပ်ပါသည်။

ထို့အပြင် ငွေကြေးဆိုင်ရာ အထောက်အပံ့များအတွက် DFID (Department for International Development)၊ NPA (Norwegian People's Aid) နှင့် NDI (National Demoratic Institute for International Affairs) တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် စောင့်ကြည့်လေ့လာမှုနည်းပညာ အထောက်အပံ့အတွက် NDI (National Democratic Institute for International Affairs) ကိုလည်း အထူး ကျေးဇူးတင်ပါသည်။ ယင်းအထောက်အပံ့များကြောင့် PACE နှင့် ဖန်တီးအိမ်အဖွဲ့အနေဖြင့် ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ခုလုံးကို စနစ်တကျ လေ့လာသုံးသပ်နိုင်ခဲ့သည့်အပြင် တိကျသည့် အကြံပြုချက်များကို ထုတ်ပြန် နိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာ

၁။ အစီရင်ခံစာ အကျဉ်း

ယေဘုယျအားဖြင့် ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်မှာ တည်ငြိမ်ချောမွေ့သည်ဟု ဆိုနိုင်ပြီး စောင့်ကြည့်လေ့လာခဲ့သည့် မဲဆန္ဒနယ် ၁၂ ခုလုံးတွင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို ထိခိုက်စေသည့် ပြဿနာကြီးကြီးမားမားကိုလည်း စောင့်ကြည့်လေ့လာမှုတစ်လျှောက်လုံးတွင် မတွေ့ရချေ။ သို့သော်လည်း မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီအချို့၏ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများ (ဥပမာ- စုဝေးဟောပြောမှုကို ဝင်ရောက်နှောင့်ယှက်မှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှု) နှင့် ပတ်သက်၍ တိုင်ကြားချက်အချို့ကို သတင်းမီဒီယာများက သတင်းပေးပို့မှုများ ရှိခဲ့ပြီး နေရာအချို့တွင် ရွေးကောက်ပွဲနေ့စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်သော ဆောင်ရွက်ချက်အချို့ရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ရွေးကောက်ပွဲဖြစ်စဉ်ကို အများပြည်သူ ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရွေးကောက်ပွဲဖြစ်စဉ်ကြီးတစ်ခုလုံးကို ပြန်လည်သုံးသပ်ပြီး ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးအတွက် လက်တွေ့ကျသော လုပ်ငန်းစဉ် မဟာဗျူဟာများ ရေးဆွဲရန် PACE နှင့် ဖန်တီးအိမ် အဖွဲ့တို့က တိုက်တွန်းပါသည်။ ထို့အပြင် ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ နိုင်ငံသားများ ပါဝင်နိုင်မှုနှင့် တာဝန်ခံမှုပိုမိုမြင့်မားလာရေးအတွက် အချို့သော ပြုပြင်ပြောင်းလဲရေးများကို ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

ယခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) က ဖန်တီးအိမ်အဖွဲ့နှင့်အတူ ပူးပေါင်းကာ ကာလတိုနှင့် ကာလရှည် စောင့်ကြည့်လေ့လာသူ စုစုပေါင်း ၇၅၁ ဦးကို လစ်လပ်မဲဆန္ဒနယ် ၁၂ ခု[၂] သို့စေလွှတ်ကာ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအလွန်ကာလစသည့် ရွေးကောက်ပွဲကာလများအတွင်းရှိ လုပ်ငန်းစဉ်အသီးသီးကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်စေခဲ့ပါသည်။ ရွေးကောက်ပွဲအကြိုကာလတွင် စစ်တမ်းကောက်ယူခြင်း၊ ဇူလိုင်လတွင်ပြုလုပ်ခဲ့သည့် မဲဆန္ဒရှင်စာရင်းကြေညာပြသမှု၊ မဲဆွယ်စည်းရုံးရေး၊ မဲဆန္ဒနယ်တွင်းကြိုတင်မဲကောက်ယူခြင်းစသည့် ဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခဲ့ပြီး၊ ရွေးကောက်ပွဲနေ့တွင် မဲရုံအခင်းအကျင်း၊ မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်း၊ မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်း စသည့်ဖြစ်စဉ်များနှင့် ရွေးကောက်ပွဲအလွန်ကာလနှင့်ပတ်သက်၍ မဲရလဒ်များ စုပေါင်းခြင်းတို့ကိုလည်းစောင့်ကြည့်လေ့လာခဲ့ကြပါသည်။ တွေ့ရှိချက်အကျဉ်းမှာ

ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိမှု၊ မဲဆန္ဒရှင်အသိပညာရေးလုပ်ငန်းများနှင့် မဲပေးလိုစိတ်[၃]

ဇွန်လတွင်ကောက်ယူခဲ့သည့် ရွေးကောက်ပွဲအကြိုကာလစစ်တမ်းအရ နိုင်ငံသားများ၏ထက်ဝက်အောက် (၄၈%) ကသာ နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲရှိသည်ကိုသိရှိကြပြီး ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလက သိရှိမှု (၆၂% ကသိရှိပါသည်) ထက် ပိုနည်းသည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း မဲဆန္ဒရှင်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လ ၉-၂၂ ရက်နေ့အထိ ကြေညာပြသမည်ဟု အသိပေးထားသည်ကို သိရှိသူမှာ သုံးပုံတစ်ပုံ (၃၃%) ခန့်သာရှိသည်ကို တွေ့ရပါသည်။

ဖြေဆိုသူ ၅၆% က မဲဆန္ဒရှင်စာရင်းကြေညာပြသချိန်ကာလအတွင်း မဲဆန္ဒရှင်စာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရှိပါသည်ဟု ဆိုပါသည်။ တိုက်တွန်းနှိုးဆော်မှုများကို ဆောင်ရွက်ကြသူအများစုမှာ ဒေသအာဏာပိုင်များ (၁၈%) နှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ (၁၄%) ဖြစ်ကြပါသည်။ ကြားဖြတ်ရွေးကောက်ပွဲကို

[၂] မန္တလေးတိုင်းဒေသကြီးရှိ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်နေရာကို စောင့်ကြည့်လေ့လာမှုတွင် ထည့်သွင်းခဲ့ခြင်း မရှိပါ။

[၃] ရွေးကောက်ပွဲအကြိုကာလစစ်တမ်းတွင် ဖန်တီးအိမ်အဖွဲ့က ပါဝင်ခြင်းမရှိပါ။

သိရှိမှုနှင့် သတင်းအချက်အလက်ရရှိမှု နည်းပါးသော်လည်း နိုင်ငံသားများ၏ ၇၈% က ကြားဖြတ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မည်သည့်စိုးရိမ်ပူပန်စရာမရှိဟု ဆိုကြပြီး နိုင်ငံသားအများစု (၈၂%) က ရွေးကောက်ပွဲနေ့တွင် မဲပေးရန် အစီအစဉ်ရှိပါသည်ဟု ဖြေဆိုကြပါသည်။

မဲဆန္ဒရှင်စာရင်းကြည်ညာပြသမှု

ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကြည်ညာပြသမှု[၄] ကို စောင့်ကြည့်လေ့လာရာတွင် ကြည်ညာပြသရာ နေရာအများစု (၈၀%) ၏ အနီးအနားတစ်ဝိုက်တွင် မဲဆန္ဒရှင်အသိပညာပေးမှုဆိုင်ရာ ပစ္စည်းများကို မတွေ့ရဟု PACE အဖွဲ့ စောင့်ကြည့်လေ့လာသူများက ဆိုပါသည်။ ထို့ပြင် မဲဆန္ဒရှင်စာရင်း ကြည်ညာပြသရာနေရာများ၏ ၈၆% တွင် မည်သည့်အဖွဲ့အစည်း/အုပ်စုကမှ မဲဆန္ဒရှင်အသိပညာ ပေးလုပ်ငန်းများဆောင်ရွက်နေသည်ကို မတွေ့ရပါဟု စောင့်ကြည့်လေ့လာသူများက ဆိုပါသည်။ ကြည်ညာပြသရာ နေရာများ၏ ၁၄% တွင်မူ ကော်မရှင်အဖွဲ့ခွဲများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုပါသည်။ ရက်ပေါင်း ၁၈၀ ရက်နှင့်အထက် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသူများ၏ မဲဆန္ဒရှင်စာရင်းပြုစုမှုနှင့်ပတ်သက်၍ တစ်သမတ်တည်းမရှိဘဲ တစ်နေရာနှင့် တစ်နေရာ ကွဲပြားနေသည်ကို တွေ့ရပါသည်။ မဲဆန္ဒရှင်စာရင်းကြည်ညာပြသရာနေရာများတွင် မည်သည့် နိုင်ငံရေးပါတီကိုမှ မတွေ့ရပါဟု စောင့်ကြည့်လေ့လာသူများက ဆိုပါသည်။

မဲဆွယ်စည်းရုံးရေးကာလ

နိုင်ငံရေးပါတီအချို့၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ စောဒကတက်မှု အနည်းငယ်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်ပြောဆိုစည်းရုံးမှုအနည်းငယ်တို့မှလွဲ၍ မဲဆွယ်စည်းရုံးရေး ကာလတစ်ခုလုံးမှာ အနှောင့်အယှက်ပေးမှုများ၊ ခြိမ်းခြောက်မှုများ ကြီးကြီးမားမားမရှိဘဲ တည်ငြိမ် အေးချမ်းသည်ကို တွေ့ရပါသည်။ မဲဆွယ်စည်းရုံးရေးတွင် တာဝန်ခံ ခန့်အပ်ထားမှုနှင့် ပတ်သက်၍ မေးမြန်းရာ တွေ့ဆုံမေးမြန်းခဲ့သည့် ကိုယ်စားလှယ်လောင်းအများစုက မဲဆွယ်စည်းရုံးမှုအတွက် တာဝန်ခံများခန့်အပ်ထားကြသည်ဟု ဖြေဆိုပြီး ခန့်အပ်ထားသည့် တာဝန်ခံများ အနက် ၂ ဦးကသာ အမျိုးသမီးများဖြစ်ကြသည်။ မဲဆွယ်စည်းရုံးရေး ကာလတစ်လျှောက်လုံးတွင် အမျိုးသား

[၄] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ်မဲဆန္ဒရှင်စာရင်းကြည်ညာပြသမှုကို ဇူလိုင်လ ၉ ရက်မှ ၂၂ ရက်အထိ ပြုလုပ်ခဲ့ပါသည်။

ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့က လုပ်အားပေးအသုံးပြုမှု အရေအတွက်အများဆုံးဖြစ်ကြသည်ကို တွေ့ရပါသည်။ မဲဆွယ် စည်းရုံးရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ အဓိကအားဖြင့် စာရွက်စာတမ်းများ ဝေငှမှု (၆၆%)၊ စုဝေးဟောပြောခြင်း (၆၃%)၊ ပိုစတာများ ချိတ်ဆွဲခြင်း (၄၆%) တို့မှာ တွေ့ရှိမှု အများဆုံးလှုပ်ရှားမှုများဖြစ်ကြပါသည်။ လူမှုကွန်ရက်စာမျက်နှာ (Facebook) အသုံးပြုကာမဲဆွယ်စည်းရုံးသည့် လှုပ်ရှားမှု (၁၁%) အချို့လည်း ရှိသည်ကို တွေ့ရသည်။ SMS/Email/Viber ပေးပို့ခြင်းစသည့် သတင်းအချက်အလက်နည်းပညာနှင့် သတင်းမီဒီယာကို အသုံးပြုပြီး မဲဆွယ်စည်းရုံးသည့် လှုပ်ရှားမှု (၁%) မှာ တွေ့ရှိရမှု အနည်းဆုံးဖြစ်သည်။ စုဝေးဟောပြောမှုအများစုကို ပန်းခြံ၊ ဈေးစသည့် အများပြည်သူဆိုင်ရာနေရာများ (၃၈%) တွင် တွေ့ရှိရမှုများသော်လည်း အချို့ကို ဘာသာရေးနှင့် သက်ဆိုင်သည့် နေရာအဆောက်အအုံများ (၁၇%) တွင် တွေ့ရပါသည်။ စုဝေးဟောပြောမှုများတွင် စာရွက်စာတမ်းဝေငှမှု (၈၅%) ကို အများဆုံးတွေ့ရပြီး အစားအစာ ဝေငှမှုများ (၂၄%) ကိုလည်း တွေ့ရပါသည်။

ကြိုတင်မဲပေးခြင်းဖြစ်စဉ်

ယေဘုယျအားဖြင့် ကြိုတင်မဲပေးခြင်းဖြစ်စဉ်သည် ပွင့်လင်းမြင်သာမှုရှိသည်ဟု ဆိုနိုင်ပြီး အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ကော်မရှင်အဖွဲ့ခွဲတွင် ပြုလုပ်သည့်ကြိုတင်မဲပေးခြင်း၊ အိမ်တိုင်ရာရောက် ကောက်ယူသည့် ကြိုတင်မဲပေးခြင်းဖြစ်စဉ် နှစ်ခုစလုံးကို စောင့်ကြည့်လေ့လာခွင့်ရခဲ့ပါသည်။ ဖြစ်စဉ်နှစ်မျိုးလုံးတွင် မဲဆန္ဒရှင်များအနေဖြင့် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရခဲ့ကြသည်ကို တွေ့ရပါသည်။ သို့သော်လည်း ကြိုတင်မဲပေးမှု လုပ်ငန်းစဉ်အချိန်စာရင်းထုတ်ပြန်ချိန်ကာလမှာ အကန့်အသတ်ရှိသဖြင့် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့အနေဖြင့် နိုဝင်ဘာလ ၁ ရက်မတိုင်မီ ကြိုတင်မဲပေးခြင်းကို စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါ။ ထို့အပြင် မဲဆန္ဒနယ်ပြင်ပကြိုတင် မဲပေးခြင်း ဖြစ်စဉ်မှာလည်း အရပ်ဘက်အဖွဲ့အစည်းများကို ဖိတ်ကြားခြင်းမပြုသဖြင့် စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါ။

ရွေးကောက်ပွဲနေ့

ယေဘုယျအားဖြင့် ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံးမှာ တည်ငြိမ်အေးချမ်းသည်ကို တွေ့ရပါသည်။ မဲရုံအချို့ (အများအားဖြင့် ရန်ကုန်တိုင်းဒေသကြီး) တွင်မူ အစောပိုင်းတွင် မဲရုံဖွင့်လှစ်ရန် ပြင်ဆင်နေမှုများကို စောင့်ကြည့်လေ့လာခွင့်မရမှုများရှိခဲ့ပြီး ကော်မရှင်အဖွဲ့ခွဲများနှင့် ညှိနှိုင်းပြီး နောက်ပိုင်းတွင် စောင့်ကြည့်လေ့လာခွင့် ပြန်လည်ရရှိခဲ့သည့် ဖြစ်ရပ်အချို့ရှိခဲ့ပါသည်။ ခြုံငုံသုံးသပ်ရလျှင် မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များမှာ ပွင့်လင်းမြင်သာမှုရှိသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း စောင့်ကြည့်လေ့လာသူများ၏ တွေ့ရှိချက်အရ မဲရုံများ၏ ထက်ဝက်ခန့်ကသာ ဘီးတပ်ကုလားထိုင်ဖြင့် လာရောက်သည့် မဲဆန္ဒရှင်များအတွက် အဆင်ပြေသည်ကို တွေ့ရသည်။ မဲရုံများ၏ ၂၂% တွင် ပုံစံ ၁၃ (မဲဆန္ဒနယ်တွင်း ကြိုတင်မဲစာရင်း) ကို မဲရုံအပြင်ဘက်တွင် ကပ်ထားခြင်းမရှိသည်ကိုတွေ့ရပါသည်။ ယေဘုယျအားဖြင့် မဲရုံအဖွဲ့ဝင်များ၏ ကျား-မ အချိုးအစားမှာ ယခင်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိလာသည်ဟု ဆိုနိုင်ပါသည်။ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ ၅၉% မှာ အမျိုးသမီးများဖြစ်ကြပါသည်။ မဲရုံမှူးများ၏ ထက်ဝက်ကျော် (၅၅%) မှာ အမျိုးသမီးများဖြစ်ကြပြီး ရန်ကုန်တွင်မူ ၉၇% မှာ အမျိုးသမီးများဖြစ်ကြပါသည်။

မဲပေးမှုဖြစ်စဉ်တစ်လျှောက်လုံးတွင် ခြိမ်းခြောက်မှုနှင့် နှောင့်ယှက်မှုများကို မတွေ့ရချေ။ သို့သော် စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အားနည်းချက်အချို့ရှိနေသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်ရှိ မဲရုံများ၏ ၂၄% အပါအဝင် မဲရုံများ၏ ၁၁%တွင် မဲဆန္ဒရှင် ၂၀ ဦးနှင့်အထက်ကို ၎င်းတို့၏ လက်ချောင်းများတွင် 'မင်' တို့ထားခြင်း ရှိ/မရှိ စစ်ဆေးမှုမပြုလုပ်ဘဲ မဲရုံအတွင်းသို့ ဝင်ခွင့်ပြုခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် ရန်ကုန်ရှိ မဲရုံများ၏ ၇၄% အပါအဝင် မဲရုံများ၏ ၃၅% တွင် မဲဆန္ဒရှင် ၂၀ ဦးနှင့်အထက်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် တိုက်ဆိုင် စစ်ဆေးခြင်းမပြုလုပ်ဘဲ မဲပေးခွင့်ပြုခဲ့သည်ကိုတွေ့ရပါသည်။ မဲရုံများ၏ ၇% တွင်မူ အနည်းဆုံး လူ ၁၁ ဦးက ၎င်းတို့၏ အမည်စာရင်းများ မဲဆန္ဒရှင်စာရင်းတွင် မပါရှိသဖြင့် မဲရုံမှ လှည့်ပြန်ခဲ့ကြရသည်ကိုတွေ့ရပါသည်။ မဲရေတွက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး အများပြည်သူလူထုကိုလည်း ဝင်ရောက်ကြည့်ရှုခွင့်ပြုသည်ကိုတွေ့ရပါသည်။ မဲရုံအားလုံးနီးပါး၏ အပြင်ဘက်တွင် မဲရလဒ်စာရင်း (ပုံစံ-၁၆) များကို အများပြည်သူသိရှိအောင် ကြေညာပြသထားသည်ကို

တွေ့ရပါသည်။ မဲရုံအားလုံးနီးပါး (၉၇%) တွင် မည်သည့်ပါတီ/ ပါတီကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်ကမှ မဲရေတွက်ခြင်းနှင့် ပတ်သက်၍ တရားဝင်ကန့်ကွက်သည်ကို မတွေ့ရချေ။

မဲရလဒ်များ စုစည်းခြင်းဖြစ်စဉ်

မဲရလဒ်များစုစည်းခြင်းဖြစ်စဉ် စောင့်ကြည့်လေ့လာမှုကာလအတွင်း ခြိမ်းခြောက်မှု/နှောင့်ယှက်မှု/အကြမ်းဖက်မှု တစ်ခုရှိခဲ့သည်ဟု စောင့်ကြည့်လေ့လာသူများက သတင်းပေးပို့ပါသည်။ ယင်းဖြစ်ရပ်မှလွဲ၍ ဖြစ်စဉ်တစ်ခုလုံးမှာ ပွင့်လင်းမြင်သာမှုရှိပြီး၊ စောင့်ကြည့်လေ့လာသူအားလုံး စောင့်ကြည့်လေ့လာမှု ပြုလုပ်ခွင့်ရရှိခဲ့ကြပါသည်။ စာလုံးပေါင်းသတ်ပုံစသည့် အသေးအမွှား မှားယွင်းမှုအနည်းငယ်ကို ပြင်ဆင်မှုပြုလုပ်သည်မှအပ မဲရလဒ်စာရင်း (ပုံစံ ၁၆) ကို ပြင်ဆင်မှုများ ပြုလုပ်သည်ကို မတွေ့ရချေ။ မဲရလဒ်များ စုစည်းရာနေရာ ၁၂ ခုအနက် ၄ ခု၌ ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၃ ရက်)တွင် မဲရလဒ်များစုစည်းမှု ပြီးဆုံးခဲ့ပြီး ကျန်နေရာ ၈ ခုမှာ ရွေးကောက်ပွဲပြီး နောက်ရက်များတွင်မှ ပြီးဆုံးခဲ့သည်။ စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့် ၂ ရက်စလုံးတွင် နိုင်ငံရေးပါတီတစ်ခုမှ တရားဝင် ကန့်ကွက်စာတင်သည်ကို တွေ့ရပါသည်။

၂။ အကြံပြုချက်များ

ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ နိုင်ငံသားအားလုံး၏ ပါဝင်နိုင်မှု၊ တာဝန်ခံမှု ပိုမိုမြင့်မားလာပြီး ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ယုံကြည်မှုကို မြှင့်တင်ရန်အတွက် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က အောက်ပါအချက်များကို အကြံပြုပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်

- ရွေးကောက်ပွဲကျင်းပမည့်နေ့အပါအဝင် လုပ်ငန်းစဉ်အသေးစိတ်၏ အချိန်စာရင်းကို တစ်ချိန်တည်း တစ်ပြိုင်နက် ထုတ်ပြန်ကြေညာရန်လိုအပ်ပါသည်။ သို့မှသာ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြင်ဆင်မှုများကို ကြိုတင်ပြုလုပ်နိုင်ပြီး အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ၊ စောင့်ကြည့်လေ့လာမှုနှင့် သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် စနစ်တကျ ပြင်ဆင်နိုင်မည်ဖြစ်သည်။
- ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များဖြစ်သည့် မဲရုံများ၏ တည်နေရာနှင့် အရေအတွက် စာရင်းအသေးစိတ်၊ မဲဆန္ဒရှင်စာရင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ အသေးစိတ်အချက်အလက်၊ မဲရလဒ် စသည်တို့ကို ကွန်ပျူတာနှင့် ဖတ်ရှုနိုင်သောပုံစံဖြင့် ပါဝင်ပတ်သက်နေသူများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်မှုများ ကြိုတင်ပြုလုပ်နိုင်ပြီး သတင်းမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း သတင်းပေးပို့ချက်များ၊ သုတေသနနှင့် ဆန်းစစ်လေ့လာမှုများကို ပိုမိုစနစ်ကျနစွာ ပြုလုပ်နိုင်မည်ဖြစ်သည်။

- မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံသားများ၏ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအားလုံးကို ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးကသာ စီမံခန့်ခွဲရန် လိုအပ်ပါသည်။
- ရွေးကောက်ပွဲနေ့တွင် မဲပေးရန် မဲရုံများသို့ မသွားရောက်နိုင်သော ဆန္ဒမဲပေးခွင့်ရှိသည့် နိုင်ငံသားမည်သူမဆို မဲဆန္ဒနယ်အတွင်း နေထိုင်သည်ဖြစ်စေ၊ မဲဆန္ဒနယ်ပြင်ပတွင်နေထိုင်သည်ဖြစ်စေ ကြိုတင်မဲပေးခွင့်ရရှိရန် လိုအပ်သည်။ မဲပေးခြင်းလုပ်ငန်းစဉ်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် လက်ရှိကျင့်သုံးနေသည့် ဌာန/အဖွဲ့အစည်းများတွင် ကြိုတင်မဲပေးခြင်းစနစ်နှင့် ရက်ပေါင်း ၁၈၀ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲပေးခြင်းစနစ်တို့အစား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါသည်။
  - မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့လက်ရှိနေထိုင်နေသော မြို့နယ်၏ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သွားရောက်ပြီး ၎င်းတို့၏အမည်စာရင်းပါရှိသည့် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဆန္ဒမဲလက်မှတ်တောင်းခံပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ၁ လအလိုမှစတင်ကာ လက်ရှိနေထိုင်နေသော မြို့နယ်၏ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးခွင့်ပြုရန်။
  - မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်းကို ရွေးကောက်ပွဲနေ့မတိုင်မီ ၁လ အလိုမှ စတင်ကာ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခွင့်ပြုရန်။ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခြင်းကို ရွေးကောက်ပွဲနေ့ မတိုင်မီ ၁၀ ရက်အလိုမှ စတင်ကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးတွင် ကြိုတင်မဲပေးခွင့်ပြုရန်။
  - ဆေးရုံတက်ရောက်နေသူများနှင့် အချုပ်ကျသူများအတွက် ၎င်းတို့ လက်ရှိရောက်ရှိနေသော မြို့နယ်၏ ကော်မရှင်အဖွဲ့ခွဲရုံးများက ၎င်းတို့၏အမည်စာရင်းပါရှိရာ သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ဆန္ဒမဲလက်မှတ်တောင်းခံပေးပြီး ကြိုတင် မဲပေးခြင်းကို ဆေးရုံ/ အချုပ်ခန်းများတွင် ပြုလုပ်ပေးရန်။

- ကြိုတင်မဲများအားလုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ရေတွက်ခြင်း မပြုလုပ်တော့ဘဲ သက်ဆိုင်ရာ မဲရုံများသို့ပေးပို့ကာ ရေတွက်ရန်။
- မဲဆွယ်စည်းရုံးရေးနှင့်ပတ်သက်၍ မဲဆွယ်စည်းရုံးရေးရန်ပုံငွေ ရယူလက်ခံခြင်းနှင့် ပတ်သက်ပြီး တိကျသည့် လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းရန်နှင့် စုဝေးဟောပြောပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံရေး ပါတီများအားလုံး လက်ခံသည့် မူဘောင်ဖြစ်လာစေရန် ပြန်လည်ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်ပါသည်။
- လက်ရှိ မဲဆန္ဒရှင်စာရင်း၏ အရည်အသွေးနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများအပါအဝင် အရပ်ဘက် အဖွဲ့အစည်းများကို ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခွင့်ပြုရန် လိုအပ်ပါသည်။ သို့မှသာ လက်ရှိမဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်တို့၏ ပါဝင်နေမှုအနေအထား၊ အချက်အလက် တိကျမှန်ကန်မှု အတိုင်းအတာနှင့် မည်သည့် အားနည်းချက်များရှိသည်ကို သိရှိနိုင်ကာ နောင်တွင်ပြုလုပ်မည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်တွင် အရင်းအမြစ်များကို မဟာဗျူဟာကျကျ အသုံးချနိုင်မည့်အပြင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။
- လွတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေပါ လစ်လပ်ကိုယ်စားလှယ်နေရာအတွက် အစားထိုး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (စတုတ္ထအကြိမ်ပြင်ဆင်ထားသည့်ဥပဒေ) ကို ပြန်လည်သုံးသပ်ပြီး ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်လိုအပ်သည့် အခြေအနေ၊ ကျင်းပမည့်အချိန်ကာလနှင့် တာဝန်ယူကျင်းပမည့် ကော်မရှင်အဆင့်တို့ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။
- မဲရုံများရွေးချယ်သတ်မှတ်မှုနှင့် ခင်းကျင်းပြင်ဆင်မှုများပြုလုပ်ရာတွင် မသန်စွမ်းများ (အနိမ့်ဆုံးအားဖြင့် ဘီးတပ်ကုလားထိုင်ဖြင့် လာရောက်မဲပေးသည့် မဲဆန္ဒရှင်များ)အတွက် အလွယ်တကူလာရောက်မဲပေးနိုင်သည့် နေရာများကို ဦးစားပေးရွေးချယ်သင့်ပါသည်။ ထို့ပြင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များရွေးချယ်ခန့်အပ်ရာတွင် ကျား-မ ဦးရေ မျှတရန်နှင့် မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များအဖြစ် နိုင်ငံ့ဝန်ထမ်းများကိုသာမက သက်ဆိုင်ရာမဲရုံများ၏ မဲဆန္ဒရှင်စာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်များကိုပါ ရွေးချယ်တာဝန်ပေးအပ်သင့်ပါသည်။

- ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ပြည်သူလူထုစိတ်ဝင်စားမှုမြင့်မားလာစေရန်နှင့် မဲဆန္ဒရှင်စာရင်းကြေညာပြသခြင်း၊ ကြိုတင်မဲပေးခြင်း စသည့် ရွေးကောက်ပွဲဖြစ်စဉ်များကို သိရှိနားလည်မှု ပိုမိုမြင့်မားလာစေရန် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကို လုံလောက်သည့် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါသည်။
- မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိအဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားစေရန် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းခွင်သင်တန်းများ၏ သင်ရိုးများနှင့် သင်ကြားမှုနည်းစနစ်ကို ပြန်လည်သုံးသပ် ပြင်ဆင်ရန်လိုအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၉ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံသား အသိပညာပေးလုပ်ငန်းများနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့်လွှတ်တော်များအနေဖြင့်

ရွေးကောက်ပွဲဥပဒေမူဘောင်ပြုပြင်ပြောင်းလဲမှုတွင် ပြည်ထောင်စုအဆင့်လွှတ်တော်များမှာ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည့်အလျောက် ရွေးကောက်ပွဲဖြစ်စဉ် ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ တာဝန်ခံမှုနှင့် အများယုံကြည် လက်ခံနိုင်မှုကို မြှင့်တင်နိုင်ရန် အထူးသဖြင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဖြစ်စဉ် သမာသမတ်ကျမှုနှင့် ဝင်ရောက်ယှဉ်ပြိုင်သူကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအားလုံးအကြား ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ယုံကြည်မှုမြှင့်တင်ရန်အတွက် PACE နှင့် ဖန်တီးအိမ်အဖွဲ့က ပြည်ထောင်စုအဆင့် လွှတ်တော်များဖြစ်သည့် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို အောက်ပါအတိုင်း အကြံပြုပါသည်။

- လွတ်လပ်ပြီး အမှီအခိုကင်းသည့် ရွေးကောက်ပွဲကော်မရှင်တစ်ရပ် ဖြစ်လာစေရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များရွေးချယ်ခန့်အပ်ပုံ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် လုပ်ပိုင်ခွင့်တာဝန်များကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသည်။

- မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အချက်အလက်များ ပိုမိုတိကျမှန်ကန်ရေးနှင့် အချိန်မီ ပြီးစီးရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများ ရှိလာစေရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ဥပဒေတစ်ရပ်ကို သီးခြား ပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။
- မဲဆွယ်စည်းရုံးရေးရန်ပုံငွေ၊ ကုန်ကျစရိတ်များနှင့် သုံးစွဲသည့်အရင်းအမြစ်များအပါအဝင် အခြားမဲဆွယ်စည်းရုံးရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူများအားလုံးတန်းတူအခွင့်အရေးရစေမည့် ဥပဒေမူဘောင်အဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

ပြည်ထောင်စုအဆင့်လွှတ်တော်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ အပါအဝင် အခြားပါဝင်ပတ်သက်နေသည့်အဖွဲ့အစည်းများနှင့် ဆွေးနွေးကာ လိုအပ်သည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်ရန်လိုအပ်ပါသည်။

နိုင်ငံရေးပါတီများအနေဖြင့်

ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးတည်ငြိမ်ရေး အထူးသဖြင့် ရွေးကောက်ပွဲရလဒ်အပေါ် ယုံကြည်လက်ခံနိုင်မှုမှာ ရွေးကောက်ပွဲအလွန်ကာလတွင် တွေ့ကြုံရလေ့ရှိသည့်ပြဿနာတစ်ခုပင် ဖြစ်သည်။ အထူးသဖြင့်နိုင်ငံရေးအသွင်ကူး ပြောင်းမှုကာလကိုဖြတ်သန်းနေပြီး ဥပဒေမူဘောင်များအပေါ် ယုံကြည်မှုအားနည်းသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် ပိုမိုရင်ဆိုင်ရလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအားလုံးအတွက် တန်းတူညီမျှမှုကို အာမခံချက်ပေးနိုင်ပြီး ရွေးကောက်ပွဲကာလအတွင်း အငြင်းပွားမှုများနှင့် ပဋိပက္ခများကို လျှော့ချနိုင်ရန် နိုင်ငံရေးပါတီများအကြား သဘောတူညီသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ် ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲမတိုင်မီ ပေါ်ပေါက်ရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် PACE နှင့် ဖန်တီးအိမ်အဖွဲ့က နိုင်ငံရေးပါတီများကို အောက်ပါအတိုင်း အကြံပြုပါသည်။

- နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိ ရွေးကောက်ပွဲဥပဒေမူဘောင်ကို ပြန်လည်သုံးသပ်ကာ ပြုပြင်ပြောင်းလဲရန်လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို နိုင်ငံရေးပါတီများအချင်းချင်း ညှိနှိုင်းတိုင်ပင်ထားရန် လိုအပ်ပါသည်။

- နိုင်ငံရေးပါတီများအနေဖြင့်လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နှင့် ပူးပေါင်းကာ ရွေးကောက်ပွဲဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုကို အထောက်အပံ့ဖြစ်စေရန် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်သို့တင်သွင်းသည့် မဲဆွယ်စည်းရုံးရေး ရန်ပုံငွေနှင့် ကုန်ကျစရိတ်များကို အများပြည်သူသိရှိအောင်ထုတ်ပြန်သင့်ပါသည်။
- မဲဆွယ်စည်းရုံးရေးကာလများတွင် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများအပြင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်း သွားရောက်ကြည့်ရှုစစ်ဆေးရေး၊ ရွေးကောက်ပွဲနေ့တွင် မဲသွားပေးရေးနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ရန် လိုအပ်ပါသည်။
- နိုင်ငံရေးဖြစ်စဉ်အတွင်း အမျိုးသမီးပါဝင်မှုပိုမိုမြင့်မားလာရေးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် အမျိုးသမီးအရေအတွက်ကို ယခုထက်ပိုမြင့်တိုးမြှင့်ရန် လိုအပ်ပါသည်။ ရေရှည်အတွက် ပါတီအတွင်း၌ အမျိုးသမီးပါဝင်မှုနှင့် ခေါင်းဆောင်မှုကို မြှင့်တင်နိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်ရန်လို အပ်ပါသည်။

၃။ နိဒါန်း

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင်ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအစိုးရလက်ထက်အတွင်း ကျင်းပခဲ့သည့် ဒုတိယမြောက် ကြားဖြတ်ရွေးကောက်ပွဲများဖြစ်သည်။ ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင် လစ်လပ်မဲဆန္ဒနယ် ၁၉ ခုအတွက် ကျင်းပခဲ့ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၁၃ ခုပါဝင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင်ပြင်ဆင်ခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများအရ လစ်လပ်မဲဆန္ဒနယ်များရှိပါက သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို အကြောင်းကြားသည်နှင့် လွှတ်တော်သက်တမ်းအပေါ်မူတည်၍ ကြားဖြတ်ရွေးကောက်ပွဲများကို တစ်နှစ် သို့မဟုတ် ခြောက်လအတွင်း အပြီးကျင်းပရမည် ဖြစ်သည်။ ထို့ကြောင့် ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် လက်ရှိလစ်လပ်နေသော မဲဆန္ဒနယ် ၃ နေရာ ရှိရာ ၂၀၂၀ ခုနှစ်မတိုင်မီ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပရေးမှာ လွှတ်တော်ဥက္ကဋ္ဌများ၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်နေပါသည်။

၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများတွင် လစ်လပ်နေရာ စုစုပေါင်း ၁၃ နေရာ[၅] အနက် လက်ရှိ အာဏာရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (National League for Democracy Party-NLD) က နေရာအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နေရာ ၇ နေရာအနိုင်ရခဲ့ပါသည်။ အဓိက

[၅] အမျိုးသားလွှတ်တော် ၁ နေရာ၊ ပြည်သူ့လွှတ်တော် ၄ နေရာ၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် ၇ နေရာ၊ [ရှမ်း] တိုင်းရင်းသားရေးရာဝန်ကြီးနေရာ ၁ နေရာ။

အတိုက်အခံပါတီ ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (Union Solidarity and Development Party-USDP) က ၃ နေရာ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က ၁ နေရာ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၁ နေရာနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းက ၁ နေရာအသီးသီး အနိုင်ရခဲ့ကြပါသည်။ ယခုလစ်လပ်မဲဆန္ဒနယ် ၁၃ ခု၏ ရလဒ်များအရ လက်ရှိ အာဏာရပါတီဖြစ်သည့် NLD ပါတီအပေါ် လူထုထောက်ခံမှု ကျဆင်းသွားသည်ဟု ကောက်ချက်ဆွဲရန် မလုံလောက်ချေ။ သို့သော် ယခင်က အနိုင်ရထားသည့် မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ် (အမျိုးသား လွှတ်တော် အမှတ် ၁) နှင့် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်ဖြစ်သည့် ဆိပ်ကမ်း မဲဆန္ဒနယ်အမှတ် ၂ တို့တွင် ရုံးနိမ့်ခဲ့ခြင်းအရ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက NLD ပါတီအပေါ် မဲဆန္ဒရှင်များ၏ သဘောထားအမြင်ပြောင်းသွားသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။

၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းကာ ချောချောမွေ့မွေ့ကျင်းပနိုင်ခဲ့သည်ဟု ဆိုနိုင်သော်လည်း ရွေးကောက်ပွဲဖြစ်စဉ်ကြီးတစ်ခုလုံးကို ခြုံငုံကြည့်ပါက ကြီးမားသည့် တိုးတက်မှုမရှိခဲ့သည်ကို တွေ့ရပါသည်။ အထူးသဖြင့် ရွေးကောက်ပွဲအချိန်စာရင်းနှင့် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များ ထုတ်ပြန်မှု၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း၊ ကြိုတင်မဲပေးခြင်း၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရွေးကောက်ပွဲနေ့စီမံခန့်ခွဲမှု စသည်တို့တွင် အားနည်းချက်များရှိနေသေးသည်ကိုတွေ့ရပါသည်။ ၂၀၂၀ ခုနှစ်နှောင်းပိုင်းတွင် ကျင်းပလိမ့်မည်ဟု ခန့်မှန်းထားသည့် အထွေထွေရွေးကောက်ပွဲများမှာလည်း အဓိကအချက် ၂ ခုကြောင့်ပင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ အရေးကြီးသောရွေးကောက်ပွဲများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပထမအချက်မှာ လာမည့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရလက်ထက်တွင် ကျင်းပမည့် ပထမဆုံးအထွေထွေရွေးကောက်ပွဲတစ်ခုပင် ဖြစ်သည်။ ဒုတိယအချက်မှာ ရွေးကောက်ပွဲများကို နိုင်ငံရေးအာဏာရယူရန် တရားဝင်နည်းလမ်းအဖြစ် နိုင်ငံရေးခေါင်းဆောင်အများစုက လက်ခံလာကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း အာဏာရပါတီဖြစ်သည့် NLD ပါတီက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲရလဒ်ကဲ့သို့ပင် အနိုင်ရရန် ကြိုးပမ်းနေသကဲ့သို့ တိုင်းရင်းသားပါတီများကလည်း ၎င်းတို့ပါတီ အနိုင်ရရေးအတွက် စတင်ပြင်ဆင်လာနေသည်ကိုတွေ့ရပါသည်။

ထို့ကြောင့် လွတ်တော်ရွေးကောက်ပွဲ ဥပဒေ ၃ ခု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် အခြားနည်းဥပဒေများအပါအဝင် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ဒီမိုကရေစီစံနှုန်းများနှင့် ပိုမိုကိုက်ညီလာစေရေးနှင့် နိုင်ငံရေးပါတီများ အားလုံး တန်းတူညီမျှစွာယှဉ်ပြိုင်ခွင့်ကို အာမခံနိုင်ရန်အတွက် ပြင်ဆင်ရေးဆွဲခြင်းများကို ၂၀၁၉ ခုနှစ် မကုန်မီ အပြီးပြုလုပ်သင့်ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်အတွင်း အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်ဟု ခံုံသုံးသပ်နိုင်ပါသည်။ ဥပမာ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအချိန်စာရင်းနှင့် ဖြစ်စဉ်အသေးစိတ်ကို ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲထက် ဆောလျင်စွာ ထုတ်ပြန်နိုင်ခဲ့ပြီး မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းဖြစ်စဉ်မှလွဲ၍ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ပါသည်။ ယခု ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ကော်မရှင်အနေဖြင့် ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလကအတိုင်း ဆောင်ရွက်ရန်ကြိုးစားခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲအချိန်စာရင်းကို အစိတ်အပိုင်းတစ်ခုချင်းစီအလိုက်သာ သီးခြားထုတ်ပြန်ခဲ့သောကြောင့် အရပ်ဘက်စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကြိုတင်မဲပေးခြင်းကဲ့သို့သော ဖြစ်စဉ်များကို စနစ်တကျ စောင့်ကြည့်လေ့လာနိုင်ခဲ့ခြင်း မရှိချေ။

ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက်လုံးတွင် မည်သည့်ပြဿနာမှ ကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း မရှိဘဲ တည်ငြိမ်အေးချမ်းသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စဉ်ဆိုသည်မှာ ဥပဒေမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စီမံခန့်ခွဲမှုများတွင် တည်ငြိမ်မှုရှိရုံနှင့် မလုံလောက်ချေ။ ရွေးကောက်ပွဲဖြစ်စဉ်အတွင်း ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှုနှင့် တာဝန်ခံနိုင်မှုရှိရန် လိုအပ်ပြီး ယင်းအချက်များနှင့် ပြည့်စုံမှုသာ နိုင်ငံသားများ၊ နိုင်ငံရေးပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြသူ ကိုယ်စားလှယ်လောင်းများက ထိုဖြစ်စဉ်ကြီးတစ်ခုလုံးကို ယုံကြည်မှုရှိလာမည်ဖြစ်သည်။ လက်ရှိဥပဒေမူဘောင်အရ နိုင်ငံသားများကို ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့် ပတ်သက်ပြီး အာမခံချက်မပေးထားချေ။ ထို့အပြင် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်နှင့် ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသည့် သန်းနှင့်ချီသော မြန်မာရွှေ့ပြောင်းလုပ်သားများမှာ ယခင်ရွေးကောက်ပွဲများတွင် မဲပေးခွင့်မရခဲ့ချေ။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲအကြိုကာလ လူထုသဘောထားအမြင်စစ်တမ်း

နိုင်ငံရေးပါတီအများစုက တွက်ဆထားသကဲ့သို့ပင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ယခင် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်မှုများ ပိုမိုကြီးမားနိုင်သည့်အတွက် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအနေဖြင့် ယခုထက်ပိုမိုရှင်းလင်းလွယ်ကူရန် လိုအပ်ပြီး နိုင်ငံရေးပါတီများအကြား သဘောတူညီမှုရရှိရန်အရေးကြီးပါသည်။ ဥပမာအားဖြင့် နိုင်ငံသားများ၏ စောင့်ကြည့်လေ့လာခွင့်ကို ဥပဒေအရ အကာအကွယ်ပေးမှုမရှိခြင်း၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ရန်ပုံငွေနှင့် ပတ်သက်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲရလဒ်များပြုစုခြင်း၊ မဲရလဒ်များ ကြေညာခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု စသည်တို့ကို ပြန်လည်သုံးသပ်ကာ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး တစ်နှစ်အတွင်း အပြီးပြင်ဆင်ရန် လိုအပ်ပါသည်။

၄။ ရွေးကောက်ပွဲအကြိုကာလ လူထုသဘောထားအမြင်စစ်တမ်း

နိုင်ငံသားများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ သိရှိမှုအတိုင်းအတာ၊ မဲပေးလို စိတ်နှင့် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိ/မရှိ စသည်တို့ကို သိရှိနိုင်ရန်အတွက် PACE အဖွဲ့မှ စစ်တမ်းကောက်ယူသူ ၁၂၂ ဦးကို ဇွန်လ ၂၉-၃၀ ရက်တို့တွင် နမူနာရွေးထုတ်ထားသည့် ရပ်ကွက်နှင့် ကျေးရွာ ၁၂၂ ခုသို့ စစ်တမ်းကောက်ယူရန် စေလွှတ်ခဲ့ပါသည်။

၄.၁။ ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီးသိရှိမှု

ရွေးကောက်ပွဲနေ့တွင် လာရောက်မဲပေးသည့် မဲဆန္ဒရှင်အရေအတွက် မြင့်မားရေးသည် ဒီမိုကရေစီ ရွေးကောက်ပွဲများအတွက် အဓိကစိန်ခေါ်မှုတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် နိုဝင်ဘာလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ လစ်လပ်မဲဆန္ဒနယ်မြေ ၁၂၃ (မန္တလေးတိုင်းဒေသကြီးရှိ ရှမ်းတိုင်းရင်းသားမဲဆန္ဒနယ်ကို စစ်တမ်းကောက်ယူမှုတွင် ထည့်သွင်းခြင်းမရှိ) တွင် နိုင်ငံသားများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကိုသိရှိမှုနှင့် ပါဝင် ဆောင်ရွက်လိုမှုအတိုင်းအတာတို့ကို လေ့လာဆန်းစစ်နိုင်ရန် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

PACE အဖွဲ့ စစ်တမ်းကောက်ယူသူများက လာမည့်နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ကို သိပါသလားဟု မေးမြန်းရာတွင် ထိုဒေသရှိ နိုင်ငံသားများ၏တစ်ဝက်ခန့် (၄၈%) ကသာ သိရှိပါသည်ဟု ဖြေဆိုပါသည်။ မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက မြို့ပြတွင် နေထိုင်သူများ(၅၅%) က ကျေးလက်တွင် နေထိုင်သူများ (၄၁%) ထက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို ပိုမိုသိရှိကြပါသည်။ အမျိုးသားနှင့် အမျိုးသမီးတွင် အမျိုးသားထက်ဝက်ကျော်(၅၆%) က ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကိုသိရှိပြီး အမျိုးသမီးများ၏ ၃၉% ကသာ သိရှိကြသည်။ အသက်အရွယ်အပိုင်းအခြားအလိုက် နှိုင်းယှဉ်ရာတွင် အသက် ၃၅ နှစ် အထက်ရှိသူများ (၅၂%)က အသက် ၁၈-၃၅ နှစ်ကြား လူငယ်များ (၃၈%) ထက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ကို ပိုမိုသိရှိကြပါသည် (ပုံ-၁)။



ပုံ-၁။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကိုသိရှိမှုအတိုင်းအတာ[၆]

[၆]လာမယ့် နိုဝင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှာကို သိပါသလား။



ပုံ-၂။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို သိရှိမှု (၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်နှိုင်းယှဉ်မှု)

၄.၂။ ၂၀၁၅ မဲဆန္ဒရှင်စာရင်းအပေါ်သဘောထားအမြင်

PACE အဖွဲ့ စစ်တမ်းကောက်ယူသူများက ဖြေဆိုသူများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၏ မဲဆန္ဒရှင် စာရင်းတွင် ၎င်းတို့၏ အမည်များပါဝင်သလားဟု မေးမြန်းရာ နိုင်ငံသားများ၏ ၈၀% က ပါဝင်ပါသည်ဟု ဖြေဆိုကြပါသည်။ သို့သော် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းတွင် အမည် မပါဝင်ပါဟု ဖြေဆိုသူများ၏ အများစု (၈၃%) က မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်လာစေရန်ဆောင်ရွက်ခဲ့ခြင်းမရှိဟု ဖြေဆိုပါသည်။ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်လာစေရန် မဆောင်ရွက်သည့် အဓိက အကြောင်းအရင်းများကို ဆက်လက်မေးမြန်းရာ ၂၈% က မအားလပ်သောကြောင့် သို့မဟုတ် စိတ်မဝင်စားသောကြောင့်ဟု ဖြေဆိုပြီး ၁၆% က လုပ်ထုံးလုပ်နည်းများကို နားမလည်သောကြောင့်၊ ၁၅% က ၂၀၁၅ တွင် အသက် ၁၈ နှစ် မပြည့်သောကြောင့်၊ ၁၂% က နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိသောကြောင့် သို့မဟုတ် အိမ်ထောင်စုစာရင်းမရှိသောကြောင့်၊ ၅% က ယာယီ နေထိုင်သူများဖြစ်သောကြောင့် နှင့် ၃% က တာဝန်ရှိသူများက လက်မခံသောကြောင့် စသည်တို့ ဖြစ်ကြပါသည်။

၄.၃။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့်ပတ်သက်ပြီး သိရှိမှု၊ နှီးဆော်တိုက်တွန်းမှုနှင့် နိုင်ငံသားများ၏ ပါဝင်လိုမှု

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းကြေညာပြသမှုကို လူအနည်းငယ်ကသာ မဲဆန္ဒရှင်စာရင်းကြေညာပြသထားသည့် ကော်မရှင်အဖွဲ့ခွဲရုံးများသို့သွားရောက်ပြီး ၎င်းတို့၏ မဲဆန္ဒရှင်စာရင်းပါအချက်အလက်များနှင့် ပတ်သက်ပြီး ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ကြသည်ကို ယခင်စောင့်ကြည့်လေ့လာမှုများအရ တွေ့ရှိရပါသည်[၇]။ ထို့ကြောင့် PACE အဖွဲ့အနေဖြင့် နိုဝင်ဘာလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့် ပတ်သက်ပြီး နိုင်ငံသားများ၏သိရှိမှုကို တိုင်းတာနိုင်ရန် လေ့လာမှုများ ပြုလုပ်ခဲ့သည်။

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက *" ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လမှာ မဲစာရင်း ကြေညာပြသမှုပြုလုပ်ဖို့ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကြားမိပါသလား"* ဟုမေးမြန်းရာတွင် နိုင်ငံသားများ၏ သုံးပုံတစ်ပုံခန့် (၃၃%) ကသာ ကြားမိပါသည်ဟု ဖြေဆိုခဲ့ပြီး ဖြေဆိုသူတစ်ဝက်ကျော် (၆၀%) က မကြားမိပါဟု ဖြေဆိုခဲ့ပါသည်။ မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက မြို့ပြတွင် နေထိုင်သူများ(၃၇%) က ကျေးလက်တွင် နေထိုင်သူများ (၂၉%) ထက် မဲဆန္ဒရှင်စာရင်းကြေညာပြသမည်ကို ပိုမိုသိရှိကြပါသည်။ အမျိုးသားနှင့် အမျိုးသမီးတွင် အမျိုးသားများ (၃၆%) က အမျိုးသမီးများ (၂၉%)ထက် မဲဆန္ဒရှင်စာရင်း ကြေညာပြသမည်ကို ပိုမိုသိရှိကြပါသည်။ အသက်အပိုင်းအခြားအလိုက်နှိုင်းယှဉ်မှုတွင် လူငယ်များ(၁၈-၃၅ နှစ်)၏ ၂၆% ကသာ မဲဆန္ဒရှင်စာရင်းကြေညာပြသမည်ကိုကြားသိပြီး လူကြီးများ (၃၅နှစ်အထက်)၏ ၃၆%က ကြားသိပါသည်ဟု ဖြေဆိုကြပါသည်။ (ပုံ-၃)

[၇] ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု အစီရင်ခံစာ၊ ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ။



ပုံ-၃။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုကိုကြားသိမှု [၅]

[၅] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **ဧရိုင်လမှာ** မဲစာရင်းကြေညာပြသမှု ပြုလုပ်မယ်ဆိုတာကို ကြားမိပါသလား။



ပုံ-၄။ မဲဆန္ဒရှင်စာရင်းကြေညာပြမည်ကို ကြားသိမှု (၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်နှိုင်းယှဉ်မှု)

၄.၄။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဆိုင်ရာ အသိပညာပေးလုပ်ငန်း

မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့် ပတ်သက်ပြီး PACE အဖွဲ့စစ်တမ်းကောက်ယူသူများက လစ်လပ်မဲဆန္ဒနယ် ၁၂ ခုရှိ နိုင်ငံသားများကို ၎င်းတို့၏ ဒေသတွင် မဲဆန္ဒရှင်စာရင်းသွားရောက် ကြည့်ရှုစစ်ဆေးရန် လိုက်လံနှိုးဆော်နေကြသည့် အဖွဲ့အစည်းများရှိ/မရှိ မေးမြန်းရာ နိုင်ငံသားများ၏ တစ်ဝက်နီးပါး (၄၄%) က မည်သူမှ နှိုးဆော်တိုက်တွန်းခြင်းမရှိပါဟု ဖြေဆိုကြပါသည်။ သို့သော် နိုင်ငံသားများ၏ ၁၈% က ဒေသအာဏာပိုင်များက တိုက်တွန်းနှိုးဆော်မှုပြုလုပ်သည်ဟု ဖြေဆိုပြီး ၁၄ % ကမူ ရွေးကောက်ပွဲကော်မရှင်က ပြုလုပ်သည်ဟု ဖြေဆိုပါသည်။

ဆက်လက်၍ PACE အဖွဲ့စစ်တမ်းကောက်ယူသူများက မည်သည့်နေရာတွင်မဲဆန္ဒရှင်စာရင်းသွားရောက် ကြည့်ရှုရမည်ကို သိပါသလားဟု မေးမြန်းရာ နိုင်ငံသားများ၏ ထက်ဝက်ကျော် (၅၉%) က သိရှိပါသည်ဟု ဖြေဆိုပြီး ကျန် ၄၁% က မည်သည့်နေရာတွင် သွားရောက်ကြည့်ရှုရမည်ကို မသိပါဟုဖြေဆိုပါသည်။ မြို့ပြနှင့် ကျေးလက်တွင် မြို့ပြတွင်နေထိုင်သူများ (၆၅%) က ကျေးလက်တွင် နေထိုင်သူများ (၅၂%) ထက် မဲဆန္ဒရှင်စာရင်း မည်သည့်နေရာတွင် ကြေညာပြသမည်ကို ပိုမို သိရှိကြပါသည်။ အမျိုးသားနှင့်အမျိုးသမီးတွင် အမျိုးသားများ (၆၃%) က အမျိုးသမီးများ (၅၃%) ထက် မည်သည့်နေရာတွင် မဲဆန္ဒရှင်စာရင်း ကြေညာပြသမည်ကို ပိုမို သိရှိကြပါသည် (ပုံ-၅)။



ပုံ-၅။ မဲဆန္ဒရှင်စာရင်းကြေညာပြသမည့်နေရာကို သိရှိမှုအတိုင်းအတာ[၉]

[၉] မဲစာရင်း **ဘယ်နေရာ**မှာ သွားရောက်ကြည့်ရှုရမယ် ဆိုတာကို သိပါသလား။

ထို့နောက် မဲဆန္ဒရှင်စာရင်းကြေညာပြသချိန်တွင် မဲဆန္ဒရှင်စာရင်းပါအချက်အလက်များကို သွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိပါသလားဟု မေးမြန်းရာ နိုင်ငံသားများ၏ သုံးပုံနှစ်ပုံနီးပါး (၆၃%) က သွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိပါသည်ဟုတုံ့ပြန်ကြပါသည်။ မြို့ပြတွင် နေထိုင်သူ (၆၃%) နှင့် ကျေးလက်တွင် နေထိုင်သူ (၆၃%)၊ အသက် ၁၈-၃၅ နှစ်ရှိသူ (၆၂%) နှင့် အသက် ၃၅ နှစ်အထက်ရှိသူ (၆၄%) တို့အကြား မဲဆန္ဒရှင်စာရင်း သွားရောက်ကြည့်ရှုစစ်ဆေးမည်ဟု ဖြေဆိုသည့်ရာခိုင်နှုန်း ကွာခြားမှုမရှိသော်လည်း အမျိုးသားများ(၆၉%) က အမျိုးသမီးများ (၅၇%) ထက် မဲဆန္ဒရှင်စာရင်း သွားရောက်ကြည့်ရှု စစ်ဆေးရန် အစီအစဉ်ရှိသည်ဟု တုံ့ပြန်ဖြေဆိုမှု ပိုမိုများပြားသည်ကို တွေ့ရပါသည် (ပုံ-၆)။



ပုံ-၆။ မဲဆန္ဒရှင်စာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်ရှိမှု အတိုင်းအတာ[၁၀]

[၁၀] အဲဒီကြေညာပြသမည့် မဲစာရင်းကို သွားရောက် ကြည့်ရှုစစ်ဆေးဖို့ အစီအစဉ်ရှိပါသလား။

မဲဆန္ဒရှင်စာရင်း သွားရောက်ကြည့်ရှုစစ်ဆေးရန် အစီအစဉ်မရှိပါဟု တုံ့ပြန်ဖြေဆိုသူများကို မည်သည့် အကြောင်းပြချက်ကြောင့် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းမပြုလုပ်ရန် ဆုံးဖြတ်သည်ကို မေးမြန်းရာ စိတ်ပါဝင်စားမှုမရှိခြင်း (အလုပ်မအားလပ်ပါ-၃၄% နှင့် စိတ်မဝင်စားပါ-၂၅%) က အဓိကအကြောင်းအရင်းဖြစ်သည်ကို တွေ့ရပါသည်(ပုံ-၇)။



ပုံ-၇။ မဲဆန္ဒရှင်စာရင်းသွားရောက်ကြည့်ရှုစစ်ဆေးရန် မလိုသည့်အကြောင်းအရင်း [၁၁]

[၁၁] ဘာဖြစ်လို့ မဲစာရင်းသွားမကြည့်ရတာလဲ ဆိုတာကို ပြောပြပေးလို့ ရမလား။

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက မဲဆန္ဒရှင်စာရင်းပါအချက်အလက်များကို မဲဆန္ဒရှင်စာရင်း ကြည်ညာပြသရာနေရာတွင် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနည်းလမ်းအပြင် အခြားအသုံးဝင်သော နည်းလမ်းရှိပါက ပြောပြပေးပါဟု မေးမြန်းရာ ၂၁ % က Facebook/Messenger၊ ၁၃ % က SMS၊ ၆ % က Online/Website နှင့် ၄ % က မိုလ်ဘိုင်းအက်ပ်ဟု ဖြေဆိုကြပါသည်။ လူအများစု (၄၁ %) ကမူ အခြားအသုံးဝင်သည့် နည်းလမ်းမရှိပါဟုဖြေဆိုကြပါသည် (ပုံ-၈)။



ပုံ-၈။ မဲဆန္ဒရှင်စာရင်းပါအချက်အလက်များကို ကြည့်ရှုစစ်ဆေးနိုင်မည့် အခြားနည်းလမ်းများ[၁၂]

၄.၅။ အိမ်ထောင်စုစာရင်း

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက ဖြေဆိုသူများ၏ အိမ်ထောင်စုစာရင်းနှင့်ပတ်သက်၍ အိမ်ထောင်စု စာရင်းပါ လိပ်စာသည် တွေ့ဆုံမေးမြန်းခဲ့သည့်နေရာနှင့် တူညီမှု ရှိ/မရှိ မေးမြန်းရာ ၈၇% က တူညီပါသည်ဟု ဖြေဆိုပါသည်။ အိမ်ထောင်စုစာရင်းလိပ်စာ ပြောင်းလဲမှုမလုပ်ရသည့်

[၁၂] မဲစာရင်းကြေညာပြသတဲ့အချိန်မှာ သွားရောက်ကြည့်ရှုစစ်ဆေးတဲ့နည်းလမ်းအပြင် အခုဖတ်ပြမယ့်နည်းလမ်းတွေထဲက ဘယ်နည်းလမ်းတွေဟာ [သင့်] အတွက် အသုံးဝင်မလဲဆိုတာ ပြောပြပေးပါ။

အဓိကအကြောင်းအရင်းနှင့် ပတ်သက်၍ မေးမြန်းရာ အဓိကအားဖြင့် ယာယီနေထိုင်သူ သို့မဟုတ် အိမ်ငှားဖြစ်သောကြောင့် (၄၄%)၊ အိမ်ထောင်စု စာရင်းမရှိသောကြောင့် (၂၃%)၊ စိတ်မဝင်စားသောကြောင့် (၁၄%)နှင့် လုပ်ထုံးလုပ်နည်းများရှုပ်ထွေးသောကြောင့် (၁၁%) ဟု ဖြေဆိုကြပါသည်။ ထို့ပြင် အိမ်ထောင်စုစာရင်းပါလိပ်စာနှင့် လက်ရှိနေရပ်လိပ်စာ မတူညီသူအများစု (၈၂%) က ယခုနေရပ်လိပ်စာတွင်နေထိုင်သည်မှာ အနည်းဆုံးခြောက်လရှိသည်ဟု ဖြေဆိုပြီး ယင်းကာလမှာ ရွေးကောက်ပွဲဥပဒေအရ လက်ရှိနေထိုင်နေသောနေရာတွင် မဲပေးခွင့်ရပြီဖြစ်ပါသည်။ သို့သော် ဖြေဆိုသူများ၏ ထက်ဝက်ခန့် (၅၁%) ကသာ ၎င်းတို့တွင် ထိုကဲ့သို့ မဲပေးနိုင်သည့်အခွင့်အရေးရှိသည်ကို သိရှိကြပါသည်။

၄.၆။ ကြားဖြတ်ရွေးကောက်ပွဲအပေါ် သဘောထားအမြင်နှင့် မဲပေးလိုစိတ်

PACE အဖွဲ့စစ်တမ်းကောက်ယူသူများက *"လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ သင့်ရဲ့ အစိုးရိမ်ဆုံးအရာတွေ ကဘာလဲ"* ဟု မေးမြန်းရာတွင် နိုင်ငံသားအများစု (၇၈%) က ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာမရှိဟု ဖြေဆိုပါသည် (ပုံ-၉)။

နိုင်ငံသားအများစုက ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ မည်သည့်စိုးရိမ်ပူပန်မှုမှ မရှိကြပါ (လစ်လပ်မဲဆန္ဒနယ် ၁၂ ခုလုံး)



ပုံ-၉။ ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိုးရိမ်ပူပန်မှု [၁၃]

[၁၃] လာမယ့်ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဘာတွေကိုစိုးရိမ်ပူပန်ပါသလဲ။

ထို့နောက် PACE အဖွဲ့ စစ်တမ်းကောက်ယူသူများက လာမည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းရာ နိုင်ငံသားများ၏ ၈၃% က မဲပေးရန်အစီအစဉ်ရှိပါသည်ဟု ဖြေဆိုကြပါသည်။ မြို့ပြတွင်နေထိုင်သူများ(၈၀%)နှင့် ကျေးလက်တွင်နေထိုင်သူများ (၈၅%)၊ အမျိုးသားများ (၈၆%) နှင့် အမျိုးသမီးများ(၇၉%)၊ အသက် ၁၈-၃၅ နှစ်ကြား (၈၂%)နှင့် အသက် ၃၅ နှစ်အထက် (၈၄%) ရှိသူတို့အကြား မဲပေးလိုစိတ်တို့မှာ ကြီးမားသော ကွာခြားချက် မရှိသည်ကို တွေ့ရှိရပါသည် (ပုံ-၁၀)။



ပုံ-၁၀။ မဲပေးလိုစိတ်အတိုင်းအတာ [၁၄]

[၁၄] လာမယ့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ တချို့သူတွေက မဲပေးဖို့ အစီအစဉ်ရှိကြတယ်၊ တချို့သူတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် မဲပေးဖို့အစီအစဉ်မရှိကြပါဘူး။ သင့်အနေနဲ့ရော မဲပေးဖို့ အစီအစဉ်ရှိပါသလား။

မဲပေးရန်အစီအစဉ်ရှိသည်ဟု ဖြေဆိုတုံ့ပြန်သူများကို မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများကို ဆက်လက်မေးမြန်းရာ သုံးပုံတစ်ပုံခန့် (၃၅%) က နိုင်ငံသား၏ တာဝန်ဖြစ်သောကြောင့်ဟု ဖြေဆိုပြီး ၁၆% က ဒေသဖွံ့ဖြိုးတိုးတက်လိုသောကြောင့်နှင့် ၁၆% က ကျွန်တော်/ ကျွန်မ ကြိုက်နှစ်သက်သောနိုင်ငံရေးပါတီ တစ်ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးကို ထောက်ခံလိုသောကြောင့်/ ရွေးချယ်လိုသောကြောင့်နှင့် ၁၅% က အပြောင်းအလဲဖြစ်ချင်သောကြောင့်ဟု စသည်ဖြင့် ဖြေဆိုကြပါသည် (ပုံ-၁၁)။



ပုံ-၁၁။ မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများ (လစ်လပ်မဲဆန္ဒနယ် ၁၂ ခုလုံး)[၁၅]

[၁၅] ဘာကြောင့် မဲသွားပေးမယ်ဆိုတာကို ပြောပြပေးပါ။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

မဲဆန္ဒရှင်စာရင်း ကြည်ဖြူသည်ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း



ပုံ-၁၂။ မဲပေးရခြင်း၏ အဓိကအကြောင်းအရင်းများ (ကျား-မ နှိုင်းယှဉ်မှု)

၅။ မဲဆန္ဒရှင်စာရင်းကြည်ပြသသည့်ဖြစ်စဉ်စောင့်ကြည့်လေ့လာခြင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်း ကြည်ပြသမှုကို နှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ ပထမအကြိမ် ကြည်ပြသမှုကို ဇူလိုင်လ ၉ ရက်မှ ၂၁ ရက် အထိ ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ကြည်ပြသမှုကို အောက်တိုဘာလ ၁ ရက်မှ ၁၄ ရက်အထိ ပြုလုပ်ခဲ့ပါ သည်။ PACE နှင့် ဖန်တီးအိမ်အဖွဲ့အနေဖြင့် ဇူလိုင်လတွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်မဲဆန္ဒရှင် စာရင်းကြည်ပြသမှုကိုသာ စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကြည်ပြသမှုကို စောင့်ကြည့်လေ့လာမှု မပြုလုပ်ခဲ့ပါ။

PACE အဖွဲ့ စစ်တမ်းကောက်ယူသူ ၁၂၁ ဦးက စောင့်ကြည့်လေ့လာခဲ့သည့် လစ်လပ်မဲဆန္ဒနယ် ၁၂၃ ရှိ မဲဆန္ဒရှင် စာရင်းကြည်ပြသရာ နေရာပေါင်း ၁၂၁ ခုတို့တွင် စောင့်ကြည့်လေ့လာမှုများကို ဇူလိုင်လ ၉ ရက် မှ ၁၀ ရက် အထိ (၂ ရက်တာ) ပြုလုပ်ခဲ့ကြပါသည်။

၅.၁။ မဲဆန္ဒရှင်အသိပညာပေးခြင်း

PACE နှင့် ဖန်တီးအိမ်အဖွဲ့မှ စောင့်ကြည့်လေ့လာသူများသည် မဲဆန္ဒရှင်စာရင်းကြည်ပြသရာ နေရာများ၏ အနီးတစ်ဝိုက်ကို စောင့်ကြည့်လေ့လာရာတွင် နေရာအများစု၌ မဲဆန္ဒရှင်အသိပညာပေးမှုနှင့်ပတ်သက်သည့် မည်သည့်ပစ္စည်းမှ မရှိကြသည်ကို တွေ့ရပါသည်။ အများဆုံးတွေ့ရသည့် ပစ္စည်းအများစုမှာ ပိုစတာများ ဖြစ်ကြပါသည်။ ထို့အတူပင် နေရာအများစုတွင် ရွေးကောက်ပွဲကော်မရှင်မှလွဲ၍ မည်သည့်အဖွဲ့အစည်းကမှ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတွေ့ရချေ။ အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကို နေရာအနည်းငယ်တွင်သာ တွေ့ရပါသည်။ စောင့်ကြည့်လေ့လာသူများအနေဖြင့် မဲဆန္ဒရှင်စာရင်း ကြည်ပြသရာ နေရာအနီးတစ်ဝိုက်ကိုသာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြသဖြင့် မဲဆန္ဒရှင် အသိပညာပေးခြင်း ဆိုင်ရာ သင်တန်းများနှင့် အစည်းအဝေးများသည် အခြားနေရာများတွင် ဆောင်ရွက်ကောင်း ဆောင်ရွက်နေနိုင်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။

- မဲဆန္ဒရှင်စာရင်းကြည်ပြသရာနေရာအများစု (၈၀%) တွင် မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် သက်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမှ မတွေ့ရချေ။ သို့သော် နေရာများ၏ ၁၀% တွင် ပိုစတာများ၊ ၈% တွင် လော်စပီကာဖြင့် လိုက်လံဆော်သြမှုများ ၊ ၃% တွင် လက်ကမ်းစာစောင်များနှင့် ၂% တွင် အခြားအသိပညာပေးဆိုင်ရာ ပစ္စည်းများကို တွေ့ရပါသည်။
- မဲဆန္ဒရှင်စာရင်းကြည်ပြသရာနေရာအများစု (၈၆%) တွင် မည်သည့်အဖွဲ့အစည်း/ပုဂ္ဂိုလ်ကမှ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို မတွေ့ရချေ။ အဓိကအားဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ [၃] များကသာ ဆောင်ရွက်နေသည်ကို နေရာအချို့ (၁၄%) တွင်တွေ့ရပြီး နေရာများ၏ ၂% တွင် အရပ်ဘက် အဖွဲ့အစည်းများက ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

၅.၂။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဆိုင်ရာ စီမံခန့်ခွဲမှု

မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဆိုင်ရာလုပ်ငန်းစဉ်များ၏ စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သိရှိနိုင်ရန်အတွက် ကြေညာပြသရာနေရာများ၏ အခင်းအကျင်း၊ လိုအပ်သော ပစ္စည်းများ ရှိ/မရှိ၊ ဖွင့်လှစ်ချိန်၊ မဲဆန္ဒရှင်များဆောင်ရွက်လိုသော ပြောင်းလဲမှုများကို တာဝန်ရှိသူများက လက်ခံပြုမူဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိကို PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

- ကြေညာပြသရာနေရာတော်တော်များများ (၈၆%) သည် သတ်မှတ်ထားသည့်နေ့ (ဇူလိုင်လ ၉ ရက်) တွင် စတင်ကြေညာပြသခဲ့ပြီး ကျန် ၁၄% ကမူ ၁၀ ရက်နေ့မှ စတင်ကြေညာပြသခဲ့သည်ကို တွေ့ရပါသည်။
- ရွေးကောက်ပွဲဥပဒေမူဘောင်အရ မဲဆန္ဒရှင်တစ်ဦးသည် လက်ရှိနေရာတွင် ရက်ပေါင်း ၁၈၀ နှင့်အထက် ယာယီနေထိုင်သူဖြစ်ပါက ထိုနေရာတွင် မဲပေးခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသူများကို မည်သို့တွက်ချက်သနည်းဟု မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာများရှိ တာဝန်ရှိသူများကို မေးမြန်းရာ ကော်မရှင် အဖွဲ့ခွဲများ၏ ၂၁% က ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် (နိုဝင်ဘာလ ၃ ရက်) နေ့တွင် ရက်ပေါင်း ၁၈၀ ပြည့်သူဟုဖြေဆိုပါသည်။ ၁၂% က ရွေးကောက်ပွဲနေ့ကြေညာချိန် (မေလ ၁၈) တွင် ရက်ပေါင်း ၁၈၀ ပြည့်ပြီးသူများ၊ ၁၆% က ပထမအကြိမ်မဲဆန္ဒရှင်စာရင်း ကြေညာပြသချိန်ဟု ဖြေဆိုကြပါသည်။ ကော်မရှင်အဖွဲ့ခွဲများ၏ သုံးပုံတစ်ပုံနီးပါး (၂၉%) ကမူ ယာယီနေထိုင်သူ မည်သူ့ကိုမှ မဲဆန္ဒရှင်စာရင်းတွင် မထည့်ပါဟု ဖြေဆိုကြပါသည်။ ထိုကဲ့သို့ တွက်ချက်မှုပုံစံ တစ်သမတ်တည်းမဖြစ်ခြင်းက နိုင်ငံသားများ၏ မဲပေးပိုင်ခွင့်ကို ဆုံးရှုံးစေနိုင်သည့်အပြင် ဥပဒေရှေ့မှောက်တွင် နိုင်ငံသားအားလုံး တန်းတူညီမျှခွင့်ရှိရမည် ဆိုသည့်စံနှုန်းကိုပါ ထိခိုက်စေပါသည်။

- မဲဆန္ဒရှင်စာရင်းကြေညာပြသသည့်နေရာအများစု (၈၉%) တွင် လိုအပ်သည့် စာရွက်စာတမ်းများ ပြည့်စုံမှုရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း ကြေညာပြသရာနေရာများ၏ ၆% တွင် ပုံစံ ၄၊ ၆% တွင် ပုံစံ ၄-ဂ၊ ၇% တွင် ပုံစံ ၃၊ ၁၀% တွင် ပုံစံ ၃-က၊ ၁၀% တွင် ပုံစံ ၄-က နှင့် ၁၁% တွင် ပုံစံ ၄-ခ များ လိုအပ်နေသည်ကို တွေ့ရပါသည်။
- ကြေညာပြသရာနေရာများ၏ ၈၆% သည် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အပါအဝင် မဲဆန္ဒရှင်များအားလုံး အလွယ်တကူ ကြည့်ရှုနိုင်ရန်အတွက် ပြင်ဆင်ခင်းကျင်းထားပါသည်။

၅.၃။ အချက်အလက်များရှာဖွေရာတွင် လွယ်ကူမှု၊ စောင့်ကြည့်လေ့လာခွင့်နှင့် နိုင်ငံရေးပါတီများ၏ ပါဝင်မှု

- ကြေညာပြသရာနေရာများအားလုံးနီးပါး (၉၄%) တွင်တာဝန်ရှိသူများ ရှိနေကြပြီး အဆိုပါနေရာများအားလုံးနီးပါးတွင် တာဝန်ရှိသူများက မဲဆန္ဒရှင်များကို တန်းတူညီမျှ ကူညီဆောင်ရွက်ပေးကြပါသည်။
- ဆက်လက်၍ မဲဆန္ဒရှင်စာရင်းတွင်အမည်ရှာဖွေမှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူသူများ၏ သုံးပုံတစ်ပုံ (၃၂%) က လွယ်ကူသည်ဟု သတ်မှတ်ပြီး ၂၆% က ခက်ခဲသည်ဟု သတ်မှတ်ပါသည်။
- ကြေညာပြသရာနေရာအားလုံးတွင် PACE အဖွဲ့က အပြည့်အဝ စောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ပြီး မဲဆန္ဒရှင်အချက်အလက်များရှာဖွေရာတွင်လည်း မည်သည့်တားမြစ်ချက်မှ မရှိခဲ့ပါ။
- မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာအားလုံးတွင် အချက်အလက်များ ကြည့်ရှုစစ်ဆေးခြင်း၊ ပြင်ဆင်ရန်တောင်းဆိုခြင်းနှင့် ကြေညာပြသခြင်းတို့နှင့်ပတ်သက်၍ မည်သည့်နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုများကိုမှ မတွေ့ရပါ။
- မဲဆန္ဒရှင်စာရင်းကြေညာပြသရာ နေရာအားလုံးတွင် မည်သည့် နိုင်ငံရေးပါတီ/ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များကိုမှ မတွေ့ရချေ။

၆။ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက် (စနေနေ့)တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး လုပ်ငန်းစဉ်များ၊ တရားဝင်တိုင်တန်းမှုများနှင့် မဲဆွယ်စည်းရုံးမှုပြုလုပ်ရာတွင် ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိကို သိရှိလေ့လာနိုင်ရန်အတွက် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က ကာလရှည် စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို မဲဆန္ဒနယ် ၁၂ ခုသို့ စက်တင်ဘာလ ၃ ရက်မှ စတင်ကာ စေလွှတ် စောင့်ကြည့်လေ့လာစေခဲ့ပါသည်။

ယခုတွေ့ရှိချက်များသည် ကာလရှည်စောင့်ကြည့်လေ့လာသူများက ပြုလုပ်ခဲ့သည့် ကော်မရှင်အဖွဲ့ခွဲများအား အပတ်စဉ် တွေ့ဆုံမေးမြန်းမှုပေါင်း ၉၉ ခု အပါအဝင် ရွေးချယ်ခံကိုယ်စားလှယ်လောင်းများ သို့မဟုတ် ၎င်းတို့၏ တရားဝင်တာဝန်ပေးအပ်ထား သည့်ဝန်ထမ်းများအား အပတ်စဉ်တွေ့ဆုံမေးမြန်းမှု ၃၅၃ ခုမှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ သဘောထားအမြင်များနှင့် စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှုပေါင်း ၂၅၈ ခု နှင့် မဲဆန္ဒရှင်များနှင့် တွေ့ဆုံမေးမြန်းမှုပေါင်း ၅၂၀ ခု ၏ တွေ့ရှိချက်များပင် ဖြစ်သည်။ ယခုအချက်အလက်များတွင် ပါတီဌာနချုပ်၏ အမြင်နှင့် လှုပ်ရှားမှုများ၊ ပါတီထောက်ခံသူ (သို့) ပါတီဝင် မဟုတ်သူများ၏ အမြင်များကို

ထည့်သွင်းထားခြင်း မရှိပါ။ ထို့အပြင် တရားဝင် မဲဆွယ်စည်းရုံးရေးကာလ မတိုင်မီက ပါတီ (သို့) ကိုယ်စားလှယ်လောင်းက ပြုလုပ်ခဲ့သော လှုပ်ရှားမှုများကိုလည်း ထည့်သွင်းထားခြင်း မရှိပါ။

စောင့်ကြည့်လေ့လာခဲ့သည့် ရက်သတ္တပတ်တိုင်းတွင် ကာလရှည်စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ PACE နှင့် ဖန်တီးအိမ်အဖွဲ့မှ ကာလရှည်စောင့်ကြည့်လေ့လာသူများက စောင့်ကြည့်လေ့လာခဲ့သည့် စုဝေးဟောပြောပွဲများနှင့် ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းမှုများအရ စုဝေး ဟောပြောပွဲတွင် တိုင်းရင်းသားလူမျိုးအပေါ်အခြေခံပြီး ပုတ်ခတ်ပြောဆိုမှုနှင့်ပတ်သက်၍ ဖြစ်ရပ် တစ်ခုသာ တွေ့ရသည်ဟု သတင်းပို့ပြီး ပုဂ္ဂိုလ်ရေးအပေါ်အခြေခံသည့် ပုတ်ခတ်ပြောဆိုမှုများကိုမူ မတွေ့ရဟု ဆိုပါသည်။ ယင်းကိစ္စများနှင့် ပတ်သက်၍ တိုင်ကြားမှု ၂ ခု လက်ခံရရှိခဲ့သည်ဟု ကော်မရှင်အဖွဲ့ခွဲများက ဆိုပါသည်။ တိုင်ကြားမှုများမှာ NLD နှင့် USDP ပါတီများ၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ပိုစတာများဖျက်စီးခံရခြင်း၊ NLD ပါတီက သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံ ရုပ်ပုံများ သုံးစွဲကာ မဲဆွယ်စည်းရုံးခြင်း၊ ကျေးရွာခေါင်းဆောင်က ကိုယ်စားလှယ်လောင်းအပေါ် ပုတ်ခတ်ပြောဆိုခြင်းနှင့် အစိုးရပိုင် အရင်းအမြစ်များကို သုံးစွဲခြင်းတို့နှင့် ပတ်သက်၍ တိုင်ကြားခဲ့ခြင်းဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများပြုလုပ်ရာတွင် အဓိကအားဖြင့် စာရွက်စာတမ်းနှင့် ပစ္စည်းများ ဝေငှခြင်း (၆၆%)၊ စုဝေးဟောပြောပွဲများပြုလုပ်ခြင်း (၆၃%) နှင့် ပိုစတာများချိတ်ဆွဲခြင်း (၄၆%) စသည်တို့ကို ပြုလုပ်ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ကိုယ်စားလှယ်လောင်း ၄၃ ဦးအနက် ၃၃ ဦးက မဲဆွယ်စည်းရုံးရေးတာဝန်ခံများ ခန့်အပ်ထားသည်ဟု ဖြေဆိုကြပြီး ယင်းတို့အနက် ၂ ဦးကသာ အမျိုးသမီးများ ဖြစ်ကြပါသည်။ စုဝေးဟောပြောမှုများမှာ အဓိကအားဖြင့် အများပြည်သူဆိုင်ရာနေရာများဖြစ်သည့် စျေး၊ ပန်းခြံ စသည့်နေရာများနှင့် ပါတီရုံးနှင့် နေအိမ်များတွင် ကျင်းပပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဘာသာရေးနှင့် သက်ဆိုင်သည့် နေရာတွင်ပြုလုပ်သည့် စုဝေးဟောပြောမှုအချို့ရှိသည်ကိုလည်း တွေ့ရပါသည်။ အမျိုးသမီးများကို အဓိကထားသည့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို လစ်လပ်မဲဆန္ဒနယ် ၁၂ ခုအနက် ၄ ခု တွင်သာတွေ့ရပါသည်။

၆.၁။ မဲဆွယ်စည်းရုံးရေးမူဝါဒများ

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု၊ တိုင်းဒေသကြီး/ပြည်နယ် (သို့) တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ် ၃ ခုနှင့် အမျိုးသမီးများ၏ လူမှုဘဝ၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာမူဝါဒလုပ်ငန်းစဉ် ၃ ခု ကို မေးမြန်းခဲ့ရာ ဖြေဆိုသူ ကိုယ်စားလှယ်လောင်း ၄၃ ဦး၏ ဖြေဆိုမှုများအရ ဦစားပေးလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း တွေ့ရှိရသည်။ ကာလရှည်စောင့်ကြည့်လေ့လာသူများသည် အချက်အလက်များကို ပါတီအမျိုးအစား လေးမျိုးဖြစ်သည့် USDP ပါတီ၊ NLD ပါတီ၊ မဲဆန္ဒနယ်အတွင်းအခြားပါတီကြီးနှင့် ပါတီငယ် သို့မဟုတ် တစ်သီးပုဂ္ဂလ စသည်ဖြင့်ခွဲခြား၍ စုဆောင်းခဲ့ပါသည်။ မဲဆန္ဒနယ်အတွင်း အခြားပါတီကြီးအမျိုးအစားတွင် ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD)၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) စသဖြင့် ပါဝင်ပါသည်။

<u>၆.၁.၁ ။ မဲဆန္ဒနယ်အတွက် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များ</u>

ကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု ကို မေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးတွင် လယ်သမားအရေးကို ဦးစားပေး မူဝါဒလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ကြသည်။ အောက်ပါဇယားတွင် ပါတီအမျိုးအစားအလိုက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များကို အသေးစိတ်လေ့လာနိုင်ပါသည်။

USDP ပါတီ	NLD ပါတီ	အခြားပါတီကြီး	ပါတီဝင်/တစ်သီးပုဂ္ဂလ
▪ မဲဆန္ဒနယ်ဖွဲ့ဖြိုးရေး ▪ စားဝတ်နေရေး ▪ လယ်သမားအရေး ▪ ဒေသပြဿနာ/အခက်အခဲများဖြေရှင်းရေး ▪ တရားဥပဒေစိုးမိုးရေး ▪ လုံခြုံရေးနှင့် နယ်မြေအေးချမ်းရေး ▪ ပညာရေး ▪ အမျိုးသားရင်ကြားစေ့ရေး	▪ လယ်သမားအရေး ▪ ဒေသပြဿနာ/အခက်အခဲများဖြေရှင်းရေး ▪ ပညာရေး ▪ အလုပ်သမားအရေး ▪ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ▪ စားဝတ်နေရေး ▪ တရားဥပဒေစိုးမိုးရေး ▪ အမျိုးသားရင်ကြားစေ့ရေး ▪ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ▪ ငြိမ်းချမ်းရေး ▪ ဖက်ဒရယ်နှင့် ဒီမိုကရေစီ ▪ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး	▪ လယ်သမားအရေး ▪ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီ အရေး ▪ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ▪ ဒေသပြဿနာ/အခက်အခဲများ ဖြေရှင်းရေး ▪ အလုပ်သမားအရေး ▪ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ▪ စားဝတ်နေရေး ▪ ငြိမ်းချမ်းရေး ▪ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး ▪ မဲဆန္ဒနယ်ဖွဲ့ဖြိုးရေး ▪ ဒေသသယံဇာတစီးပွားရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဆိုင်ရာမူဝါဒ ▪ အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး	• လယ်သမားအရေး • ငြိမ်းချမ်းရေး • ဒေသဖွံ့ဖြိုးရေး • ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး • အလုပ်သမားအရေး • စားဝတ်နေရေး • အမျိုးသားပြန်လည်သင့်မြတ်ရေး

<u>၆.၁.၂။ ပြည်နယ်/တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ</u>

ဆက်လက်၍ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီးနှင့် တစ်နိုင်ငံလုံးအတွက် ဦးစားပေးမူဝါဒ လုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု ကိုမေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးမူဝါဒလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကြသည်။ အောက်ပါဇယားတွင်ပါတီအမျိုးအစားအလိုက် ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များကို အသေးစိတ် လေ့လာနိုင်ပါသည်။

USDP	NLD	အခြားပါတီကြီး	ပါတီငယ်/တစ်သီးပုဂ္ဂလ
▪ စားဝတ်နေရေး ▪ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ▪ တရားဥပဒေစိုးမိုးရေး ▪ လုံခြုံရေးနှင့် နယ်မြေအေးချမ်းရေး ▪ ပညာရေး ▪ အမျိုးဘာသာသာသနာအရေး ▪ အလုပ်အကိုင်အခွင့်အလမ်းများဖွံ့ဖြိုးတိုးတက်ရေး	▪ အလုပ်သမားအရေး ▪ ဒေသပြဿနာ/အခက်အခဲများဖြေရှင်းရေး ▪ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ▪ တရားဥပဒေစိုးမိုးရေး ▪ ငြိမ်းချမ်းရေး ▪ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး	▪ အလုပ်သမားအရေး ▪ လယ်သမားအရေး ▪ တရားဥပဒေစိုးမိုးရေး ▪ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး ▪ အမျိုးသားပြန်လည်သင့် မြတ်ရေး ▪ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ▪ ဌာနဆိုင်ရာယန္တရားများ ပြုပြင်ပြောင်းလဲရေး	▪ ဒေသပြဿနာ/အခက်အခဲများဖြေရှင်းရေး ▪ စားဝတ်နေရေး ▪ ငြိမ်းချမ်းရေး ▪ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီအရေး ▪ အမျိုးဘာသာသာသနာအရေး ▪ အမျိုးသမီးများတန်းတူအခွင့်အရေးရရှိရေး

၆.၁.၃။ အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ

ထို့အပြင်ကိုယ်စားလှယ်လောင်းအသီးသီးအား ၎င်းတို့၏ အမျိုးသမီးဆိုင်ရာ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များထဲမှ အဓိကလုပ်ငန်းစဉ် ၃ ခု ကိုမေးမြန်းခဲ့ရာတွင် ပါတီအမျိုးအစားလေးမျိုးလုံးက အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး နှင့် အမျိုးသမီးနှင့် ကလေးများလုံခြုံရေးကို ဦးစားပေးမူဝါဒလုပ်ငန်းစဉ်အဖြစ် အများဆုံး သတ်မှတ်ကြသည်။ အောက်ပါဇယားတွင် ပါတီ အမျိုးအစားအလိုက် ဦးစားပေးမူဝါလုပ်ငန်းစဉ်များကို အသေးစိတ်လေ့လာနိုင်ပါသည်။

USDP	NLD	အခြားပါတီကြီး	ပါတီငယ်/ တစ်သီးပုဂ္ဂလ
▪ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး ▪ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး ▪ အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး ▪ အမျိုးသမီးပါဝင်မှု မြှင့်တင်ရေး	▪ ပညာရေး ▪ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး ▪ အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးရေး ▪ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး ▪ အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး	▪ အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးရေး ▪ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး ▪ အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး ▪ အမျိုးသမီးပါဝင်မှု မြှင့်တင်ရေး ▪ အပစ်ပယ်ခံအမျိုးသမီးများဘဝ တိုးတက်ရေး	▪ အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးရေး ▪ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး ▪ အမျိုးသမီးနှင့် ကလေးများ လုံခြုံရေး ▪ အပစ်ပယ်ခံအမျိုးသမီးများဘဝ တိုးတက်ရေး

၆.၂ မဲဆွယ်စည်းရုံးမှုဆိုင်ရာ လှုပ်ရှားမှုများ

<u>၆.၂.၁။ မဲဆွယ်စည်းရုံးရေးတွင် ကိုယ်စားလှယ်လောင်းများက အသုံးပြုသည့် လူအင်အား</u>

မဲဆွယ်စည်းရုံးရေးတွင် လုပ်အားပေးလူအင်အားအသုံးပြုမှုနှင့် ပတ်သက်၍ PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ ကာလရှည်စောင့်ကြည့်လေ့လာသူများက လစ်လပ်မဲဆန္ဒနယ် ၁၂ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အခြားပါတီကြီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၄၃ ဦးကို ရက်သတ္တပတ် ၈ ပတ်တွင်း ၃၅၃ကြိမ်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မဲဆန္ဒနယ်များတွင် စောင့်ကြည့်လေ့လာသူအသီးသီးသည် အပတ်စဉ်တိုင်း၌ တူညီသော အခြားပါတီကြီးနှင့် ပါတီငယ် သို့မဟုတ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

- ဖြေဆိုသူကိုယ်စားလှယ်လောင်း ၄၃ ဦးအနက် ၃၃ ဦး (၇၇%) က မဲဆွယ်စည်းရုံးရေးအတွက် တာဝန်ခံ ခန့်အပ်ထားပါသည်ဟု ဖြေဆိုပြီး ၉ ဦး (၂၁%) က ခန့်အပ်ထားခြင်းမရှိဟုဖြေဆိုကာ ၁ ဦးက ဖြေဆိုရန် ငြင်းဆန်ပါသည်။
- ခန့်အပ်ထားသည့် မဲဆွယ်စည်းရုံးရေးတာဝန်ခံများအနက် ၃၁ ဦး (၉၄%) မှာ အမျိုးသားများဖြစ်ပြီး ၂ ဦး (၆%) ကသာ အမျိုးသမီးဖြစ်သည်ကို တွေ့ရပါသည်။
- မဲဆွယ်စည်းရုံးရေးတွင် အသုံးပြုခဲ့သည့် လုပ်အားပေးအရေအတွက်နှင့် ပတ်သက်၍ ကိုယ်စားလှယ်လောင်းများအသုံးပြုခဲ့သည့် အပတ်စဉ် လူအင်အားသုံးစွဲမှုမှာ USDP နှင့် NLD တို့က အခြားပါတီကြီးနှင့် ပါတီငယ်/တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများထက် ပိုမိုများပြားပါသည်။ မဲဆွယ်စည်းရုံးရေးကာလ တစ်လျှောက်လုံးတွင် လုပ်အားပေးလုံးဝ အသုံးမပြုသည့် ကိုယ်စားလှယ်လောင်းနှစ်ဦး (၅%) သာရှိပါသည်။ အပတ်စဉ် လုပ်အားပေးအသုံးပြုသည့် ကိုယ်စားလှယ်လောင်း ၁၇ဦး (၃၉%) ရှိပြီး ကိုယ်စားလှယ်လောင်း ၂၅ဦး (၅၇%) ကမူ လုပ်အားပေးများကို မဲဆွယ်စည်းရုံးရေးကာလအတွင်း အချို့သောအချိန်များတွင်သာ အသုံးပြုခဲ့သည်။

၆.၂.၂။ မဲဆွယ်စည်းရုံးရေး နည်းနာများ

အပတ်စဉ်တိုင်း၌ ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်း ၄၃ ဦးကို ပြီးခဲ့သော သီတင်းပတ်အတွင်း အသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးနည်းလမ်းများကို မေးမြန်းခဲ့သည်။ အောက်ပါအချက်အလက်များသည် သီတင်းပတ် ၈ ပတ်အတွင်း ကိုယ်စားလှယ်လောင်းများ အသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာနည်းနာများကို ခွဲခြားစိတ်ဖြာတွေ့ရှိချက်များ ဖြစ်ပါသည်။ ထိုအချက်အလက်များတွင် ပါတီဌာနချုပ်မှ ခေါင်းဆောင်များ၏ သီးခြားလှုပ်ရှားမှုများနှင့် ပါတီထောက်ခံသူများမှ ကမကထပြုလုပ်သည့် လှုပ်ရှားမှုများ မပါဝင်ပါ။

- ကိုယ်စားလှယ်လောင်းများ အများဆုံးအသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးနည်းလမ်းမှာ လက်ကမ်းစာစောင်များဝေငှခြင်း (၆၆%) ဟုဖြေဆိုပြီး၊ လူထုဟောပြောပွဲများ (၆၃%) နှင့် ပိုစတာများချိတ်ဆွဲခြင်း (၄၆%) စသည့်ပုံစံများမှာလည်း အသုံးပြုမှု အများဆုံး နည်းလမ်းများ ဖြစ်ပါသည်။ ထို့အပြင် စီတန်းလှည့်လည်ခြင်းအသံချဲ့စက်အသုံးပြုခြင်း(၂၇%)၊ တစ်အိမ်တက်ဆင်း စည်းရုံးခြင်း(၂၂%)နှင့် လူမှုကွန်ရက်မှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်း (၁၁%)ဟုလည်း ဖြေဆိုကြပါသည်။
- အခြားနည်းပညာများဖြစ်သည့် အီးမေးလ်များပို့ခြင်း၊ SMS ပို့ခြင်း၊ ဖုန်းခေါ်ခြင်း၊ Viber၊ မီဒီယာများနှင့် အင်တာဗျူးခြင်းနည်းကို အသုံးပြုမှုကို ၁%အောက်တွင်သာ တွေ့ရှိရပါသည်။

၆.၂.၃။ စုဝေးဟောပြောပွဲများ ကျင်းပပြုလုပ်သည့်နေရာ

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့၏ စောင့်ကြည့်လေ့လာသူများက မဲဆွယ်စည်းရုံးရေးကာလ တစ်လျှောက်လုံး၌ ရပ်ကွက်များ (မြို့ပြ) တွင် ပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှု ၁၁၀ ခု နှင့် ကျေးရွာများ (ကျေးလက်) တွင် ပြုလုပ်ခဲ့သည့် စုဝေးဟောပြောမှု ၁၄၈ ခု စုစုပေါင်း ၂၅၈ ခုကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

- စောင့်ကြည့်လေ့လာခဲ့သည့် စုဝေးဟောပြောပွဲများအနက် အများစုမှာ ပန်းခြံ/ဈေးစသည့် အများနှင့်သက်ဆိုင်သောနေရာများ (၃၈%)၊ ကိုယ်ပိုင် ရုံးခန်း/နေအိမ်များ (၃၀%)၊ ဘာသာရေးနှင့် သက်ဆိုင်သည့်နေရာများ (၁၇%) နှင့် ပါတီရုံးများ (၇%) တွင် ပြုလုပ်ကြသည်ကို တွေ့ရသည်။ အားကစားရုံ/ကွင်းများတွင် ပြုလုပ်သည်ကို (၂%) သာ တွေ့ရှိရပြီး အစိုးရပိုင်နေရာ/ အဆောက်အဦများတွင်လည်း (၂ %) သာ တွေ့ ရသည်။
- ပါတီငယ်/တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက အများနှင့်သက်ဆိုင်သော နေရာများ (ပန်းခြံ၊ ဈေး စသဖြင့်) ကို USDP၊ NLD နှင့် အခြားပါတီကြီးများထက်ပို၍ အသုံးများပါသည်။
- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲများတွင် "အခြားပါတီကြီး" က USDP ၊ NLD နှင့် ပါတီငယ်/ တစ်သီးပုဂ္ဂလ များထက် ဘာသာရေးနှင့် ဆိုင်သည့်နေရာများကို ပို၍ အသုံးများသည်ကိုတွေ့ရသည်။

<u>၆.၂.၄။ စုဝေးဟောပြောပွဲတွင် ပါဝင်ဟောပြောသည့်ပုဂ္ဂိုလ်</u>

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောမှုများ၏ အများစု (၉၃%) တွင် ကိုယ်စားလှယ်လောင်းများကိုယ်တိုင် ဟောပြောသည်ကိုတွေ့ရပြီး ၄၇% တွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ/ မဲဆွယ်စည်းရုံးရေး တာဝန်ခံများ၊ ၄၃% တွင် ပါတီခေါင်းဆောင်များနှင့် ၉% တွင် ထင်ရှားကျော်ကြားသူများ ပါဝင်ဟောပြောကြသည်ကို တွေ့ရသည်။ ရပ်ရွာခေါင်းဆောင် ၂ % ခန့်နှင့် ဒေသအာဏာပိုင် ၁ % သာ ပါဝင်ဟောပြောကြသည်ကို တွေ့ရပြီး၊ ဘာသာရေးခေါင်းဆောင် ၁% အောက်သာ ပါဝင်ပါသည်။

<u>၆.၂.၅။ စုဝေးဟောပြောပွဲများတွင်ဝေငှခဲ့သော ပစ္စည်းများ</u>

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲအများစုတွင် ကိုယ်စားလှယ်လောင်းများက တရားဝင်ပုံနှိပ်ထားသည့် စာရွက်စာတမ်းဝေငှမှုများ (၈၅%) ကို အများဆုံးတွေ့ရသည်။ အစားအသောက် (၂၄%) နှင့် ပါတီ အထိမ်းအမှတ်ပစ္စည်းများ (၂၄%) စသည့် ပစ္စည်းများ ဝေငှသည်ကိုလည်း တွေ့ရသည်။ ၅% တွင်မူ မည်သည့်ပစ္စည်းမှ ဝေငှခြင်း မရှိသည်ကို တွေ့ရသည်။ စောင့်ကြည့်လေ့လာခဲ့သော ပါတီအမျိုးအစား ၄ မျိုးလုံးတွင်

ရာခိုင်နှုန်းအားဖြင့် ဝေဌခဲ့သောပစ္စည်းအမျိုးအစားများ ကွာဟမှု သိပ်မရှိပါ။ အစားအစာ ဝေဌခဲ့မှုများတွင် NLD ပါတီက အများဆုံးဖြစ်ပြီး USDP ပါတီနှင့် အခြားပါတီကြီးတို့က ဒုတိယအများဆုံးဖြစ်ကြပါသည်။

၆.၂.၆။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှု၊ လှုံ့ဆော်မှုများ

မဲဆွယ်စည်းရုံးရေး စုဝေးဟောပြောပွဲများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်လှုံ့ဆော်သည့် ဟောပြောမှုများပြုလုပ်ခြင်း ရှိ/မရှိကိုလည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။ သို့သော်လည်း စုဝေးဟောပြောပွဲပြင်ပတွင် ပြောဆိုမှုများနှင့် အခြားသောပါတီ ထောက်ခံသူ/ခေါင်းဆောင်များ၏ ပြောဆိုမှုများကို စောင့်ကြည့်လေ့လာခြင်း မပြုလုပ်ခဲ့ပါ။

- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲများတွင် မည်သည့်ကိုယ်စားလှယ်လောင်းကမှ အခြားကိုယ်စားလှယ်လောင်းများကို ပုဂ္ဂိုလ်ရေးဆိုင်ရာ ပုတ်ခတ်ပြောဆိုမှုများနှင့် လှုံ့ဆော်မှုများ ပြုလုပ်သည်ကို မတွေ့ရပါ။
- စောင့်ကြည့်လေ့လာခဲ့သော စုဝေးဟောပြောပွဲများတွင် မည်သည့်ကိုယ်စားလှယ်လောင်းကမှ နိုင်ငံပိုင်ယာဉ်နှင့် အခြားအရင်းအမြစ်များအသုံးပြုခဲ့ခြင်းကို မတွေ့ရှိရပါ။ ပါတီငယ်သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း၏ စုဝေးဟောပြောပွဲတွင် ဝင်ရောက်နှောင့်ယှက်မှုတစ်ခု ဖြစ်ပွားခဲ့သည်ကိုတွေ့ခဲ့ရပါသည်။

၆.၂.၇။ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမှု

ကာလရှည်စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်း ၄၃ ဦးကို တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့အနေဖြင့် ပြဿနာများနှင့် တွေ့ကြုံရခြင်း ရှိ/မရှိ ကိုလည်း မေးမြန်းခဲ့ရာ ကိုယ်စားလှယ်လောင်း အများစုအနေဖြင့် မည်သည့်ပြဿနာမှကြုံတွေ့ခဲ့ရခြင်းမရှိသော်လည်း အချို့ကိုယ်စားလှယ်လောင်း အနည်းငယ်တို့တွင် ပြဿနာအချို့ကြုံတွေ့ခဲ့သည်။

- တွေ့ဆုံမေးမြန်းခဲ့မှုများ၏ ၃% တွင် ကိုယ်စားလှယ်များက ၎င်းတို့အနေဖြင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများတွင် နှောင့်ယှက်ခံရမှု ရှိသည်ဟု ပြောဆိုပါသည်။
- တွေ့ဆုံမေးမြန်းခဲ့မှုများ၏ ၂ % တွင် ကိုယ်စားလှယ်လောင်းများက ၎င်းတို့၏ ပိုင်ဆိုင်မှု သို့မဟုတ် မဲဆွယ်စည်းရုံးရေးပစ္စည်းများ ဖျက်ဆီးခံရမှုများရှိပါသည်ဟု ဖြေဆိုသည်။

- မိသားစု သို့မဟုတ် မိတ်ဆွေများနှင့် ပြဿနာဖြစ်ခြင်း ရှိပါသည်ဟု ဖြေဆိုမှု ၂ ခု ရှိပြီး အလုပ်အကိုင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ၂ ခု ရှိပါသည်ဟုဖြေဆိုသည်။
- တွေ့ဆုံမေးမြန်းမှုများ၏ ၅%တွင် လူထုဟောပြောပွဲနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အချိန် သို့မဟုတ် ရက် အပြောင်းအလဲလုပ်ရန် တောင်းဆိုခံရမှုများ ရှိပါသည်ဟု ဖြေဆိုသည်။ ၃% တွင် နေရာအပြောင်းအလဲလုပ်ရန် တောင်းဆိုခံရမှုများ ရှိပါသည်ဟု ဖြေဆိုသည်။ ထိုအပြောင်းအလဲလုပ်ရန်တောင်းဆိုမှုများမှာ ရသေ့တောင်မြို့နယ် (ရခိုင်ပြည်နယ်) နှင့် တမူးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး) တို့တွင် ဖြစ်ပွားခဲ့ပြီး ပါတီ အမျိုးအစား ၄ မျိုးလုံးအပေါ်သက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။
- တွေ့ဆုံမေးမြန်းမှု ၂ ခုတွင် ပါတီငယ် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက စုဝေးဟောပြောမှုကို ဖျက်သိမ်းခိုင်းမှုများရှိသည်ဟု ဖြေဆိုပါသည်။
- တွေ့ဆုံမေးမြန်းမှုများ၏ ၂% တွင် မဲဆွယ်စည်းရုံးရေးနဲ့ ပတ်သက်ပြီး အခြားပြဿနာကြုံတွေ့ခဲ့ရမှုများလည်းရှိသည်ဟု ဖြေဆိုသည်။
- တွေ့ဆုံမေးမြန်းမှု ၁ ခုတွင်မူ ကိုယ်စားလှယ်လောင်းတစ်ဦးက ၎င်းအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခံရမှုများရှိသည်ဟု ဖြေဆိုပါသည်။
- တွေ့ဆုံမေးမြန်းမှု၏ ၄% တွင် ကြုံတွေ့ခဲ့ရသည့်ပြဿနာများနှင့်ပတ်သက်၍ တရားဝင်စာဖြင့် စောဒကတက် တိုင်တန်းမှုများ ပြုလုပ်ခဲ့သည်ဟု ဖြေဆိုပါသည်။

၆.၃။ မဲဆွယ်စည်းရုံးရေး/လူထုဟောပြောပွဲများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ

စောင့်ကြည့်လေ့လာသူများသည် စောင့်ကြည့်လေ့လာသည့် လစ်လပ်မဲဆန္ဒနယ် ၁၂ ခု၏ မြို့နယ် အသီးသီးမှ ကော်မရှင်အဖွဲ့ခွဲများကိုလည်း မဲဆွယ်စည်းရုံးရေး/လူထုဟောပြောပွဲများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ မည်ရွေ့မည်ပုံရှိသည်ကို အပတ်စဉ်တွေ့ဆုံမေးမြန်းခဲ့ရာ တိုင်ကြားမှု အရေအတွက်၊ တိုင်ကြားသည့်ပါတီ အမျိုးအစားနှင့်တိုင်ကြားခံရသည့် လူအမျိုးအစားများကို အောက်ပါဇယားအတိုင်း တွေ့ရပါသည်။

တိုင်ကြားသူ	တိုင်ကြားမှု အရေအတွက်	တိုင်ကြားခံရသူ
USDP	၄ ခု	NLD နှင့် တိုင်ကြားခံရသူမသိပါ
NLD	၅ ခု	အခြားပါတီ ၂ ခုနှင့် တိုင်ကြားခံရသူမသိပါ
အခြားပါတီကြီး	မရှိပါ	
တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ	၃ ခု	ကျေးရွာခေါင်းဆောင်နှင့် တိုင်ကြားခံရသူမသိပါ

တိုင်ကြားမှုနှင့်ပတ်သက်၍ မသိပါ (သို့) ဖြေဆိုရန်ငြင်းဆန်ခဲ့သည့် အကြိမ်အနည်းငယ် ၄ ကြိမ်ခန့် ရှိခဲ့ပါသည်။

တိုင်ကြားခဲ့သည့် အကြောင်းအရာများကိုဆက်လက်မေးမြန်းရာ အောက်ပါအတိုင်းတွေ့ရသည်။

တိုင်ကြားသူ	တိုင်ကြားသည့်အကြောင်းအရာများ
USDP	▪ မဲဆွယ်စည်းရုံးရေးပစ္စည်းများဖျက်စီးခံရခြင်း ▪ နိုင်ငံတော်သမ္မတ၏ ဓာတ်ပုံနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဓာတ်ပုံကိုအသုံးပြုကာမဲဆွယ်ခြင်း ▪ အကြမ်းဖက်မှု
NLD	▪ မဲဆွယ်စည်းရုံးရေးပစ္စည်းများဖျက်စီးခံရခြင်း ▪ ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှုများ
တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ	▪ ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှုများ

၆.၄။ အမျိုးသမီးမဲဆန္ဒရှင်များအတွက် အသိပညာပေးလှုံ့ဆော်ခြင်း

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့မှ စောင့်ကြည့်လေ့လာသူများက မဲဆန္ဒရှင်အသိပညာပေး လှုံ့ဆော်ခြင်းနှင့်ပတ်သက်၍ အမျိုးသမီးများအတွက် သီးသန့်အစီအစဉ်ဆွဲပြီး အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်ခြင်း ရှိ/မရှိကို ကော်မရှင်အဖွဲ့ခွဲများနှင့် ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

- တွေ့ဆုံမေးမြန်းမှု၏ ၉% တွင် ကော်မရှင်အဖွဲ့ခွဲများက ကော်မရှင်အနေဖြင့် အမျိုးသမီးတွေ မဲလာပေးဖို့ သီးသန့်အစီအစဉ်ဆွဲပြီး အသိပညာပေး လှုံ့ဆော်မှုတွေ ပြုလုပ်ခဲ့ပါ သည်ဟု ပြောဆိုပါသည်။ ပြုလုပ်သည်ဟု ဖြေဆိုမှုများမှာ အုတ်တွင်း (ပဲခူးတိုင်း ဒေသကြီး)၊ မတူပီမြို့နယ် (ချင်းပြည်နယ်)၊ တမူးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး)၊ ဆိပ်ကမ်းမြို့နယ် (ရန်ကုန်တိုင်းဒေသကြီး) တို့မှ ဖြစ်ကြပါသည်။

- ကိုယ်စားလှယ်လောင်းများကို မေးမြန်းရာတွင်လည်း တွေ့ဆုံမေးမြန်းခဲ့သောကိုယ်စားလှယ်လောင်းများ၏ (၇%) ခန့်ကသာ အမျိုးသမီးတွေ မဲလာပေးဖို့ သီးသန့်အစီအစဉ်ဆွဲပြီး အသိပညာပေး လှုံ့ဆော်မှုတွေ ပြုလုပ်ခဲ့ပါသည်ဟု ပြောဆိုပါသည်။ ထိုကဲ့သို့ အစီအစဉ်များ ရှိသည်ဟု ပြောဆိုသော ကိုယ်စားလှယ်လောင်းများမှာ မတူပဲ၊ မြစ်ကြီးနား၊ တမူးနှင့် ဆိပ်ကမ်းမဲဆန္ဒနယ်တို့မှ ဖြစ်ကြပါသည်။

၆.၅။ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများအပေါ် နိုင်ငံသားများ၏ သဘောထားအမြင်

မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက်လုံးတွင် PACEနှင့် ဖန်တီးအိမ်အဖွဲ့တို့မှ ကာလရှည် စောင့်ကြည့်လေ့လာသူများက သာမန်အမျိုးသား၊ သာမန်အမျိုးသမီး၊ လူငယ်၊ တိုင်းရင်းသား လူနည်းစုနှင့် ရွှေ့ပြောင်းလုပ်သား သို့မဟုတ် ဝင်ငွေနည်းလုပ်သား စသဖြင့် မဲဆန္ဒရှင်ပေါင်း ၅၀ ဦးကို မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ၎င်းတို့၏ အမြင်များကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

- တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ ၇၈% က ၎င်းတို့အနေဖြင့် အမျိုးသမီးများကို အဓိကထားသည့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို မတွေ့ရပါဟု ဖြေဆိုကြပါသည်။
- ဆက်လက်၍ ဖြေဆိုသူများကို ၎င်းတို့၏ နယ်မြေအတွင်း မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို တွေ့မြင်ရပါသလားဟု မေးမြန်းရာ ဖြေဆိုခဲ့သူများ၏ ထက်ဝက်ကျော် (၅၄%) က အနည်းအကျဉ်း (၁-၅ ခု) သာတွေ့ရသည်ဟုဖြေဆိုပြီး ၁၇% က လှုပ်ရှားမှုအချို့ (၆-၁၀ ခု) နှင့် ၁% အောက်က အများအပြား (၁၀ ခုအထက်) တွေ့ရသည်ဟု ဖြေဆိုကြပါသည်။ ဖြေဆိုခဲ့သူများ၏ ၁၀% ကမူ ၎င်းတို့နယ်မြေအတွင်း မည်သည့် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုမျိုးကိုမှ မတွေ့ရဟုဖြေဆိုပြီး ၁၇% က မသိပါဟုဖြေဆိုကြပါသည်။
- တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ ၇၆% က မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများတွင် စာရွက်စာတမ်းများ/ပစ္စည်းများ ဝေငှသည်ကိုတွေ့ရှိပါသည်ဟု ဖြေကြားကြပြီး ၆၇% က စုဝေးဟောပြောမှုများ၊ ၄၉% က အသံချဲ့စက်များဖြင့် လိုက်လံစည်းရုံးခြင်း၊ ၃၁% က ပိုစတာများချိတ်ဆွဲခြင်း၊ ၁၇% က တစ်အိမ်တက်ဆင်း လိုက်လံစည်းရုံးခြင်းနှင့်

၁၃% က လူမှုကွန်ရက်များ ဖေ့စ်ဘုတ်များကို အသုံးပြုကာ စည်းရုံးမှုများ ပြုလုပ်ကြသည်ကို တွေ့ရသည်ဟု ဖြေဆိုကြပါသည်။

- ဖြေဆိုသူများ၏ ၈၃%က NLD ပါတီမှ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၆၄%က USDPပါတီမှ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ၄၅%က အခြားပါတီများမှ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။
- ဆက်လက်၍ဖြေဆိုသူများကို စုဝေးဟောပြောပွဲများကို တက်ရောက်ခဲ့ပါသလားဟု မေးမြန်းရာ ဖြေဆိုခဲ့သူများ၏ ၅၂% က မည်သည့် စုဝေးဟောပြောပွဲကိုမှ မတက်ရောက်ခဲ့ပါဟု ဖြေဆိုခဲ့ပြီး ၄၇% က မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက်လုံး အနည်းဆုံး စုဝေးဟောပြောပွဲတစ်ခုကို တက်ရောက်ခဲ့ပါသည်ဟု ဖြေဆိုကြပါသည်။
- ဖြေဆိုသူများကို ၎င်းတို့အနေဖြင့် ပါတီတစ်ခုခုကို ထောက်ခံအားပေးသောကြောင့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရပါသလားဟုမေးမြန်းရာ ဖြေဆိုခဲ့သူများ၏ ၈၂% က မည်သည့်ပြဿနာမှ မတွေ့ရပါဟုဖြေဆိုကာ ၁% ကမူ မိသားစု သို့မဟုတ် မိတ်ဆွေအပေါင်းအသင်းများနှင့် ပြဿနာဖြစ်သည်ဟု ဖြေဆိုပါသည်။
- ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိုးရိမ်ပူပန်မှုနှင့် ပတ်သက်၍မူ ဖြေဆိုခဲ့သူများ၏ ၅၉% က မည်သည့် စိုးရိမ်စရာမှ မရှိပါဟုဖြေဆိုပြီး ၁၆% က မဲဆန္ဒရှင်စာရင်းမှန်ကန်မှု၊ ၁၃% က ကော်မရှင်၏ဘက်လိုက်မှု၊ ၁၀% က မဲမသမာမှုများ၊ ၉% က ရွေးကောက်ပွဲနေ့ စီမံခန့်ခွဲမှု၊ ၆% က မဲရုံတည်နေရာ၊ ၃% က ဘာသာရေးနှင့် လူမျိုးရေးအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုနှင့် ၃% က ပုဂ္ဂလိကလုံခြုံမှုနှင့် ဘေးရန်ကင်းမှု တို့နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ပါသည်ဟုဖြေဆိုကြပါသည်။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးမှုပြစ်စဉ် စောင့်ကြည့်လေ့လာခြင်း

၇။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှုဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း

နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်နေ့များတွင် မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရပ်ကွက်နှင့် ကျေးရွာ ၁၆ ခုတွင် ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၁ ဦးကို PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က တာဝန်ပေးခဲ့သည်။ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခြင်းဖြစ်စဉ်နှင့် ကြိုတင်မဲလိုက်လံကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံး၏ အရည်အသွေးကို ဆန်းစစ်လေ့လာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်သည့် အချိန်စာရင်းကို ကြိုတင်မဲပေးခြင်း မစတင်မီ ရက်အနည်းငယ်တွင် ထုတ်ပြန်ခဲ့သဖြင့် နိုဝင်ဘာ ၁ ရက်မတိုင်မီ ကြိုတင်မဲပေးခြင်းကို စောင့်ကြည့်လေ့လာရန်အတွက် ပြင်ဆင်မှု ပြုလုပ်ရန် အချိန်မလုံလောက်သဖြင့် စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါ။ ထို့အပြင် အစိုးရအဖွဲ့အစည်းများက ဦးစီးကျင်းပသည့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းလုပ်ငန်းမှာလည်း အချိန်စာရင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု မရှိသဖြင့် စောင့်ကြည့်လေ့လာနိုင်ခဲ့ခြင်း မရှိပါ။ ၂ ရက်တာ စောင့်ကြည့်လေ့လာမှုများမှ အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

---

[၁၆] မတူပီမြို့နယ်တွင် စောင့်ကြည့်လေ့လာမှုပြုလုပ်ရန် တာဝန်ချထားသည့် ကာလရှည်စောင့်ကြည့်လေ့လာသူမှာ ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ခြင်း မရှိခဲ့ချေ။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲနေ့ဖြစ်စဉ်
စောင့်ကြည့်လေ့လာခြင်း
(နမူနာရွေးထုတ် စောင့်ကြည့်လေ့လာခြင်း)

- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်မဲပေးမှုနှင့် ကြိုတင်မဲ လိုက်လံ ကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံးတွင် စောင့်ကြည့်လေ့လာသူများအနေဖြင့် ကန့်သတ်မှုများမရှိဘဲ စောင့်ကြည့်လေ့လာခွင့်ရခဲ့သည်။
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်မဲပေးမှုနှင့် ကြိုတင်မဲ လိုက်လံကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံး၌ မဲဆန္ဒရှင်များသည် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရရှိခဲ့သည်။
- စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကြိုတင်မဲ လိုက်လံကောက်ယူခဲ့သည့် ၁၂ ခုမှာ မဲဆန္ဒရှင်များ၏ နေအိမ်တွင်ဖြစ်ပြီး ၃ ခုမှာ အဖွဲ့အစည်းများ (ဆေးရုံ၊ ဘိုးဘွားရိပ်သာ စသဖြင့်) နှင့် ၁ ခုမှာ အစိုးရဌာနများ (ရုံးများ၊ စစ်တန်းလျားများ) ဖြစ်ကြပါသည်။
- ကြိုတင်မဲ လိုက်လံကောက်ယူခဲ့ရသည့် လူပုဂ္ဂိုလ်များအနက် ၁၁ ဦးမှာ နာမကျန်းပုဂ္ဂိုလ်များ၊ ၁၂ ဦး မှာ သက်ကြီးရွယ်အိုများ၊ ၁၀ ဦးမှာ မသန်စွမ်းများ၊ ၂ ဦးမှာ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူ နှင့် ၄ ဦးမှာ စစ်မှုထမ်းများဖြစ်ကြပါသည်။
- စောင့်ကြည့်လေ့လာခဲ့သည့် ကော်မရှင်အဖွဲ့ခွဲရုံး ၁၆ ခုတွင် လာရောက်ကြိုတင်မဲပေးကြသူများမှာ အဓိကအားဖြင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ (၁၁ ဦး)၊ ရွေးကောက်ပွဲနေ့တွင် ခရီးသွားမည့် နိုင်ငံသားများ (၈ ဦး) နှင့် သက်ကြီးရွယ်အိုများ (၇ ဦး) တို့ ဖြစ်ကြပါသည်။ ထို့အပြင် နာမကျန်းဖြစ်နေသူ ၅ ဦး၊ အစိုးရဝန်ထမ်း ၅ ဦးနှင့် မသန်စွမ်း ၃ ဦးတို့လည်း ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခဲ့ကြသည်ကို တွေ့ရပါသည်။
- ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ကြိုတင်မဲပေးမှုနှင့် ကြိုတင်မဲလိုက်လံ ကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံး၌ ဆန္ဒမဲပေးခဲ့သူအားလုံး၏ အမည်များကို ကြိုတင်မဲဆန္ဒရှင် စာရင်း ပုံစံ ၁၃ တွင် ရေးသွင်းခဲ့သည်။
- စောင့်ကြည့်လေ့လာမှု ပုံစံနှစ်မျိုးစလုံးတွင် ကြီးမားသော ပြဿနာများကို မတွေ့ရပါ။
- စောင့်ကြည့်လေ့လာခဲ့သော ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် အရေးကြီးသောပစ္စည်းများကို ညဘက်တွင် လုံခြုံစွာ သိမ်းဆည်းခြင်းရှိသည်ကို တွေ့ရသည်။

၈။ ရွေးကောက်ပွဲနေ့ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း (နမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်း)

ရွေးကောက်ပွဲနေ့ဖြစ်စဉ်တစ်ခုလုံး၏ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ တာဝန်ယူမှု စသည့် အရည်အသွေးများကို စနစ်တကျ အကဲဖြတ်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှု အဖွဲ့ (PACE) နှင့် ဖန်တီးအိမ်အဖွဲ့ (PTE)က ကာလတိုစောင့်ကြည့် လေ့လာသူ ၅၇၉ ဦးကို ကြားဖြတ် ရွေးကောက်ပွဲကျင်းပသည့် မဲဆန္ဒနယ် ၁၃ ခုအနက် ၁၂ ခုသို့ စေလွှတ်ခဲ့ပါသည်။ စောင့်ကြည့် လေ့လာသူများသည် သတ်မှတ်ထားသည့် မဲရုံများသို့ နံနက် ၅ နာရီအရောက်သွားကာ မဲရုံအပြင် အဆင် အပါအဝင် မဲပေးခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း စသည့် ရွေးကောက်ပွဲနေ့ ဖြစ်စဉ် တစ်ခုလုံးကို ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာမှုပုံစံများ အသုံးပြုပြီး စောင့်ကြည့်လေ့လာမှု များ ပြုလုပ်ခဲ့ကြပါသည်။

ယေဘုယျအားဖြင့် ရွေးကောက်ပွဲနေ့မှာ တည်ငြိမ်ချောမွေ့ပြီး ပြဿနာကြီးကြီးမားမား မရှိခဲ့ချေ။ စောင့်ကြည့်လေ့လာမှုများအရ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်နှင့် ယှဉ်လျှင် တိုးတက်မှု ကြီးကြီးမားမားမရှိသည်ကို တွေ့ရပါသည်။ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အားနည်းချက်အချို့ ကြောင့် ရွေးကောက်ပွဲနေ့စီမံခန့်ခွဲမှုတွင် အားနည်းချက်များကိုတွေ့ခဲ့ရပါသည်။ ဥပမာအားဖြင့် မဲရုံ ရွေးချယ်ပြင်ဆင်မှုများတွင် မသန်စွမ်းများ လာရောက်မဲပေးရန် အခက်အခဲရှိခြင်း၊ ပါတီများ၏ မဲရုံ

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း

ကိုယ်စားလှယ်များနှင့် စောင့်ကြည့်လေ့လာသူများ၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ မဲရုံမှူးများ၏ သိရှိမှု အားနည်းခြင်းနှင့် မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်၍ ပြင်ဆင်မှုအားနည်းခြင်းများ စသည်တို့ကို တွေ့ရပါသည်။ သို့သော်လည်း ဤအားနည်းချက်များမှာ မဲရုံအဖွဲ့ဝင်သင်တန်းများတွင် စနစ်တကျ လေ့ကျင့်ပေးခြင်းဖြင့် အလွယ်တကူဖြေရှင်းနိုင်သည့် ပြဿနာများဖြစ်ကြသည်။ အသေးစိတ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၈.၁ ။ မဲရုံသို့ရောက်ရှိခြင်း၊ မဲရုံအပြင်အဆင်

- စောင့်ကြည့်လေ့လာသူများ၏ ၉၆% သည် မဲပေးမှုများ မစတင်မီ မဲရုံများအတွင်းသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ အစောပိုင်းတွင် မဲရုံအတွင်းသို့ ဝင်ရောက်ကာ မဲရုံခင်းကျင်း ပြင်ဆင်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခွင့်မရဟု အစီရင်ခံသူအချို့ (၄%) ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်မှုကြောင့် စောင့်ကြည့်လေ့လာခွင့် ပြန်လည်ရရှိခဲ့ပါသည်။ ဝင်ခွင့်မရသည့် အဓိက အကြောင်းအရင်းများမှာ ပုံစံ ၈ မပါသောကြောင့်ဖြစ်သည်။ (ပုံစံ ၈ သည် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်ခန့်အပ်လွှာ ဖြစ်သည်။)
- မဲရုံမှူးများ၏ ထက်ဝက်ကျော်ခန့် (၅၅%) မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ရန်ကုန်ရှိ မဲရုံမှူးများ၏ ၉၇% မှာ အမျိုးသမီးများ ဖြစ်ကြပြီး ရန်ကုန်မဟုတ်သည့် အခြားနေရာများတွင် မဲရုံမှူးများ၏ ၄၉% ကသာ အမျိုးသမီးများ ဖြစ်ကြသည်။ မဲရုံအဖွဲ့ဝင်များ၏ ၅၉%မှာ အမျိုးသမီးများဖြစ်ပြီး ၄၁%မှာ အမျိုးသားများ ဖြစ်ကြပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မသန်စွမ်းများ၏ အရေအတွက်ကို မှတ်ပုံတင်မှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းစာရင်းကို အသုံးပြု၍ ကော်မရှင်အနေဖြင့် မဲရုံများနေရာချထားသတ်မှတ်ခြင်း သို့မဟုတ် ကြိုတင်မဲ လိုက်လံကောက်ယူခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ မဲရုံများထက်ဝက်ခန့် (၅၄%) မှာ ဘီးတပ်ကုလားထိုင်ဖြင့် လာသော မဲဆန္ဒရှင်များအတွက် အကူအညီမပါဘဲ အလွယ်တကူ သွားလာနိုင်သော်လည်း ၄၆% တွင်မူ အကူအညီမပါပဲ လာရောက်ရန် မလွယ်ကူသည်ကို

တွေ့ရပါသည်။ ထို့အပြင်မဲရုံများ၏ ထက်ဝက်အောက် (၄၄%)တွင်သာ ဘီးတပ်ကုလားထိုင်ဖြင့်လာသော မဲဆန္ဒရှင်များအတွက် အဆင်ပြေလွယ်ကူစေရန် ဆန္ဒပြုခန်းများ ပြင်ဆင်ထားသည်ကိုတွေ့ရသော်လည်း ကျန် ၅၆%တွင်မူ ပြင်ဆင်ထားခြင်း မရှိသည်ကို တွေ့ရပါသည်။ ကော်မရှင်အနေဖြင့် မသန်စွမ်းများမဲပေးနိုင်ရေးအတွက် ပြင်ဆင်ခဲ့မှုများရှိသော်လည်း မကြာသေးမီက မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသည့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများစာချုပ်အရ မသန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အဖြစ်သော်လည်းကောင်း စောင့်ကြည့်လေ့လာသူအဖြစ်သော်လည်းကောင်း၊ ပါတီကိုယ်စားလှယ်၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း ပါဝင်လာနိုင်လာစေရန် ယခုထက်ပို၍ ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ပါသည်။

- မဲရုံများ၏ ၇၈% တွင် ပုံစံ ၁၃ (မဲဆန္ဒနယ်တွင်း ကြိုတင်မဲစာရင်း) ကို မဲရုံအပြင်ဘက်တွင် ကပ်ထားသော်လည်း ၂၂% တွင်မူ ယင်းပုံစံများ ကပ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။
- မဲရုံအားလုံးနီးပါး (၉၇%) တွင် မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲပေးရာတွင် လိုအပ်သည့် ပစ္စည်းများ အဆင်သင့်ရှိနေပြီ ဖြစ်သော်လည်း မဲရုံများ၏ ၃% တွင်မူ ပုံစံ ၁၆ နှင့် ၁၇ တို့ကို မတွေ့ရဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ပါသည်။
- မဲရုံအားလုံးနီးပါး (၉၅%) တွင် နံနက် ၆း၃၀ နာရီတွင် မဲပေးမှုများ စတင်ခဲ့ကြသော်လည်း မဲရုံများ၏ ၅% တွင် အဆိုပါအချိန်ထက် နောက်ကျပြီးမှ မဲပေးမှုများကို စတင်နိုင်ခဲ့ကြပါသည်။

၈.၂ ။ မဲပေးခြင်းဖြစ်စဉ်

- မဲပေးနေစဉ်ကာလအတွင်း မဲရုံများ၏ ၁၂% တွင် ကိုယ်စားလှယ်လောင်းများ၏ မည်သည့် မဲရုံကိုယ်စားလှယ်တစ်ဦးကိုမျှ မတွေ့ရဟု သတင်းပို့ကြပါသည်။ မဲရုံများ၏ ၆၉% တွင် ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များနှင့် ၈၃%တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မဲရုံကိုယ်စားလှယ်များ၊ ၂၆% တွင် တိုင်းရင်းသားပါတီများမှ မဲရုံကိုယ်စားလှယ်များ၊ ၁၉% တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များနှင့် ၉% တွင် အခြားပါတီမှ မဲရုံကိုယ်စားလှယ်များ ရှိနေကြသည်ဟု သတင်းပို့ပါသည်။ ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ

အဖွဲ့ချုပ်ပါတီတို့မှ မဲရုံကိုယ်စားလှယ်များသည် အခြားဒေသများထက်စာလျှင် ရန်ကုန်တိုင်းဒေသကြီး၏မဲရုံများတွင် ရောက်ရှိနေမှု ပိုမိုများသည်ကို တွေ့ရပြီး အခြားတိုင်းရင်းသားပါတီများ၏ မဲရုံကိုယ်စားလှယ်များသည် ရန်ကုန်တိုင်းဒေသကြီး၏ အပြင်ဘက် မဲရုံများတွင် ရောက်ရှိမှု ပိုမိုများသည်ကိုတွေ့ရသည်။

- မည်သည့်မဲရုံတွင်မှ မဲရုံတာဝန်နှင့် မသက်ဆိုင်သူများကို မတွေ့ရပါဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ကြပါသည်။
- မဲရုံများ၏ ၈၀% တွင် မဲရုံတွင်းသို့မဝင်ရောက်မီ မဲဆန္ဒရှင်များ၏လက်ချောင်းများတွင် မင်တို့ထားခြင်း ရှိ/မရှိ စစ်ဆေးကြသည်ကို တွေ့ရပါသည်။ သို့သော် မဲရုံများ၏ ၉% တွင် မဲဆန္ဒရှင်အချို့ (၁ မှ ၂၀ ဦးကြား) နှင့် ၁၁% တွင် မဲဆန္ဒရှင် အများအပြား (၂၀ ဦး အထက်) ကို လက်ချောင်းများ မင်တို့ထားခြင်း ရှိ/မရှိ မစစ်ဆေးဘဲ ဝင်ခွင့်ပြုခဲ့သည်ကို တွေ့ရသည်ဟု သတင်းပို့ပါသည်။ မြို့ပြနှင့် ကျေးလက်တွင် မြို့ပြရှိမဲရုံများ (၂၂%) က ကျေးလက်ရှိမဲရုံများ (၇%)ထက် မဲဆန္ဒရှင်အရေအတွက် အများအပြား (၂၀ဦးအထက်)ကို လက်ချောင်းများ မင်တို့ထားခြင်း ရှိ/မရှိ မစစ်ဆေးဘဲ ဝင်ခွင့်ပြုမှုများ ပိုများသည်ကို တွေ့ရပါသည်။
- မဲရုံများ၏ ၆၅% တွင် မဲဆန္ဒရှင်များကို အထောက်အထားစာရွက်စာတမ်း ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို စစ်ဆေးပြီးမှ မဲပေးခွင့်ပြုခဲ့သည်ကို တွေ့ရသည်ဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်အချို့ (၁ မှ ၂၀ ဦးကြား) ကို အထောက်အထားစာရွက် စာတမ်းများ မပြသခိုင်းဘဲ မဲပေးခွင့်ပြုခဲ့သည်ကို မဲရုံများ၏ ၁၅% တွင် တွေ့ရပြီး မဲဆန္ဒရှင် အများအပြား (၂၀ ဦးအထက်) ကို အထောက်အထား မပြသခိုင်းဘဲ မဲပေးခွင့်ပြုခဲ့သည်ကို မဲရုံများ၏ ၂၀% တွင် တွေ့ရသည်ဟု သတင်းပို့ပါသည်။ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းအရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မဖြစ်မနေစစ်ဆေးရမည်ဟု မဆိုထားသော်လည်း ယခုတွေ့ရှိချက်အရ နောင်လာမည့် ရွေးကောက်ပွဲများတွင် ယင်းကိစ္စနှင့်ပတ်သက်၍ ပိုမိုတိကျသော ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းရှိရန် လိုအပ်ပါသည်။

- မဲရုံများ၏ ၅၀% ၌ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါသဖြင့် မဲပေးခွင့်မရဘဲ ပြန်သွားရသူ တစ်ဦးမှ မရှိသည်ကို တွေ့ရပါသည်။ သို့သော် မဲရုံများ၏ ၄၂% တွင် မဲဆန္ဒရှင် အနည်းငယ် (၁- ၁၀ ဦးကြား) နှင့် မဲရုံများ၏ ၅% တွင် မဲဆန္ဒရှင် (၁၁-၂၀ ဦး ကြား) က ၎င်းတို့၏ အမည်များ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သဖြင့် ပြန်သွားကြရသည်ကို တွေ့ရပါသည်။
- မဲရုံများ၏ အားလုံးနီးပါး (၉၀%) တွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါသူ မဲဆန္ဒရှင်များ အားလုံး မဲပေးခွင့်ရရှိကြသည်။ သို့သော် မဲရုံများ၏ ၉% တွင်မူ မဲဆန္ဒရှင် အရေအတွက် အနည်းငယ် (၁-၁၀ ဦးကြား) နှင့် မဲရုံများ၏ ၁% တွင် (၁၁-၂၀ ဦးကြား) မဲဆန္ဒရှင်စာရင်းတွင် အမည်ပါသော်လည်း မဲပေးခွင့်မရနိုင်ခဲ့ကြပါ။
- မဲရုံအားလုံးနီးပါး (၉၄%) တွင် မဲဆန္ဒရှင်စာရင်းတွင်အမည်မပါဝင်သည့် မည်သူ့ကိုမှ မဲပေးခွင့် မပြုခဲ့ကြပါ။ သို့သော် မဲရုံများ၏ ၅% တွင် မဲဆန္ဒရှင်အနည်းငယ် (၁-၁၀ ဦးကြား) ကို မဲဆန္ဒရှင်စာရင်းတွင် အမည်မပါဝင်သော်လည်း မဲပေးခွင့်ပြုခဲ့သည်ကို တွေ့ရပါသည်။
- မဲရုံအားလုံးနီးပါး (၉၄%) တွင် မဲဆန္ဒရှင်များအားလုံး လျှို့ဝှက်မဲပေးခွင့် ရရှိခဲ့ကြသည်။
- မဲရုံအားလုံးနီးပါး (၉၆%)တွင် မဲပေးပြီးနောက် မဲဆန္ဒရှင်များ၏ လက်ချောင်းများကို မင်တို့ပြီး အမှတ်အသားပြုလုပ်သော်လည်း မဲရုံများ၏ ၄% တွင်မူ မဲဆန္ဒရှင်အနည်းငယ် (၁-၁၀ ဦးကြား) သည် မဲပေးပြီးနောက် မင်မတို့ဘဲ ထွက်ခွာသွားသည်ကို တွေ့ရပါသည်။
- မဲရုံအားလုံးနှင့် အနီးဝန်းကျင်တွင် မဲဆန္ဒရှင်များကို ခြိမ်းခြောက်မှု (သို့) အနှောင့်အယှက် ပြုမှုများ မရှိကြောင်း တွေ့ရသည်။
- မဲရုံများအားလုံးနီးပါး (၉၂%) တွင် ညနေ ၄ နာရီတွင်တန်းစီနေသူ မည်သူမှမရှိသည်ကို တွေ့ရပါသည်။ တန်းစီနေသူရှိသည့် မဲရုံများတွင်လည်း အားလုံးမဲပေးခွင့်ရကြသည်ကို တွေ့ရပါသည်။
- မဲရုံများအားလုံးနီးပါး (၉၆%) တွင် ညနေ ၄ နာရီနောက်ပိုင်းမှ ရောက်လာသူ တစ်ဦးမှ မရှိသည်ကို တွေ့ရပါသည်။ ညနေ ၄ နာရီနောက်ပိုင်းမှ မဲရုံသို့ရောက်ရှိလာသူများကို တွေ့ရသည့် မဲရုံအနည်းငယ် (၄%) တွင်လည်း မည်သူ့ကိုမှ မဲပေးခွင့်မပြုခဲ့သည်ကို တွေ့ရပါသည်။

- မဲရုံအားလုံး၏ (၉၆%) တွင် မဲရုံ ပရဝုဏ်အတွင်း (သို့မဟုတ်) မဲရုံအနီး ကိုက် ၅၀၀ အတွင်း မည်သည့်ပါတီကိုမှ မဲဆွယ်စည်းရုံးခွင့်မပြုသည်ကို တွေ့ရပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲရုံများ၏ ၃%နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက မဲရုံများ၏ ၁ % ခန့်တွင် မဲဆွယ်စည်းရုံးမှု ပြုလုပ်သည်ကို တွေ့ရပါသည်။
- စောင့်ကြည့်လေ့လာသူများအနေဖြင့် မဲရုံအားလုံးနီးပါး (၉၇%) တွင် မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခွင့် အပြည့်အဝ ရရှိခဲ့ပါသည်။ မဲရုံအနည်းငယ်(၃%)တွင်မူ စောင့်ကြည့်လေ့လာရာတွင် အကန့်အသတ်အချို့ရှိသည်ဟု သတင်းပို့ပါသည်။

၈.၃။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ်

- မဲရုံအားလုံးနီးပါး (၉၉%) တွင် စောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ မျက်မြင်သက်သေများကို မဲရုံပိတ်ပြီးချိန်နောက်ပိုင်း မဲရေတွက်မှုကို စောင့်ကြည့်လေ့လာနိုင်ရန် မဲရုံအတွင်း ဆက်လက်နေခွင့်ပြုပါသည်။
- မဲရုံအားလုံးနီးပါး (၉၈%) တွင် မဲများရေတွက်ရာ၌ မဲလက်မှတ်ပေါ်မှ မဲပေးထားသည့် အမှတ်အသားများကို ထင်ရှားစွာ မြင်ရပါသည်။
- မဲရုံအားလုံးနီးပါး (၉၉%) ၌ ပယ်မဲများဆုံးဖြတ်ရာတွင် ရှေ့နောက်ညီညွတ်မှုတမှု ရှိကြသည်။
- မဲရေတွက်ချိန်တွင် မဲရုံများ၏ ၁၀% တွင် မည်သည့်ပါတီ (သို့) ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ မရှိသည်ကို တွေ့ရပါသည်။ မဲရုံများ၏ ၇၀ % တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မဲရုံကိုယ်စားလှယ်များနှင့် ၈၃% တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ မဲရုံကိုယ်စားလှယ်များရှိနေကြပြီး၊ ၂၇% တွင် တိုင်းရင်းသားပါတီများ၏ မဲရုံကိုယ်စားလှယ်များနှင့် ၂၀% တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ/ပါတီငယ်များနှင့် ၁၀% တွင် အခြားပါတီမှ မဲရုံကိုယ်စားလှယ်များက မဲရေတွက်မှုကို စောင့်ကြည့်နေခဲ့ကြသည်။

- မဲရုံအားလုံးနီးပါး (၉၉%) တွင် မဲရေတွက်ပြီးနောက် မဲလက်မှတ်များနှင့် ပုံစံများကို ဆာလာအိတ်များအတွင်းသို့ ထည့်ပြီး ချိတ်ပိတ်ခဲ့ပါသည်။
- မဲရုံအားလုံးနီးပါး (၉၇%) တွင် မဲရေတွက်ပြီးနောက် မဲရလဒ် ပုံစံ (ပုံစံ ၁၆) ကို အများပြည်သူ ကြည့်ရှုနိုင်ရန် ကပ်ထားသော်လည်း ၃% တွင်မူ ပုံစံ ၁၆ များ ကပ်ထားခြင်း မရှိသည်ကို တွေ့ရပါသည်။
- မဲရုံအားလုံးနီးပါး (၉၈%) တွင် မဲရေတွက်နေစဉ် မည်သည့် ခြိမ်းခြောက်မှုများ၊ နှောင့်ယှက်မှုများ နှင့် ဝင်ရောက်စွက်ဖက်မှုများကိုမှ မတွေ့ရချေ။
- မဲရုံအားလုံးနီးပါး (၉၃ %) တွင် မည်သည့် နိုင်ငံရေးပါတီ (သို့) ကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်များကမှ မဲရေတွက်မှုနှင့် ပတ်သက်ပြီး မဲရုံတာဝန်ရှိသူများကို စောဒကတက်မှုများ ပြုလုပ်သည်ကို မတွေ့ရချေ။ သို့သော် မဲရုံများ၏ ၄% တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ၆% တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ၁ % တွင် တိုင်းရင်းသားပါတီ နှင့် ၁% တွင်အခြားပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတို့၏ မဲရုံကိုယ်စားလှယ်များက စောဒကတက်မှုများ ရှိကြသည်။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

မဲရုံစုစည်းသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်း

၉။ မဲရလဒ်စုစည်းသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်း

နိုဝင်ဘာလ ၃ ရက် မဲပေးခြင်းဖြစ်စဉ်ပြီးဆုံးပြီး မဲရုံများပိတ်ပြီးနောက် မဲရလဒ်စုစည်းသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ရန် စောင့်ကြည့် လေ့လာသူ ၁၂ ဦးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ၁၂ ရုံးသို့ စေလွှတ်ခဲ့ပါသည်။ တွေ့ရှိချက်များမှာ

- စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့သည့် နေရာ ၁၂ ခု၌ ၄ နေရာတွင် မဲရလဒ်စုစည်းခြင်းကို ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၃ ရက်) တွင် အပြီးသတ်နိုင်ခဲ့သည်ကိုတွေ့ရပြီး ကျန် ၈ နေရာတွင်မူ နိုဝင်ဘာလ ၄ မှ အပြီးသတ်နိုင်ခဲ့ပါသည်။
- စောင့်ကြည့်လေ့လာသူများအနေဖြင့် ကော်မရှင်အဖွဲ့ခွဲအားလုံးရှိ မဲရလဒ်စုစည်းသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခွင့် ရကြသည့်အပြင် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများပေါ်ရှိ မဲပေးထားသည့် အမှတ်အသားများကို ထင်ထင်ရှားရှားမြင်တွေ့ရသည်ဟု သတင်းပို့ပါသည်။

၂၀၁၈ ခုနှစ်
ကြားဖြတ်ရွေးကောက်ပွဲ

စောင့်ကြည့်လေ့လာမှုနည်းစနစ်

- စောင့်ကြည့်လေ့လာသူအချို့ထံမှ ကြိုတင်မဲရလဒ်များစုစည်းသည့် ပုံစံ ၁၈ ကို ကြည့်ရှုခွင့်မရကြောင်း သတင်းပို့မှုများရရှိ ပါသည်။ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် မဲအရေအတွက်များ စုစည်းသည့် ပုံစံ ၁၉ များ ဖြည့်စွက်ခြင်းကို နေရာများ၏ထက်ဝက် (၅၀%) တွင်သာ ကြည့်ရှုခွင့်ရကြပါသည် ဆိုပါသည်။ ပုံစံ ၁၆ မှ မဲရလဒ်များကို ပုံစံ ၁၉သို့ ကူးယူရာတွင် အသေးအဖွဲအပြောင်းအလဲပြုလုပ်မှုအချို့မှလွဲ၍ ကြီးမားသည့် အပြောင်းအလဲပြုလုပ်ခြင်း မရှိကြပါ။
- ရွေးကောက်ပွဲနေ့တွင် မဲရလဒ်များစုစည်းသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများအားလုံးတွင် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ ရှိနေသည်ကို တွေ့ရပြီး နောက်တစ်ရက်တွင် နေရာ ၈ နေရာအနက် ၆ နေရာတွင်သာ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ ရှိသည်ကို တွေ့ရပါသည်။
- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ၁၂ ခုလုံးတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အရေးကြီးပစ္စည်းများဖြစ်သည့် ပုံစံများ၊ ဆန္ဒမဲလက်မှတ်များ၊ မဲရလဒ်ပုံစံများကို လုံခြုံစွာ သိမ်းထားကြသည်ကို တွေ့ရပါသည်။
- မဲရလဒ်များစုစည်းသည့် လုပ်ငန်းစဉ်တလျှောက် ခြိမ်းခြောက်မှု/ဝင်ရောက်နှောင့်ယှက်မှု တစ်ခုရှိသည်ဟု စောင့်ကြည့်လေ့လာသူများထံမှ သတင်းပေးပို့ပါသည်။
- ရွေးကောက်ပွဲနေ့ ညနေပိုင်းတွင် နိုင်ငံရေးပါတီတစ်ခုမှ တရားဝင်ကန့်ကွက်လွှာ တင်သွင်းသည်ဟု စောင့်ကြည့်လေ့လာသူများက သတင်းပို့ပါသည်။
- နိုဝင်ဘာလ ၄ ရက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအားလုံး၌ မဲရလဒ်စုစည်းသည့် ဖြစ်စဉ် ပြီးဆုံးသည်နှင့် ပုံစံ ၁၉ များ ကပ်ထားသည်ကို တွေ့ရပါသည်။

၁၀။ စောင့်ကြည့်လေ့လာမှု နည်းစနစ်

၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၏ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရာတွင် တွေ့ရှိချက်များသည် ဖြစ်စဉ်ကြီးတစ်ခုလုံးကို ကိုယ်စားပြုထင်ဟပ်စေရန် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က "နည်းစနစ်မူဘောင်" စောင့်ကြည့်လေ့လာမှုနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ အချို့ဖြစ်စဉ်များတွင် စောင့်ကြည့်လေ့လာမည့်နေရာများကို ကျပန်းနည်းဖြင့် နမူနာရွေးထုတ်ကာ စောင့်ကြည့်လေ့လာမှုများပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်စဉ်၏ အရည်အသွေးကို စနစ်တကျ သုံးသပ်နိုင်ခဲ့ပါသည်။

PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က စောင့်ကြည့်လေ့လာသူများကို လေ့ကျင့်သင်ကြားပေးသည့် သင်တန်းကာလတစ်လျှောက်လုံးတွင် စောင့်ကြည့်လေ့လာမှုပြုလုပ်ရာတွင် နိုင်ငံရေးအရ ဘက်လိုက်မှုကင်းရန်၊ လွတ်လပ်ပြီး အမှီအခိုကင်းရန်နှင့် စောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။ စစ်တမ်းမေးခွန်းများဖြေဆိုခြင်း၊ စောင့်ကြည့်လေ့လာရေးပုံစံများကို ဖြည့်စွက်ခြင်းနှင့် ပြန်လည်သတင်းပို့ခြင်းဆိုင်ရာနည်းစနစ်များကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ဤကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ်အဖွဲ့အနေဖြင့် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရန် လုပ်အားပေးသူ စုစုပေါင်း ၇၂၉ ဦးကို

ရှာဖွေစုဆောင်းခဲ့ပါသည်။ (ဖြစ်စဉ်အလိုက် လုပ်အားပေးများ၏ ပါဝင်မှု အသေးစိတ်ကို အောက်ဖော်ပြပါ ဇယားတွင် ကြည့်ရှုပါ) ထို့အပြင် အချက်အလက်စင်တာအတွက် လုပ်အားပေး ၇၆ ဦး နှင့် တိုင်းဒေသကြီး/ပြည်နယ် ညှိနှိုင်းရေးမှူး ၁၇ ဦးတို့ကလည်း စောင့်ကြည့်လေ့လာမှုလုပ်ငန်းများတွင် ပါဝင်ခဲ့ကြပါသည်။ ယေဘုယျအားဖြင့် လုပ်အားပေးစုစုပေါင်း၏ ထက်ဝက်ခန့်မှာ အမျိုးသမီးများ ဖြစ်ကြပါသည်။

	အမျိုးသား	အမျိုးသမီး	စုစုပေါင်း
အုပ်စု ၁။ ▪ **မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ သဘောထားအမြင်စစ်တမ်းနှင့် မဲဆန္ဒရှင်စာရင်းကြေညာပြသမှုစောင့်ကြည့်လေ့လာခြင်း** ▪ **အရည်အသွေးစစ်ဆေးသူ** • **စုစုပေါင်း**	၆၃ ၁၁ ၇၄ ၁၄%	၁၉ ၃ ၆၂ ၆%	၁၂၂ ၁၄ ၁၃၆
အုပ်စု ၂ ▪ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း	၁၂ ၁၀၀%	၀	၁၂
အုပ်စု ၃ ▪ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှု စောင့်ကြည့်လေ့လာခြင်း	၅ ၄၅%	၆ ၅၅%	၁၁
အုပ်စု ၄ ▪ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်း(နမူနာရွေးထုတ် စောင့်ကြည့်လေ့လာခြင်း)	၃၀၅ ၅၃%	၂၂၄ ၄၃%	၅၂၉
အုပ်စု ၅ ▪ မဲရလဒ်စုစည်းသည့်ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း	၅ ၄၂%	၇ ၅၈%	၁၁
စုစုပေါင်း	၄၀၁ ၅၃%	၃၅၀ ၄၃%	၇၅၁

ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုချင်းအလိုက် စောင့်ကြည့်လေ့လာမှု နည်းစနစ်များ

၁၀.၁။ ရွေးကောက်ပွဲအကြိုကာလ သဘောထားအမြင်စစ်တမ်း

ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံသားများ၏ နားလည်သိရှိမှုအတိုင်းအတာကို သိရှိနိုင်ရန်အတွက် PACE အဖွဲ့က စစ်တမ်းကောက်ယူချိန်တွင် အသက် ၁၈ နှစ်နှင့် အထက်ရှိသူ နိုင်ငံသားများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲနယ်မြေတစ်ခုလုံးကို ခြုံငုံကိုယ်စားပြုသည့် သဘောထားအမြင်ကို သိရှိနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲမဲဆန္ဒနယ်နယ်မြေအတွင်း ပါဝင်နေသည့် မြို့နယ် ၁၂ ခုတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ယခုစစ်တမ်းကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၁၂၂ ခုတွင် ၂၀၁၈ ခုနှစ် ဇွန်လ ၂၉-၃၀ ရက်အတွင်း ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းမှုပေါင်း ၁၂၀ ခုပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကောက်ယူရာတွင် တွေ့ဆုံမေးမြန်းရမည့်သူများကို နိုင်ငံတကာအသိအမှတ်ပြု စာရင်းအင်းနည်းအရ ကျပန်းနည်းဖြင့် ရွေးချယ်သည့် နည်းလမ်းကို အသုံးပြုခဲ့ပါသည်။

(အဆင့် ၁) မြို့နယ်အလိုက် အလွှာခွဲခြင်း။ ၂၀၁၇ ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်းမှ အချက်အလက်များကို အသုံးပြု၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်တစ်ခုချင်းစီရှိ လူဦးရေအချိုးအစားကို တွက်ချက်သတ်မှတ်ခဲ့ပြီး အဆိုပါမြို့နယ်များတွင် စစ်တမ်းကောက်ယူမည့် နေရာများကို အချိုးအစားတူညီအောင် နေရာချထားခဲ့ပါသည်။

(အဆင့် ၂) မြို့ပြနှင့် ကျေးလက်ဒေသအလိုက် အလွှာခွဲခြားခြင်း။ အထက်တွင်ဖော်ပြထားသည့် လူဦးရေအချက်အလက်ကို အသုံးပြုပြီး မြို့နယ်တစ်ခုချင်းစီအတွက် မြို့ပြနှင့် ကျေးလက်လူဦးရေအချိုးအစားကို တွက်ချက်ခဲ့သည်။ မြို့နယ်အလိုက် လူဦးရေအချိုးအစားအလိုက် မြို့ပြနှင့် ကျေးလက်အကြား စစ်တမ်းကောက်ယူမည့်နေရာများကို အချိုးအစား တူညီအောင် နေရာချထားခဲ့ပါသည်။

(အဆင့် ၃) ကျေးရွာများနှင့် ရပ်ကွက်များကို နမူနာရွေးထုတ်ခြင်း။ မြို့နယ်တစ်ခုချင်းစီအတွက် ရွေးချယ်သတ်မှတ်ထားသည့် နေရာများနှင့် မြို့ပြနှင့် ကျေးလက်ဒေသများအတွက် ရွေးချယ်သတ်မှတ်ထားသောနေရာများကို အခြေခံ၍ ကျပန်းနမူနာရွေးချယ်မှုနည်းလမ်းကို အသုံးပြုပြီး ရပ်ကွက်နှင့် ကျေးရွာများကို ရွေးချယ်ခဲ့သည်။ နမူနာရွေးထုတ်ရန် ဘောင်အဖြစ် မြန်မာနိုင်ငံသတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန (MIMU) မှ စုစည်းပြုစုထားသည့် မြို့နယ်တစ်ခုချင်းစီရှိ ရပ်ကွက်နှင့် ကျေးရွာများစာရင်းကို အသုံးပြုခဲ့ပါသည်။ စစ်တမ်းကောက်ယူရာ ဒေသတစ်ခုလုံး အတိုင်းအတာနမူနာများအဖြစ် ရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း ၁၂၂ ခုကို ရွေးချယ်ခဲ့ပါသည်။

(အဆင့် ၄) အိမ်ထောင်စုများကို ကျပန်းရွေးချယ်ခြင်း။ သင်တန်းပေးလေ့ကျင့်ထားသည့် စစ်တမ်းကောက်ယူသူများသည် စတင်ရမည့်နေရာအဖြစ် ကျပန်းသတ်မှတ်ထားသော နေရာမှစ၍ ကျပန်းလမ်းလျှောက်ကာ နမူနာရွေးချယ်သည့်နည်းလမ်းကို အသုံးပြုပြီး ၎င်းတို့ရွေးချယ်ထားရာ အိမ်ထောင်စုများရှိသည့်နေရာများဆီသို့ ထွက်ခွာပါသည်။ စစ်တမ်းကောက်ယူသူများသည် ကျေးလက်ဒေသ (ကျေးရွာ) တွင် ၁၀ အိမ်မြောက်နေအိမ်တိုင်းနှင့် မြို့ပြဒေသများ (ရပ်ကွက်)တွင်မူ ၂၀ အိမ်မြောက် နေအိမ်တိုင်းကို ရွေးချယ်ခဲ့သည်။

(အဆင့် ၅) ဖြေကြားမည့်သူကို ကျပန်းရွေးချယ်ခြင်း။ အိမ်ထောင်စုတစ်ခုကို ရွေးချယ်ပြီးသည့် အခါ PACE အဖွဲ့၏ စစ်တမ်းကောက်ယူသူများသည် အဆိုပါ အိမ်ထောင်စုထဲမှ (အမျိုးသားနှင့် အမျိုးသမီး တစ်လှည့်စီ) မြန်မာနိုင်ငံသား အသက် ၁၈ နှစ်နှင့် အထက် အိမ်ထောင်စုဝင်တစ်ဦးကို ကျပန်းရွေးချယ်ခဲ့သည်။ စစ်တမ်းဖြေဆိုသူများကို "မဲနှိုက်သည့်စနစ်" ကို အသုံးပြုပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ စုစုပေါင်းအားဖြင့် စစ်တမ်းကောက်ယူသူတစ်ဦးချင်းစီကို ကျေးရွာ/ရပ်ကွက် နေရာတစ်ခုချင်းစီတွင် ဖြေဆိုသူ ၁၀ ဦးကို မေးမြန်းရန် တာဝန်ပေးအပ်ထားသည်။

(အဆင့် ၆) ရရှိလာသောအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း။ အချက်အလက်များကို ပြန်လည်စုဆောင်းပြီးနောက် ဒေသတွင် အမှန်တကယ် ပျံ့နှံ့နေမှုနှင့်အညီ နမူနာပုံစံကို ဖော်ဆောင်ရန်အတွက် မြို့ပြနှင့် ကျေးလက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မဖြေဆိုမှုများဖြင့် အချက်အလက်များကို ထိန်းညှိပါသည်။ ဖြေဆိုမှုများကိုပြန်လည်စုစည်းလျှင် ကိုယ်စားပြု

သည့် အရေအတွက်များအကြားရှိ အပြောင်းအလဲဖြစ်နိုင်မှုသည် အနည်းအကျဉ်းရှိနိုင်သော်လည်း ကွာဟချက်သည် ၁% ထက် မည်သည့်အခါမှ မပိုပါ။ မေးခွန်းအားလုံးအတွက် ဖြေဆိုသူများ၏ ပျမ်းမျှတစ်ရာခိုင်နှုန်းသည် ဖြေဆိုရန် ငြင်းဆန်ခဲ့ပါသည်။

စစ်တမ်းဆိုင်ရာ ခြုံငုံသုံးသပ်ချက်	
ကြားဖြတ်ရွေးကောက်ပွဲနေရာများရှိအရွယ်ရောက်ပြီးသူဦးရေ (၂၀၁၇ ခုနှစ် လူဦးခန့်မှန်းချက် စာရင်းအရ)	၃၈၄,၂၆၄ ဦး
ခွဲခြားစိတ်ဖြာဆန်းစစ်ရန်အတွက်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုပေါင်း	၁,၂၀ ခု
မှားယွင်းနိုင်မှုမာဂျင်	စိတ်ချယုံကြည်နိုင်မှု ၉၅% တွင် +/- ၂.၈ %
အချက်အလက်စုဆောင်းသည့်ကာလ	၂၀၁၈ ခုနှစ် ဇွန်လ ၂၉ မှ ၃၀ ရက်

(မှားယွင်းနိုင်မှုမာဂျင်မှာ အုပ်စုငယ်များဖြစ်ကြသည့် မြို့ပြအတွက်တွက်ချက်ပါက +/- ၄.၆၊ ကျေးလက်အတွက် +/- ၅.၃ နှင့် ကျား-မ အတွက်ဆိုလျှင် +/- ၄.၉ သို့ မြင့်တက်မည်ဖြစ်သည်။)

၁၀.၂။ မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာခြင်း

စက်တင်ဘာလ ၃ ရက်မှ နိုဝင်ဘာလ ၂ ရက်နေ့အတွင်း PACE နှင့် ဖန်တီးအိမ်အဖွဲ့အနေဖြင့် ကာလရှည် စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို မြို့နယ် ၁၂ ခု သို့ စေလွှတ်ကာ မဲဆွယ်စည်းရုံးရေးကာလကို စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြို့နယ်တွင်းရှိ အခြားပါတီကြီး[၁၇] နှင့် ပါတီငယ်/ တစ်သီးပုဂ္ဂလ

[၁၇] မြို့နယ်အခြေအနေအလိုက် တစ်ခါတစ်ရံ "အခြားပါတီကြီး" မှာ တစ်နိုင်ငံလုံးတွင် ဝင်ရောက် ယှဉ်ပြိုင်သည့် ပါတီဖြစ်နိုင်ပြီး၊ အချို့မြို့နယ်များတွင် ပြည်နယ်/တိုင်းဒေသကြီး အခြေစိုက်ပါတီများလည်း ဖြစ်တတ်ပါသည်။

ကိုယ်စားလှယ်လောင်း[၁၈] များကို တွေ့ဆုံမေးမြန်းမှုပေါင်း ၃၅၃ ခု ပြုလုပ်ခဲ့ပါသည်။ ကာလရှည် စောင့်ကြည့်လေ့လာသူများက ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုလုပ်ငန်း များနှင့် ပတ်သက်ပြီး အပတ်စဉ် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် အထက်ပါ ပါတီအမျိုးအစားလေးမျိုးမှ ကိုယ်စားလှယ်လောင်းများ၏ စုဝေးဟောပြောမှု ၂၅၈ ခုကိုလည်း စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ သို့သော် မဲဆွယ်စည်းရုံးမှုနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် ပါတီတွင်း အစည်းအဝေးများနှင့် ကိုယ်စား လှယ်လောင်းနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့်သူများ၏ ဟောပြောမှုများကို စောင့်ကြည့်လေ့လာ ခဲ့ခြင်း မရှိပါ။ ထို့အပြင် အလွန်ဝေးလံသည့်ဒေသရှိ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကိုမူ စောင့်ကြည့်လေ့လာနိုင်ခြင်း မရှိပါ။

ထို့အပြင် ကာလရှည်စောင့်ကြည့်လေ့လာသူများသည် ကော်မရှင်အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များနှင့် လည်း တွေ့ဆုံမေးမြန်းမှုပေါင်း ၉၉ ခုကို ပြုလုပ်ခဲ့ပါသည်။ အဓိကအားဖြင့် မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများအတွက် လျှောက်လွှာတင်သွင်းသည့်အရေအတွက်၊ ခွင့်ပြုခဲ့သည့်အရေအတွက်နှင့် ငြင်းပယ်ခဲ့သည့်အရေအတွက်တို့ကို မေးမြန်းခဲ့ပြီး ငြင်းပယ်ရသည့် အကြောင်းပြချက်ကိုပါ မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် ကာလရှည်စောင့်ကြည့်လေ့လာသူများသည် မဲဆန္ဒနယ်အသီးသီးမှ အမျိုးသား၊ အမျိုး သမီး၊ လူငယ်၊ တိုင်းရင်းသားလူနည်းစုနှင့် ရွှေ့ပြောင်းလုပ်သား/ စက်ရုံလုပ်သား/ လုပ်ခနည်း လုပ်သား စသည့် မဲဆန္ဒရှင်အမျိုးအစား လေးမျိုးနှင့် တွေ့ဆုံ မေးမြန်းမှုပေါင်း ၅၂၀ ခုကို ပြုလုပ်ခဲ့ပါ သည်။

[၁၈] ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများမှာ ပါတီကြီးများ၏ ဖွဲ့စည်းမှုနှင့် ပုံသဏ္ဌာန် မရှိကြသဖြင့် လေ့လာဆန်းစစ်ရာတွင် လွယ်ကူစေရန် အမျိုးအစားတစ်ခုတည်းအဖြစ် သတ်မှတ်ထား ပါသည်။

မဲဆွယ်စည်းရုံးရေးကာလ စောင့်ကြည့်လေ့လာမှု နည်းစနစ်သည် မဲဆွယ်စည်းရုံးရေးကာလတစ်ခုလုံး၏ အနေအထားတစ်ခုလုံးကို ခြုံငုံသုံးသပ်နိုင်ရန် ပြင်ဆင်စီမံထားသည့် နည်းစနစ်ဖြစ်သည်။ ထို့ကြောင့် သတင်းမီဒီယာများက ဖော်ပြလျက်ရှိသော ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ (သို့) လွှတ်တော်တစ်ခုချင်းစီ (သို့) ဖြစ်ရပ်တစ်ခုချင်းစီကို အထူးအာရုံစိုက် စောင့်ကြည့်လေ့လာမှုများ မပြုလုပ်နိုင်ချေ။

၁၀.၃။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှု စောင့်ကြည့်လေ့လာခြင်း

၂၀၁၈ ခုနှစ် ဇူလိုင်လ ၉-၁၀ ရက်အတွင်း ပထမအကြိမ်မဲဆန္ဒရှင်စာရင်း ကြေညာပြသမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရန်အတွက် PACE အဖွဲ့က ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခု အတွင်း ကျပန်းနည်းဖြင့် ရွေးချယ်ထားသည့် မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာ ၁၂၁ခု သို့ စေလွှတ်ခဲ့ပါသည်။ မဲဆန္ဒရှင် စာရင်းကြေညာပြသမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရာတွင် လုပ်ငန်းစဉ်၏အရည်အသွေးကိုသာ စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ပြီး မဲဆန္ဒရှင်များနှင့် ပတ်သက်သည့်သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှု (သို့) မည်သူများ မဲဆန္ဒရှင်စာရင်းတွင်မပါဝင်ဘဲကျန်ရှိခဲ့သည်ကိုလေ့လာမှုများမပြုလုပ်ခဲ့ပါ။ အထူးသဖြင့် မဲဆန္ဒရှင်များပါဝင်မှုအတိုင်းအတာ၊ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ စွမ်းဆောင်နိုင်မှုနှင့် လုပ်ထုံးလုပ်နည်းများ၏ အဆင်ပြေချောမွေ့မှုနှင့် ပါတီများမှ တာဝန်ရှိသူများရှိနေမှုတို့ကို PACE အဖွဲ့က စောင့်ကြည့်လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ PACE အဖွဲ့၏ ကာလရှည်စောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီကို အဖွဲ့မှ သတ်မှတ်ပေးထားသော မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာတစ်ခုစီတွင် ဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာရန် တာဝန်ပေးအပ်ခဲ့ပါသည်။

၁၀.၄။ မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမှုကို စောင့်ကြည့်လေ့လာခြင်း

ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခြင်းဖြစ်စဉ်နှင့် ကြိုတင်မဲလိုက်လံကောက်ယူသည့် ဖြစ်စဉ်နှစ်ခုစလုံး၏ အရည်အသွေးကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၁ ဦးကို ကျပန်းနည်းဖြင့်ရွေးချယ်ထားသည့် ရပ်ကွက်နှင့် ကျေးရွာများသို့ စေလွှတ်ခဲ့ပါသည်။ ကာလရှည်စောင့်ကြည့်လေ့လာသူ တစ်ဦးချင်းကို

ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ရုံးချိန်အတွင်းသွားရောက်ကာ ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်စေခဲ့ပြီး ကြိုတင်မဲလိုက်လံကောက်ယူမှုရှိပါက ယင်းလိုက်လံကောက်ယူမှုကို လိုက်ပါ စောင့်ကြည့်ရန် တာဝန်ပေးခဲ့ပါသည်။

PACE နှင့် ဖန်တီးအိမ်အဖွဲ့ စောင့်ကြည့်လေ့လာသူများသည် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်မှု ရှိ/ မရှိ၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ခြိမ်းခြောက်ခံရမှု ရှိ/မရှိ နှင့် လျှို့ဝှက်မဲပေးခွင့် ရ/မရ တို့ကို စောင့်ကြည့်လေ့လာခဲ့ကြပါသည်။

၁၀.၅။ ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်း (နမူနာ ရွေးထုတ်စောင့်ကြည့်လေ့လာခြင်း)

ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၃ ရက်) တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ နယ်မြေများ အားလုံးရှိ မဲရုံများကို စောင့်ကြည့် လေ့လာရန်အတွက် PACEနှင့် ဖန်တီးအိမ်အဖွဲ့တို့မှ စောင့်ကြည့် လေ့လာသူ ၅၇၉ ဦးကို နေရာဖြန့်ချထားခဲ့ပါသည်။ PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့က ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာမှု၏ အစိတ်အပိုင်းအနေဖြင့် နမူနာရွေးထုတ်စောင့်ကြည့် လေ့လာခြင်း/ Sample-Based-Observation (SBO) ကို ပြုလုပ်ခဲ့ပါသည်။ နမူနာရွေးထုတ်စောင့်ကြည့် လေ့လာမှုနည်းသည် ခေတ်မီပြီး အဆင့်မြင့်သော စောင့်ကြည့်လေ့လာသည့် နည်းစနစ်တစ်ခုဖြစ်ပြီး အဆိုပါ နည်းစနစ်သည် တိကျခိုင်မာသည့် စာရင်းအင်းပညာဆိုင်ရာ စည်းမျဉ်းဥပဒေသများနှင့် သတင်းအချက်အလက်နည်းပညာကို အသုံးပြုထားသည့် နည်းစနစ်တစ်ခုဖြစ်သည်။ ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနမူနာရွေးထုတ်စောင့်ကြည့်လေ့လာခြင်း (SBO) တွင် မဲပေးခြင်းနှင့် မဲရေတွက်မှုများကို စနစ်တကျ ဆန်းစစ်နိုင်ရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲနယ်မြေတစ်ခုလုံးကို ကိုယ်စားပြုနိုင်သော မဲရုံများကို နမူနာအဖြစ် ရွေးထုတ်ကာ စောင့်ကြည့်စေခဲ့ပါသည်။ နမူနာ ရွေးထုတ်စောင့်ကြည့်လေ့လာခြင်းနည်းစနစ်သည် မဲပေးခြင်း၊ မဲရေတွက်ခြင်းစသည့် ဖြစ်စဉ်နှင့် ပတ်သက်ပြီး တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ တိတိကျကျ အစီရင်ခံနိုင်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲနယ်မြေတစ်ခုလုံးကို ကိုယ်စားပြုနိုင်သည့် ကျပန်းနမူနာများအဖြစ် ရွေးချယ်ထားသော မဲရုံပေါင်း ၂၇၁ ရုံကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် နိုင်ငံသားစောင့်ကြည့်လေ့လာသူများကို စေလွှတ်ခဲ့ပါသည်။ PACE နှင့် ဖန်တီးအိမ်အဖွဲ့

တို့မှစောင့်ကြည့်လေ့လာသူများသည် ၎င်းတို့အတွက်သတ်မှတ်ပေးထားသည့် သက်ဆိုင်ရာ မဲရုံများသို့ နံနက် ၅ နာရီ အရောက်သွားရမည်ဖြစ်သည်။ အဆိုပါ စောင့်ကြည့်လေ့လာသူများသည် မဲရုံမဖွင့်လှစ်ခင်အချိန်တွင် မဲရုံအား ပြင်ဆင်ခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းနှင့် ရလဒ်များကို မဲရုံတွင် ကပ်ထားခြင်း စသည့်ဖြစ်စဉ်များကို စောင့်ကြည့်လေ့လာသွားမည် ဖြစ်သည်။ ရွေးကောက်ပွဲနေ့ တစ်နေ့လုံးတွင် PACE နှင့် ဖန်တီးအိမ် အဖွဲ့မှ စောင့်ကြည့်လေ့လာသူများသည် အချက်အလက်စင်တာ (Data Center) သို့သတ်မှတ်ထားသော အချိန်များအတိုင်း ၄ ကြိမ် ဖုန်းခေါ်ဆိုပြီး စောင့်ကြည့်လေ့လာမှုမှရရှိလာသည့် တွေ့ရှိချက်များကို အစီရင်ခံကြပါသည်။ ရွေးကောက်ပွဲနေ့တွင် PACE နှင့် ဖန်တီးအိမ်အဖွဲ့တို့မှ စောင့်ကြည့်လေ့လာသူများသည် အချက်အလက်ပေါင်း ၁၈,၀၀၀ ကို စုဆောင်းပြီး အစီရင်ခံ သတင်းပေးပို့ခဲ့ကြပါသည်။

၁၀.၆။ မဲရလဒ်စုစည်းသည့်ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်း

မဲရုံများမှ ရရှိလာသည့် မဲရလဒ်များကို စုစည်းပြုစုသည့် ဖြစ်စဉ်ကိုစောင့်ကြည့်လေ့လာရန်အတွက် ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၂ ဦးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ စေလွှတ်ခဲ့ပါသည်။ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲနေ့တွင် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မွန်းလွဲ ၃ နာရီမှ မဲရလဒ်စုစည်းမှုဖြစ်စဉ်ပြီးဆုံးသည်အထိ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ PACE နှင့် ဖန်တီးအိမ်အဖွဲ့စောင့်ကြည့်လေ့လာသူများသည် လိုအပ်ပါက ကော်မရှင်အဖွဲ့ခွဲရုံးများသို့ နောက်ထပ်တစ်ရက် ထပ်မံသွားရောက်ကာ မဲရလဒ်စုစည်းသည့်ဖြစ်စဉ်ပြီးဆုံးသည်အထိ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။

ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲရလဒ်များကို မှန်မှန်ကန်ကန် ထည့်သွင်းစုစည်းခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်မှုရှိ/မရှိ နှင့် စောင့်ကြည့်လေ့လာသူများနှင့် အများပြည်သူများကြည့်ရှုခွင့် ရှိ/မရှိ တို့ကို စောင့်ကြည့်လေ့လာခြင်းဖြင့် ဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို ဆန်းစစ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာ

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

PHAN TEE EAIN
(CREATIVE HOME)

ကာလရှည်စောင့်ကြည့်လေ့လာသူ ကျင့်ဝတ်

ကျွန်ုပ်_____(နာမည်ရေးပါ) သည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ် အဖွဲ့ (PTE) တို့၏ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များတွင် ကာလရှည်စောင့်ကြည့်လေ့လာသူအဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။ အောက်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များနှင့် ကန့်သတ်ချက်များအတိုင်း လုပ်ဆောင်ရန် အာမခံပါသည်။

၁။ ကျွန်ုပ်သည် သင်တန်းများကို ပြီးမြောက်အောင် တက်ရောက်မည်ဖြစ်ပြီး ကွင်းဆင်းလုပ်ဆောင်ရာတွင်လည်း ပါဝင်ပါမည်။ ကာလရှည်စောင့်ကြည့် လေ့လာသူတစ်ဦးအနေဖြင့် ကျွန်ုပ်၏တာဝန်များကို ကောင်းစွာနားလည်သဘောပေါက်ပါသည်။

၂။ ကျွန်ုပ်သည် နိုင်ငံရေးပါတီတစ်ခုအတွက် စည်းရုံးနေခြင်းဖြစ်သည်ဟု ထင်မြင်ခံရနိုင်သော မည်သည့်အလုပ်တွင်မှ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ခြင်းမပြုပါ။

၃။ ကျွန်ုပ်သည် တာဝန်များကို ပညာရှင်ဆန်ဆန်၊ ဘက်လိုက်မှုမရှိ၊ တိကျစွာနှင့် အချိန်မှန်စွာဖြင့် ထမ်းဆောင်ပါမည်။

၄။ ကျွန်ုပ်သည် ကာလရှည်စောင့်ကြည့်လေ့လာသူအဖြစ် လက်ခံသဘောတူထားသော စာချုပ်ကာလအတွင်း လူမျိုးရေး၊ ဘာသာရေး၊ ကျား၊မ စသည့် မတူကွဲပြားမှုများနှင့် ပတ်သက်၍ လှုံ့ဆော်ပြောကြားခြင်း၊ ရေးသားဖြန့်ဝေခြင်းနှင့် လူမှုကွန်ရက်များတွင် လှုံ့ဆော်ရေးသားခြင်းများကို ရှောင်ရှားရမည်။

၅။ ကျွန်ုပ်သည် ကာလရှည် စောင့်ကြည့်လေ့လာသူအနေဖြင့် ဆောင်ရွက်နေသော ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ်အဖွဲ့ (PTE) တို့၏ ကျင့်ဝတ်များ၊ စည်းမျဉ်းများနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို လိုက်နာပါမည်။

၆။ ကျွန်ုပ်သည် တာဝန်များကို ဘက်လိုက်မှုကင်းစွာနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ ကျေပွန်အောင် တတ်စွမ်းသရွေ့ ထမ်းဆောင်ပြီး အဖွဲ့၏လမ်းညွှန်ချက်များကို လိုက်နာပါမည်။

၇။ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့်ဖန်တီးအိမ်အဖွဲ့ (PTE) ၏ ကာလရှည် စောင့်ကြည့်လေ့လာသူ အနေဖြင့် စောင့်ကြည့် လေ့လာထားသော ဖြစ်ရပ်အားလုံးကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်မှန်စွာ အစီရင်ခံတင်ပြသွားပါမည်။

၈။ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့်ဖန်တီးအိမ်အဖွဲ့ (PTE) တို့မှ ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာချက် မထုတ်ပြန်ခင် ကျွန်ုပ်၏ စောင့်ကြည့်လေ့လာထားချက်များကို လူမှုရေးမီဒီယာများ (သို့မဟုတ်) ပြည်သူလူထု အပါအဝင် သတင်းမီဒီယာများထံသို့ သဘောထားမှတ်ချက်များ ပေးခြင်းများကို ရှောင်ကြဉ်ပါမည်။

၉။ အကယ်၍ ကျွန်ုပ်၏ လုပ်ငန်းများကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်မှန်စွာ ပြီးစီးနိုင်မှုအား အနှောင့်အယှက်ဖြစ်စေမည့် ကိုယ်ကျိုးစီးပွားဆိုင်ရာစိတ်ဝင်စားမှုများ ရှိခဲ့ပါက (သို့မဟုတ်) အဖွဲ့၏ကျင့်ဝတ်ကို ချိုးဖောက်ပါက ကာလရှည် စောင့်ကြည့်လေ့လာသူအဖြစ်မှ နှုတ်ထွက်မည် ဖြစ်ကြောင်း ကတိပြုပါသည်။

၁၀။ ထို့အပြင် ကျွန်ုပ်သည် ရွေးကောက်ပွဲနေ့တွင် မည်သည့် အခြားအရပ်ဘက်လူ့အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံရေးပါတီ၏ ကိုယ်စားလှယ် (သို့မဟုတ်) စောင့်ကြည့်လေ့လာသူတာဝန်ကို ထပ်မံထမ်းဆောင်မည်မဟုတ်ပါ။

လက်မှတ် _____

အမည် _____

နေ့စွဲ _____

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

PHAN TEE EAIN (CREATIVE HOME)

ကာလတိုစောင့်ကြည့်လေ့လာသူ ကျင့်ဝတ်

ကျွန်ုပ်_____(နာမည်ရေးပါ) သည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ် အဖွဲ့ (PTE) တို့၏ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များတွင် ကာလတိုစောင့်ကြည့်လေ့လာသူအဖြစ် ဆောင်ရွက်ရန် သဘောတူပါသည်။ အောက်တွင် ဖော်ပြထားသော လမ်းညွှန်ချက်များနှင့် ကန့်သတ်ချက်များအတိုင်း လုပ်ဆောင်ရန် အာမခံပါသည်။

၁။ ကျွန်ုပ်သည် သင်တန်းများကို ပြီးမြောက်အောင် တက်ရောက်မည်ဖြစ်ပြီး ကွင်းဆင်းလုပ်ဆောင်ရာတွင်လည်း ပါဝင်ပါမည်။ ကာလတိုစောင့်ကြည့်လေ့လာသူတစ်ဦးအနေဖြင့် ကျွန်ုပ်၏တာဝန်များကို ကောင်းစွာနားလည်သဘောပေါက်ပါသည်။

၂။ ကျွန်ုပ်သည် နိုင်ငံရေးပါတီတစ်ခုအတွက် စည်းရုံးနေခြင်းဖြစ်သည်ဟု ထင်မြင်ခံရနိုင်သော မည်သည့်အလုပ်တွင်မှ တိုက်ရိုက်သော် လည်း ကောင်းသွယ်ဝိုက်၍ သော်လည်းကောင်း ပါဝင်ခြင်းမပြုပါ။

၃။ ကျွန်ုပ်သည် တာဝန်များကို ပညာရှင်ဆန်ဆန်၊ ဘက်လိုက်မှုမရှိ၊ တိကျစွာနှင့် အချိန်မှန်စွာဖြင့် ထမ်းဆောင်ပါမည်။

၄။ ကျွန်ုပ်သည် ကာလတိုစောင့်ကြည့်လေ့လာသူအဖြစ် လက်ခံသဘောတူထားသော စာချုပ်ကာလအတွင်း လူမျိုးရေး၊ ဘာသာရေး၊ ကျား၊မ စသည့် မတူကွဲပြားမှုများနှင့် ပတ်သက်၍ လှုံ့ဆော်ပြောကြားခြင်း၊ ရေးသားဖြန့်ဝေခြင်းနှင့် လူမှုကွန်ရက်များတွင် လှုံ့ဆော်ရေးသားခြင်းများကို ရှောင်ရှားရမည်။

၅။ ကျွန်ုပ်သည် ကာလတို စောင့်ကြည့်လေ့လာသူအနေဖြင့် ဆောင်ရွက်နေသာ ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ်အဖွဲ့ (PTE) တို့၏ ကျင့်ဝတ်များ၊ စည်းမျဉ်းများနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို လိုက်နာပါမည်။

၆။ ကျွန်ုပ်သည် တာဝန်များကို ဘက်လိုက်မှုကင်းစွာနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ ကျေပွန်အောင် တတ်စွမ်းသရွေ့ ထမ်းဆောင်ပြီး အဖွဲ့၏လမ်းညွှန်ချက်များကို လိုက်နာပါမည်။

၇။ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့်ဖန်တီးအိမ်အဖွဲ့ (PTE) ၏ ကာလတို စောင့်ကြည့်လေ့လာသူအနေဖြင့် စောင့်ကြည့်လေ့လာထားသော ဖြစ်ရပ်အားလုံးကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်မှန်စွာ အစီရင်ခံတင်ပြသွားပါမည်။

၈။ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ဖန်တီးအိမ်အဖွဲ့ (PTE) တို့မှ ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာချက် မထုတ်ပြန်ခင် ကျွန်ုပ်၏ စောင့်ကြည့်လေ့လာထားချက်များကို လူမှုရေးမီဒီယာများ (သို့မဟုတ်) ပြည်သူလူထု အပါအဝင် သတင်းမီဒီယာများထံသို့ သဘောထားမှတ်ချက်များ ပေးခြင်းများကို ရှောင်ကြဉ်ပါမည်။

၉။ အကယ်၍ ကျွန်ုပ်၏ လုပ်ငန်းများကို ဘက်လိုက်မှုကင်းစွာ၊ တိကျစွာနှင့် အချိန်မှန်စွာ ပြီးစီးနိုင်မှုအား အနှောင့်အယှက်ဖြစ်စေမည့် ကိုယ်ကျိုးစီးပွားဆိုင်ရာစိတ်ဝင်စားမှုများ ရှိခဲ့ပါက (သို့မဟုတ်) အဖွဲ့၏ကျင့်ဝတ်ကို ချိုးဖောက်ပါက ကာလတို စောင့်ကြည့်လေ့လာသူအဖြစ်မှ နှုတ်ထွက်မည် ဖြစ်ကြောင်း ကတိပြုပါသည်။

၁၀။ ထို့အပြင်ကျွန်ုပ်သည် ရွေးကောက်ပွဲနေ့တွင် မည်သည့် အခြားအရပ်ဘက်လူ့အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံရေးပါတီ၏ ကိုယ်စားလှယ် (သို့မဟုတ်) စောင့်ကြည့်လေ့လာသူတာဝန်ကို ထပ်မံထမ်းဆောင်မည်မဟုတ်ပါ။

လက်မှတ် _____

အမည် _____

နေ့စွဲ _____

ရွေးကောက်ပွဲဆိုင်ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

PACE မဲဆန္ဒရှင်စာရင်းပြုစုခြင်းလေ့လာမှုစစ်တမ်းမေးခွန်းပုံစံ

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့

PACE ရုံးမှ ဖြည့်စွက်ရန်

ပုံစံအမှတ်						Data Clerk 1		Data Clerk 2	

စစ်တမ်းကောက်ယူသူဖြည့်စွက်ရန်

B	စစ်တမ်းကောက်ယူသူ အမည်			**G**	မြို့နယ်		
C	စစ်တမ်းကောက်ယူသူ ဖုန်းနံပါတ်			**H**	ရပ်ကွက်/ကျေးရွာအုပ်စု		
D	စစ်တမ်းကောက်ယူသူ နံပါတ်			**J**	ကျေးရွာ		
E	စစ်တမ်းကောက်ယူသည့် ဒေသ	မြို့ပြ (1)	ကျေးလက် (2)	**K**	PACE စစ်တမ်းနေရာ နံပါတ်		
F	တိုင်းဒေသကြီး/ပြည်နယ်			**M**	ဖြေဆိုသူ နံပါတ် (၁-၁၀)		

အဆင့် ၁။ ။ ရွေးချယ်ထားသည့် ရပ်ကွက်/ကျေးရွာ မှန်ကန်မှု ရှိ-မရှိ စစ်ဆေးခြင်း

- ယခုရောက်ရှိနေသော ရပ်ကွက်/ကျေးရွာသည် စစ်တမ်းကောက်ယူရန် သတ်မှတ်ရွေးချယ်ထားသည့်နေရာ ဟုတ်/မဟုတ်ကို အသေအချာစစ်ဆေးပါ။

အဆင့် ၂။ ။ ရပ်ကွက်/ကျေးရွာအတွင်း "စ" မှတ်ကို ရွေးချယ်ခြင်း

- စစ်တမ်းကောက်ယူရမည့် နေရာ၏ နယ်နမိတ်ကို ရှာဖွေပြီး ပုံကြမ်းဆွဲ၍ မှတ်သားထားပါ။ သတ်မှတ်ထားသည့် ရပ်ကွက်/ကျေးရွာနယ်နမိတ် ပြင်ပရှိ နေအိမ်များကို တွေ့ဆုံမေးမြန်းခြင်းမပြုရ။
- သင်ရရှိသည့် PACE စစ်တမ်းနေရာနံပါတ်ကိုကြည့်ပါ။ "စစ်တမ်းနေရာနံပါတ်"၏ နောက်ဆုံးဂဏန်းသည် "မ" ဂဏန်း (၁၊ ၃၊ ၅၊ ၇၊ ၉) ဖြစ်ပါက ရပ်ကွက်/ကျေးရွာနယ်နိမိတ်၏ "အစွန်" မှစတင်ပါ။ "စစ်တမ်းနေရာနံပါတ်" ၏ နောက်ဆုံးဂဏန်းသည် "စုံ" ဂဏန်း (၀၊ ၂၊ ၄၊ ၆၊ ၈) ဖြစ်ပါက ရပ်ကွက်/ကျေးရွာ၏ "အလယ်ရှိ" သိသာထင်ရှားသည့် နေရာတစ်ခုမှ စတင်ပါ။
- စတင်သည့်နေရာကို ရေးဆွဲထားသည့် မြေပုံပေါ်တွင် ကြက်ခြေခတ် "X" အမှတ်အသားပြုပြီး "စ" မှတ်၏ လိပ်စာအပြည့်အစုံကို မြေပုံအချက်အလက် ပုံစံတွင် မှတ်တမ်းတင်ပါ။

အဆင့် ၃။ ။ အိမ်ထောင်စုများကို "ကျပန်း" ရွေးချယ်ခြင်း

- တွေ့ဆုံမေးမြန်းရမည့် အိမ်ထောင်စုကို "ကျပန်း" နည်းဖြင့်ရွေးချယ်ရမည်ဖြစ်သည်။ အိမ်ထောင်စုဆိုသည်မှာ တစ်အိုးတည်း ချက်ပြုတ်စားသောက် နေကြသောလူတစ်စုကို ဆိုလိုပါသည်။
- "စ" မှတ်ကို မျက်နှာမူပြီး "ညာ"ဘက်သို့ လှည့်၍ လမ်းစလျှောက်ပါ။ လမ်းလျှောက်နေစဉ် အိမ်များကို သတ်မှတ်ထားသည့် "ကြားပိုင်း" ကိုအသုံးပြုပြီး ရေတွက်ကာ တွေ့ဆုံမေးမြန်းရမည့် အိမ်ထောင်စုကို ရွေးချယ်ရပါမည်။ ကျေးရွာဖြစ်ပါက ကြားပိုင်း ၁၀ ပိုင်း၊ ရပ်ကွက်ဖြစ်ပါက ကြားပိုင်း ၂၀ ပိုင်းကို သုံးပြီး အိမ်များကို ရွေးချယ်ရပါမည်။
- လမ်းလျှောက်ရာ လမ်းကြောင်းတစ်လျှောက်လုံးကို မြေပုံပေါ်တွင် မှတ်သားပါ။ ကြားပိုင်းအလိုက် ရွေးချယ်ထားသောအိမ်ကို အမှတ်အသားပြုပြီး၊ လိပ်စာအတိအကျ ရေးသားမှတ်သားပါ။
- အကယ်၍ ရပ်ကွက်/ကျေးရွာ နယ်နိမိတ်အစွန်သို့ရောက်သွားပြီး ရေတွက်ရန် အိမ်မရှိတော့ပါက "ညာ" ဘက်သို့ မျက်နှာမူပြီး ဆက်လက်ရေတွက်ပါ။ သတ်မှတ်ထားသည့် ကြားပိုင်း ၁၀ (သို့) ၂၀ကို သုံးပြီး အိမ်ကိုရွေးချယ်ပါ။ အကယ်၍ "ညာ" ဘက်တွင်လမ်းမရှိပါက "ဘယ်" ဘက်သို့လျှောက်ပါ။

အဆင့် ၄။ ။ အိမ်ထောင်စုကို ချဉ်းကပ်၍ မိမိကိုယ်ကိုမိတ်ဆက်ခြင်း

၄.၁ တွေ့ဆုံမေးမြန်းမှုကို လက်ခံသည့် အိမ်ထောင်စု

- အိမ်ထောင်စုမှ အိမ်သားတစ်ဦးဦးကို တွေ့ပါက ဖော်ပြထားသည့်အတိုင်း မိတ်ဆက်ပါ။ ရေးသားထားသည့် မိတ်ဆက်စာအတိုင်း အတိအကျ မိတ်ဆက်ရန် အရေးကြီးသောကြောင့် မိတ်ဆက်စာကို အသေအချာ လေ့ကျင့်ထားပါ။

  "မင်္ဂလာပါ။ ကျွန်တော်/ကျွန်မရဲ့နာမည်က ..... ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မ က ရန်ကုန်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ "ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE)"က ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မတို့ အဖွဲ့ဟာဘယ်အစိုးရနဲ့ ဘယ်နိုင်ငံရေးပါတီကိုမှ ကိုယ်စားမပြုတဲ့ အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အခုဒီကိုလာရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်/ကျွန်မတို့ အနေနဲ့ မဲဆန္ဒရှင်စာရင်း ပြုစုတဲ့ လုပ်ငန်းစဉ်နဲ့ မဲဆန္ဒရှင် စာရင်းတို့အပေါ် ပြည်သူတွေရဲ့ အတွေ့အကြုံကို စစ်တမ်းကောက်ယူနေတာဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မအနေနဲ့ ဒီအိမ်ထောင်စုထဲက မိသားစုဝင်တစ်ဦးကို သူ့ရဲ့အမည်နဲ့ အချက်အလက်တွေကို မဲစာရင်းမှာ မှန်မှန်ကန်ကန် မှတ်တမ်းတင်ထားခြင်း ရှိ/မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်းတစ်ချို့ မေးမြန်းလိုပါတယ်။ ဒါကြောင့် ဒီအိမ်ထောင်စုထဲက အိမ်ထောင်စုဝင်တစ်ဦးကို တွေ့ဆုံမေးမြန်းလိုပါတယ်။ တွေ့ဆုံမေးမြန်းမှုကတော့ ၂၀ မိနစ်ခန့် ကြာမြင့်နိုင် ပါတယ်။

  တွေ့ဆုံမေးမြန်းရာမှာလည်း ဘယ်သူဘယ်တာကို အဓိကထားမေးမြန်းမယ်၊ ဘယ်သူဘယ်တာကိုတော့ ချန်ထားမယ်ဆိုတာမျိုးမရှိပါဘူး။ နိုင်ငံသားတွေ အားလုံး ဘယ်သူ့ကိုမဆို တန်းတူတွေ့ဆုံမေးမြန်းမှာပဲ ဖြစ်ပါတယ်။ ဖြေဆိုမှုတွေအားလုံးကိုလည်း ဘယ်သူ့ကိုမှ ပြသမှာမဟုတ်ဘဲ အဖွဲ့အစည်းတွင်းကန့်သတ်အနေနဲ့ သိမ်းဆည်းထားမှာဖြစ်တယ်။ ဒီအိမ်ထောင်စုကလည်း စာရင်းအင်းနည်းပညာဖြစ်တဲ့ "ကျပန်း" နည်းကို အသုံးပြုပြီး ကျရာရွေးချယ်ထားခြင်းဖြစ်ပါတယ်။ အခု ဒီအိမ်ထောင်စုကနေ အရွယ်ရောက်ပြီးသူတစ်ဦးကို တွေ့ဆုံမေးမြန်းဖို့ ရွေးချယ်လိုပါတယ်။"

၄.၂ တွေ့ဆုံမေးမြန်းမှုကို လက်မခံသော အိမ်ထောင်စု

- ဖြေဆိုရန်ငြင်းဆန်ခြင်း (သို့) တွေ့ဆုံမေးမြန်းမှု မအောင်မြင်ပါက "အိမ်ထောင်စုရေတွက်မှုမှတ်တမ်း" ပုံစံတွင် မအောင်မြင်ရသည့် အကြောင်းအရင်းကို မှတ်သားပါ။ ထို့နောက် သတ်မှတ်ထားသည့် "ကြားပိုင်း" (၁၀/၂၀) အတိုင်း အိမ်များကို ဆက်လက်ရေတွက်ရွေးချယ်ပါ။

တွေ့ဆုံမေးမြန်းမှုတစ်ခုအတွက် အိမ်ထောင်စုများသို့ချဉ်းကပ်ခဲ့သည့် မှတ်တမ်း	**HH 1**	**HH 2**	**HH 3**	**HH 4**	**HH 5**	**HH 6**	**HH 7**
ကြားပိုင်းများ	_____	_____	_____	_____	_____	_____	_____
တွေ့ဆုံမေးမြန်းမှု ပြီးစီးသည်	1	1	1	1	1	1	1
တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခွင့်မရသည့် အကြောင်းအရင်း							
တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ငြင်းဆန်	99	99	99	99	99	99	99
အနည်းဆုံး ၂ ကြိမ်သွားရောက်သည့်တိုင် ရွေးချယ်ထားသည့်သူ အိမ်တွင်မရှိခြင်း	2	2	2	2	2	2	2
အနည်းဆုံး ၂ ကြိမ်သွားရောက်သည့်တိုင် အိမ်တွင် လူမရှိခြင်း	3	3	3	3	3	3	3
နိုင်ငံသားမဟုတ်ပါ၊ နိုင်ငံခြားဘာသာစကားပြောသူ	4	4	4	4	4	4	4
နားမကြားသူ၊ စစ်တမ်းတွင်အသုံးပြုသည့် ဘာသာစကားကို နားမလည်	5	5	5	5	5	5	5
အိမ်ထောင်စုတွင် အရွယ်ရောက်ပြီးသူမရှိပါ	6	6	6	6	6	6	6
အခြား (အသေးစိတ်ရေးပါ) _____	7	7	7	7	7	7	7

မှတ်ချက်။ ။ ဖြေဆိုမည့်သူကို စစ်တမ်းနှင့်ပတ်သက်၍ အသေအချာရှင်းပြပြီး နားလည်လက်ခံမှသာ မေးမြန်းမှုကို စတင်ပါ။ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ရန်ငြင်းဆန်ပါက ယင်းအိမ်ထောင်စုမှ ထွက်ခွာပါ။ အကြောင်းအရင်းကို အိမ်ထောင်စုရေတွက်မှုမှတ်တမ်းတွင် မှတ်သားပါ။ နောက်ထပ်အိမ်ထောင်စုတစ်ခုကို အစားထိုးရန်အတွက် သတ်မှတ်ထားသည့် "ကြားပိုင်း" ၁၀ (သို့) ၂၀ ကို ထပ်မံရေတွက်ပြီး အိမ်ထောင်စုကိုရွေးချယ်ပါ။ တွေ့ဆုံမေးမြန်းမှုကို သဘောတူလက်ခံပါက ဖြေဆိုရမည့်သူကို ရွေးချယ်ရန် အဆင့် ၅ တွင်ဖော်ပြထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပါ။

အဆင့် ၅။ ။ စစ်တမ်းဖြေဆိုရန် သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီသူကိုရွေးချယ်ခြင်း

အိမ်ထောင်စုအတွင်းမှ အသက် ၁၈ နှင့် အထက်ရှိသူကို "ကျပန်း" နည်းဖြင့်ရွေးချယ်ရပါမည်။ "ကျပန်း" နည်းဖြင့်ရွေးချယ်ခံရသူကိုသာ မေးမြန်းရပါမည်။ PACE အဖွဲ့မှ လမ်းညွှန်ထားသည့်အတိုင်း တွေ့ဆုံမေးမြန်းရမည့် ကျား/မ ကို ကြိုတင်သတ်မှတ်ပါ။ အိမ်ထောင်စုအတွင်းရှိ အရွယ်ရောက်ပြီးသူများ၏ အမည်ကိုအောက်ပါအတိုင်းမေးပါ။

N	စစ်တမ်းဖြေဆိုသူ၏ကျား/မ *[ဖတ်ပြရန်မလို]*	ကျား (1)	မ (2)	N

"ဒီအိမ်ထောင်စုထဲက ဒီအိမ်မှာနေထိုင်ပြီး နိုင်ငံသားတွေဖြစ်တဲ့ ၂၀၀၀ ခုနှစ် နိုဝင်ဘာလ ၃ ရက် သို့မဟုတ် ၎င်းရက် မတိုင်ခင်မွေးဖွားခဲ့သူ **အမျိုးသမီး/အမျိုးသား (<u>PACE အဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း</u>) အားလုံးရဲ့နာမည်တွေကို ပြောပြပေးပါ။ အခုလောလောဆယ် အိမ်မှာမရှိပေမယ့်လည်း ဒီနေ့ ဒါမှမဟုတ်** မနက်ဖြန်ပြန်ရောက်မယ့်သူတွေရဲ့ **အမည်စာရင်းကိုလည်း ပေးစေချင်ပါတယ်။ အိမ်ထောင်စုဆိုတာ တစ်အိုးတည်းချက်ပြုတ် စားသောက်နေကြတဲ့ လူတစ်စုကို ဆိုလိုတာပါ။ ဒီအိမ်ထောင်စုထဲက အရွယ်ရောက်ပြီးသူ အကြီးဆုံးကနေ အငယ်ဆုံးအထိ နာမည်တွေကို အစီအစဉ်အလိုက် ပြောပြပေးပါ။"**

[အကယ်၍ တွေ့ဆုံမေးမြန်းရမည့်သူက အမျိုးသားဖြစ်ပါက အမျိုးသားများ၏ အမည်ကိုသာရေးချပါ။ သို့မဟုတ် တွေ့ဆုံမေးမြန်းရမည့်သူက အမျိုးသမီးဖြစ်ပါက အမျိုးသမီးများ၏ အမည်ကိုရေးချပါ။ စစ်တမ်းကောက်ယူသည့် ကာလအတွင်း ပြန်လည်ရောက်ရှိမည့်သူများအပါအဝင် အသက် ၁၈ နှင့် အထက် အရွယ်ရောက်ပြီးသူအားလုံးကို ရေးချပါ။အိမ်ထောင်ဦးစီး၏ အမည်ကို ပြန်လည်စစ်ဆေးမှုပြုလုပ်ရန်အတွက် အသုံးချပါမည်။]

အိမ်ထောင်ဦးစီးအမည်	
အမည်များ	
1	
2	
3	
4	
5	
6	
7	
8	
9	
10	

အဆင့် ၆။ ။ စစ်တမ်းဖြေဆိုမည့်သူကို ရွေးချယ်ခြင်း

စစ်တမ်းဖြေဆိုသူကို ရွေးချယ်ရန် နံပါတ်ကတ်ပြားများကို မှောက်ထားပါ။ ထို့နောက် ကတ်ပြား တစ်ခုကို ရွေးချယ်ခိုင်းပါ။

"ကျေးဇူးပြုပြီးကတ်ပြားတစ်ခုကို ရွေးပါ။" ရွေးချယ်လိုက်တဲ့ ကတ်ပြားပေါ်က နံပါတ်နဲ့ တူညီတဲ့ အိမ်ထောင်စုဝင်ကို မေးမြန်းရမှာ ဖြစ်ပါတယ်။

[အထက်ပါဇယားရှိ အမည်များတွင် ရွေးချယ်ခံရသည့်သူ၏ အမည် နံပါတ်ကို "ဝိုင်း" ရန်မမေ့ပါနှင့်]

အခုရွေးချယ်လိုက်တဲ့ [အမည်ရေးရန်] _____ အိမ်မှာရှိပါသလား။		ရှိပါသည် (1)	မရှိပါ (2)
ရှိပါက	သူ့ကို အခုတွေ့ဆုံမေးမြန်းလို့ရမလား။		
မရှိပါ	ဒီနေ့ (ဒါမှမဟုတ်) မနက်ဖြန်/ နောက်တစ်နေ့ အိမ်ပြန်လာမလား။ [စစ်တမ်းကောက်ယူသူ။ နောက်တစ်နေ့ ပြန်လည်ချိန်းဆိုမှုကို စစ်တမ်းကောက်ယူမှု၏ ပထမနေ့နှင့် ဒုတိယနေ့များတွင်သာ အသုံးပြုပါ]	ပြန်လာမည် (1)	ပြန်မလာပါ (2)
ပြန်လာမည်ဆိုပါက	ပြန်လာမည့်အချိန် ( ) နာရီမှာပြန်လာပါ့မယ်။ [အကယ်၍ ချိန်းဆိုထားသည့် အချိန်များတွင်လည်း စစ်တမ်းဖြေဆိုသူ မရောက်ရှိပါက နောက်ထပ်အိမ်ထောင်စု အသစ်တစ်ခုဖြင့် အစားထိုးပါ။ အစားထိုးမည့်အိမ်ကို ရွေးချယ်ရန် သတ်မှတ်ထားသည့် "ကြားပိုင်း" (၁၀/၂၀) အတိုင်း ထပ်မံ ရေတွက်ရန်လိုအပ်ပါသည်။]		
ပြန်လာရန် မရှိပါက	ကျေးဇူးတင်ပါတယ်။ နောက်တစ်အိမ်ကိုပဲ မေးလိုက်ပါမယ်။ [ရွေးချယ်ထားသူ မရှိသဖြင့် အိမ်ထောင်စုဝင်ထဲမှ တစ်ဦးဦးကို အစားထိုးမေးမြန်းခြင်းမပြုရ]		

အဆင့် ၇။ ။ မေးမြန်းမှု စတင်ရန်ခွင့်တောင်းခြင်း

အကယ်၍ တွေ့ဆုံမေးမြန်းရန် ရွေးချယ်ထားသူနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပါက အောက်ပါအတိုင်းထပ်မံ မိတ်ဆက်ပါ။

"မင်္ဂလာပါ။ ကျွန်တော်/ကျွန်မ ရဲ့နာမည်က .....ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မက ရန်ကုန်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ "ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE)" က ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မ တို့ အဖွဲ့ဟာ ဘယ်အစိုးရနဲ့ ဘယ်နိုင်ငံရေးပါတီကိုမှ ကိုယ်စားမပြုတဲ့ အရပ်ဘက်အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ အခုဒီကိုလာရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်/ကျွန်မ အနေနဲ့ မဲဆန္ဒရှင်စာရင်းပြုစုတဲ့ လုပ်ငန်းစဉ်နဲ့ မဲဆန္ဒရှင်စာရင်းတွေအကြောင်း လူထုရဲ့အတွေ့အကြုံကို စစ်တမ်းကောက်ယူမှာ ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မ အနေနဲ့ ဒီအိမ်ထောင်စုထဲက မိသားစုဝင်တစ်ဦးကို မဲဆန္ဒရှင်စာရင်းမှာ သူ့ရဲ့နာမည်ကို မှန်မှန်ကန်ကန် မှတ်တမ်းတင်ထားခြင်း ရှိ/မရှိ မေးမြန်းဆွေးနွေးလိုပါတယ်။

အောက်ပါအကြောင်းအရာများကိုလည်း ဖြေဆိုပေးမည့်သူအားလုံးအား တွေ့ဆုံမေးမြန်းခြင်းမပြုမီ ပြောပြရမည်။

ဖြေဆိုမှုအားလုံးကို မည်သူ့ကိုမှ ပြသမှာမဟုတ်ပဲ အဖွဲ့အစည်းအတွင်း ကန့်သတ်အနေနဲ့ သိမ်းဆည်းထားမှာ ဖြစ်ပါတယ်။ ခြုံငုံမိသော အဖြေတစ်ခုရရှိဖို့အတွက် ဖြေဆိုမှုကို အခြားဖြေဆိုသူ အယောက် (၁၂၀၀) ကျော် ထံမှ ရရှိလာမည့် ဖြေဆိုမှုများနှင့်အတူ ပေါင်းစပ်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သင်ပြောခဲ့တာတွေ ပေါ်မူတည်ပြီး သင့်ကို ပြန်ရှာဖို့ဆိုတာ မဖြစ်နိုင်တဲ့အတွက် သင့်ရဲ့ထင်မြင်ချက်တွေကို လွတ်လွတ်လပ်လပ် ပြောကြားနိုင်ပါတယ်။

ဒီစစ်တမ်းကောက်ယူမှုဟာ မိနစ် (၂၀) ခန့်သာ ကြာမြင့်မှာဖြစ်ပါတယ်။ ဖြေဆိုရန် ငြင်းဆိုခဲ့မယ် ဆိုရင်လည်း မည်သည့် ပြစ်ဒဏ်မှ မရှိပါဘူး။ မဖြေဆိုလိုတဲ့ မေးခွန်းများရှိပါက မဖြေဆိုဘဲနေနိုင်ပါတယ်။ မေးမြန်းဖြေဆိုမှုကို ရပ်တန့်လိုပါကလည်း အချိန်မရွေး ရပ်တန့်နိုင်ပါတယ်။ ပါဝင်ပြီး ဖြေဆိုပေးတဲ့အတွက် မည်သည့် အကျိုးခံစားခွင့်မှ ရရှိနိုင်မှာမဟုတ်သလို ဖြေဆိုပေးတဲ့အတွက်လည်း မည်သည့်အန္တရာယ်မှ မရှိနိုင်ပါဘူး။ ဒီစစ်တမ်းကောက်ယူမှုမှာ ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ မဲဆန္ဒရှင်စာရင်းတွေရဲ့တိကျသေချာမှုကို ဆန်းစစ်လေ့လာတာနဲ့ မဲဆန္ဒရှင်စာရင်းပြုစုတဲ့ လုပ်ငန်းစဉ်ရဲ့အရည်အသွေးကို သုံးသပ်ရာမှာ အကူအညီပေးရာရောက်ပါတယ်။ ဖြေဆိုရာမှာလည်း အမှန်/ အမှား ဆိုတာမရှိပါဘူး။ မေးခွန်းတွေကို ဖြေဆိုပေးနိုင်မလား ခင်ဗျာ။

ဖြေဆိုမည့်သူမှ ဖြေဆိုပေးရန် သဘောတူပါက တွေ့ဆုံမေးမြန်းခြင်းအား ဆက်လက်ပြုလုပ်နိုင်ပါသည်။

P **တွေ့ဆုံမေးမြန်းရန် အိမ်ထောင်စုသို့ သွားရောက်ခဲ့သည့် အကြိမ်အရေအတွက်။**
[စစ်တမ်းကောက်ယူသူဖြည့်စွက်ရန်။]

[တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ယင်းအိမ်ထောင်စုသို့ ဘယ်နှကြိမ်သွား ရောက်ခဲ့ပါသလဲ။]

နံပါတ်များကို ဝိုင်းပါ		
(1)	(2)	(3)

P

Q **တွေ့ဆုံမေးမြန်းသည့် ရက်။** [စစ်တမ်းကောက်ယူသူဖြည့်စွက်ရန်]
[စစ်တမ်းကောက်ယူသည့် ရက်၊ လ၊ ခုနှစ် အားလုံးကိုဖြည့်စွက်ပါ။ [ဥပမာ- ဧပြီလ ၉ ရက်ဆိုပါက "ရက်" နေရာတွင် (၀၉)၊ "လ"နေရာတွင် (၀၄)]

ရက်		လ	

Q

R **တွေ့ဆုံမေးမြန်းမှု စတင်ချိန်။** [စစ်တမ်းကောက်ယူသူဖြည့်စွက်ရန်]

[၁၂ နာရီပုံစံသုံးပြုပြီးဖြည့်စွက်ပါ။ အင်္ဂလိပ် အက္ခရာ ကိုသာသုံးပါ]

နာရီ		မိနစ်		□	နံနက်
				□	နေ့လည်

R

S **ဖြေဆိုသူ၏ ကျား-မ** *[ဖတ်ပြရန်မလို]*

ကျား	မ
(1)	(2)

S

တွေ့ဆုံမေးမြန်းမှုကိုစတင်ပါ

ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သိရှိမှု

AC လာမယ့် နိုဝင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှာကို သိပါသလား။

သိပါသည်	မသိပါ	ဖြေဆိုရန်ငြင်းဆန်
(1)	(2)	(99)

AC

၂၀၁၅ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်မှုအခြေအနေ
[သင်] သို့ [သင့်] ဟူသောနေရာများတွင် [အကို] [အမ] [အဒေါ်] [ဦးလေး] စသဖြင့် အသက်အရွယ်ပေါ်မူတည်၍ အစားထိုးခေါ်ဆိုပါ။]

BD ၂၀၁၅ ရွေးကောက်ပွဲတုန်းက မဲစာရင်းမှာ [သင့်]ရဲ့အမည် ပါဝင်ပါသလား။
[1, 98, 99 ကို ဖြေဆိုပါက CA ကို မေးမြန်းပါ။
2 ကို ဖြေဆိုပါက BE ကို ဆက်မေးပါ။]

ပါဝင်ပါသည်	မပါဝင်ပါ	မသိပါ	ဖြေဆိုရန်ငြင်းဆန်
(1)	(2)	(98)	(99)
[CA သို့]		[CAသို့]	[CAသို့]

BD

BE [သင့်]ရဲ့ အမည်မဲစာရင်းမှာ ပါဝင်ဖို့ ဆောင်ရွက်ခဲ့ဖူးပါသလား။
[1 ကို ဖြေဆိုပါက BF ကို ဆက်မေးပါ။
2 ကို ဖြေဆိုပါက BG ကို မေးမြန်းပါ။
98, 99 ကို ဖြေဆိုပါက CAကို မေးမြန်းပါ။]

ဆောင်ရွက်ခဲ့ဖူးသည် (1)	မဆောင်ရွက်ခဲ့ဖူးပါ (2) [BG သို့]
မသိပါ (98) [CA သို့]	ဖြေဆိုရန်ငြင်းဆန် (99) [CA သို့]

BE

BF ဒါဆို ဘာကြောင့် [သင့်]ရဲ့ အမည်က မဲစာရင်းမှာ မပါဝင်နေသေးတာလဲ။ **BF**
*[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။ **ပြီးနောက် CA ကိုမေးမြန်းပါ**]*

အိမ်ထောင်စုစာရင်းမရှိလို့	1
မှတ်ပုံတင်မရှိလို့	2
ဒီနေရာမှာ ယာယီနေထိုင်သူဖြစ်လို့	3
အသက် ၁၈ နှစ် မပြည့်သေးလို့	4
ထည့်သွင်းဖို့လျှောက်လွှာကို အာဏာပိုင်/ရပ်-ကျေး ကော်မရှင်အဖွဲ့ခွဲတွေက လက်မခံလို့	5
နိုင်ငံသားမဟုတ်လို့	6
အခြား (အသေးစိတ်ရေးပါ).....	7
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

BG ဘာကြောင့် မဲစာရင်းမှာ [သင့်]ရဲ့ အမည်ထည့်သွင်းဖို့ မဆောင်ရွက်ရတာလဲ။ **BG**
[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။]

ဘယ်လိုလုပ်ရမယ်ဆိုတာမသိလို့	1
လုပ်ငန်းစဉ်အဆင့်တွေ ရှုပ်ထွေးများပြားလို့/ခက်ခဲလို့	2
မဲစာရင်းကြေညာပြသတဲ့အချိန်မမီလိုက်လို့	3
စိတ်မဝင်စား/မအားလပ်	4
အိမ်ထောင်စုစာရင်းမရှိလို့	5
မှတ်ပုံတင်မရှိလို့	6
ဒီနေရာမှာ ယာယီနေထိုင်သူဖြစ်လို့	7
အသက် ၁၈ နှစ် မပြည့်သေးလို့	8
ထည့်သွင်းဖို့လျှောက်လွှာကို အာဏာပိုင်/ရပ်-ကျေး ကော်မရှင်အဖွဲ့ခွဲတွေက လက်မခံလို့	9

အခြား (အသေးစိတ်ရေးပါ).....	10
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

ကြားဖြတ် ရွေးကောက်ပွဲဖြစ်စဉ်အတွင်းပါဝင်လှုပ်မှု

[သင်] သို့ [သင့်] ဟူသောနေရာများတွင် [အကို] [အမ] [အဒေါ်] [ဦးလေး] စသဖြင့် အသက်အရွယ်ပေါ်မူတည်၍ အစားထိုးခေါ်ဆိုပါ။]

CA ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **ဇူလိုင်လမှာ** မဲစာရင်းကြေညာပြသမှု ပြုလုပ်မယ်ဆိုတာကို ကြားမိပါသလား။
[1 ကို ဖြေဆိုပါက CE ကို ဆက်မေးပါ။
1, 98, 99 ကို ဖြေဆိုပါက CG ကို မေးမြန်းပါ။]

ကြားမိပါသည်။ (1)	မကြားမိပါ (2) [CG သို့]	**CA**
မသိပါ (98) [CG သို့]	ဖြေဆိုရန်ငြင်းဆန် (99) [CG သို့]	

CE မဲစာရင်းကြေညာပြသတာကို လာကြည့်ရှုစစ်ဆေးဖို့ ဘယ်သူတွေက လိုက်လံနှိုးဆော်နေပါသလဲ။

[အဖြေများကို ဖတ်ပြရန်မလို။
အကျုံးဝင်သမျှအားလုံးကို ခြစ်ပါ]

ဘယ်သူမှ မနှိုးဆော်ပါ (1)	နိုင်ငံရေးပါတီ (2)	အရပ်ဘက်အဖွဲ့အစည်း (3)	**CE**
ဒေသအာဏာပိုင် (4)	ရွေးကောက်ပွဲ ကော်မရှင် (5)	မိတ်ဆွေ အပေါင်းအသင်း (6)	
အခြား (အသေးစိတ်ရေးပါ) _____ (7)	မသိပါ (98)	ဖြေဆိုရန်ငြင်းဆန် (99)	

CF မဲစာရင်း **ဘယ်နေရာ**မှာ သွားရောက်ကြည့်ရှုရမယ် ဆိုတာကို သိပါလား။

သိပါတယ် (1)	မသိပါ (2)	ဖြေဆိုရန်ငြင်းဆန် (99)	**CF**

CG အဲဒီ ကြေညာပြသမည့် မဲစာရင်းကို သွားရောက် ကြည့်ရှုစစ်ဆေးဖို့ အစီအစဉ်ရှိပါသလား။
[1, 98, 99 ကို ဖြေဆိုပါက CJ ကို မေးမြန်းပါ။
2 ကို ဖြေဆိုပါက CH ကို ဆက်မေးပါ။]

ရှိပါသည်။ (1) [CJ သို့]	မရှိပါ (2)	**CG**
မသိပါ (98) [CJ သို့]	ဖြေဆိုရန်ငြင်းဆန် (99) [CJ သို့]	

CH ဘာဖြစ်လို့ မဲစာရင်းသွား မကြည့်ရတာလဲ ဆိုတာကို ပြောပြပေးလို့ ရမလား။

[အဖြေများကို ဖတ်ပြရန်မလို။ အကျုံးဝင်သမျှအားလုံးကို ဝိုင်းပါ]

၂၀၁၅ ရွေးကောက်ပွဲ မှာထဲက မဲစာရင်းမှာ နာမည်ပါပြီးသား ဖြစ်လို့ (1)	ဒေသအာဏာပိုင်တွေက လာရောက်ကောက်ယူပြီး ဖြစ်လို့ (2)	ဒီနေရာမှာ ယာယီနေထိုင်သူ ဖြစ်လို့ (3)
မဲပေးဖို့ စိတ်မဝင်စားလို့ (4)	လိုအပ်တဲ့ စာရွက်စာတမ်း ပြည့်ပြည့်စုံစုံ မရှိလို့ (5)	ဘယ်နေရာမှာ သွားကြည့်ရမယ်ဆိုတာ မသိလို့ (6)
ကြေညာပြသသော နေရာသည် အလှမ်းဝေး သောကြောင့် (7)	အခြား _____ (8)	
	မသိပါ (98)	ဖြေဆိုရန်ငြင်းဆန် (99)

CJ မဲစာရင်းကြေညာပြသတဲ့အချိန်မှာ သွားရောက်ကြည့်ရှုစစ်ဆေးတဲ့နည်းလမ်းအပြင် အခုဖတ်ပြမယ့်နည်းလမ်းတွေထဲက ဘယ်နည်းလမ်းတွေဟာ [သင့်] အတွက် အသုံးဝင်မလဲဆိုတာ ပြောပြပေးပါ။

[အဖြေများကို ဖတ်ပြပါ။ အကျုံးဝင်သမျှအားလုံးကို ခြစ်ပါ]

ဘာနည်းလမ်းမှမရှိပါ (1) [ဖတ်ပြရန်မလို]	Online/website (2)	SMS (3)
မိုလ်ဘိုင်းအက်ပ် (4)	Facebook/Messenger (5)	အခြား (အသေးစိတ်ရေးပါ) _____ (6)
	မသိပါ (98) [ဖတ်ပြရန်မလို]	ဖြေဆိုရန်ငြင်းဆန် (99) [ဖတ်ပြရန်မလို]

CK လာမယ့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်ချို့သူတွေက မဲပေးဖို့ အစီအစဉ်ရှိကြတယ်၊ တစ်ချို့သူတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် မဲပေးဖို့အစီအစဉ်မရှိကြပါဘူး။ သင့်အနေနဲ့ရော မဲပေးဖို့ အစီအစဉ်ရှိပါသလား။

[1 ကို ဖြေဆိုပါက CM ကို ဆက်မေးပါ။
2, ကို ဖြေဆိုပါက CN ကို မေးမြန်းပါ။
3, 98, 99 ကို ဖြေဆိုပါက CP ကို မေးမြန်းပါ။]

ရှိပါသည်။ (1)	မရှိပါ (2) [CN သို့]	မဆုံးဖြတ်ရသေးပါ (3) [CP သို့]
	မသိပါ (98) [CP သို့]	ဖြေဆိုရန်ငြင်းဆန် (99) [CP သို့]

CK

CM ဘာကြောင့် မဲသွားပေးမယ်ဆိုတာကို ပြောပြပေးပါ။ **CM**

[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။ ***ပြီးနောက် CP ကိုမေးမြန်းပါ****]]*

ကျနော်/ကျမ ကြိုက်နှစ်သက်သော နိုင်ငံရေးပါတီ တစ်ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးကို ထောက်ခံလိုသောကြောင့်/ရွေးချယ်လိုသောကြောင့်	1
နိုင်ငံသားတစ်ယောက်၏ တာဝန်ဖြစ်သောကြောင့်	2
အရေးကြီးသည်ဟု ယုံကြည်သောကြောင့်	3
မဲပေးနေကျဖြစ်လို့	4
မိသားစုဝင်/သူငယ်ချင်းက တိုက်တွန်းလို့	5
မဲပေးခြင်းဖြင့် ကျွန်တော်/ကျွန်မ၏ ဆန္ဒကို ထုတ်ဖော်ခွင့်ရသောကြောင့်	6
အပြောင်းအလဲဖြစ်ချင်သောကြောင့်	7
ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်	8
အခြား (သေးစိတ်ရေးပါ).....	9
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

CN ဘာကြောင့် မဲသွား မပေးတာလဲဆိုတာကို ပြောပြပေးပါ။ **CN**

[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။]

မဲရုံဘယ်မှာရှိတယ်ဆိုတာမသိလို့	1
မဲရုံတည်ရှိရာနေရာ အလွန်ဝေးကွာသောကြောင့်	2
ဘယ်လိုမဲပေးရမယ်ဆိုတာ မသိလို့	3
ကျွန်တော်/ကျွန်မ အတွက် အရေးမကြီးပါ။ စိတ်မဝင်စားပါ။	4
အလုပ်မအားလပ်၊ နေထိုင်မကောင်း	5

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာ

အမျိုးသားမှတ်ပုံတင်/မဲပေးရန်လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားမရှိသောကြောင့်	6
အမည်က အခြားဒေသက မဲစာရင်းမှာပါနေလို့	7
မဲစာရင်းမှာ အမည်မပါလို့	8
ကိုယ်ခန္ဓာချို့ယွင်းနေသောကြောင့်	9
မည်သည့်ပါတီ/ကိုယ်စားလှယ်လောင်း တစ်ဦးတစ်ယောက်ကိုမှ မကြိုက်နှစ်သက်လို့	10
ဘာအပြောင်းအလဲမှ မဖြစ်နိုင်လို့	11
လုံခြုံရေးစိတ်မချလို့	12
အခြား (အသေးစိတ်ရေးပါ).....	13
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

CP လာမယ့်ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဘာတွေကိုစိုးရိမ်ပူပန်ပါသလဲ။ **CP**

[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။]

စိုးရိမ်ပူပန်စရာမရှိပါ	1
မဲလိမ်/မဲခိုးမှုခြင်း/မဲဝယ်ခြင်း	2
ကော်မရှင်၏ ဘက်လိုက်မှု	3
ရွေးကောက်ပွဲနေ့ စီမံခန့်ခွဲမှု	4
မဲဆွယ်စည်းရုံးရေးတွင် ဘာသာရေး/လူမျိုးရေးကို ခုတုံးလုပ်မှု	5
မဲရုံများနှင့် နေအိမ်အကွာအဝေး	6
မဲစာရင်းမှန်ကန်မှု	7
ဒေသလုံခြုံရေးအခြေအနေ/မိမိလုံခြုံရေးစိတ်မချလို့	8
အခြား (အသေးစိတ်ရေးပါ).....	9
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

အိမ်ထောင်စုစာရင်းနှင့်ပတ်သက်သော အခြေအနေ

[သင်] သို့ [သင့်] ဟူသောနေရာများတွင် [အကို] [အမ] [အဒေါ်] [ဦးလေး] စသဖြင့် အသက်အရွယ်ပေါ်မူတည်၍ အစားထိုးခေါ်ဆိုပါ။]

DA [သင့်] ရဲ့အိမ်ထောင်စုစာရင်းက ဒီအိမ်လိပ်စာနဲ့တူပါသလား။
[1, 98, 99 ကို ဖြေဆိုပါက EA ကို မေးမြန်းပါ။
2 ကို ဖြေဆိုပါက DB ကို ဆက်မေးပါ။]

တူပါသည် (1) [EA သို့]	မတူပါ (2)
မသိပါ (98) [EA သို့]	ဖြေဆိုရန်ငြင်းဆန် (99) [EA သို့]

DA

DB ဘာကြောင့် သင့်အိမ်ထောင်စုစာရင်းကို ဒီနေရာ/လိပ်စာကို မပြောင်းရွှေ့တာလဲ။ **DB**
[အဖြေကိုဖတ်ပြရန်မလိုပါ။ အကျုံးဝင်သမျှကို ရွေးပါ။]

ဒါက ငှားနေတဲ့အိမ်ဖြစ်လို့	1
လုပ်ငန်းစဉ်အဆင့်တွေ ရှုပ်ထွေးများပြားလို့/ခက်ခဲလို့	2
စိတ်မဝင်စား/မအားလပ်	3
သက်ဆိုင်ရာ အာဏာပိုင်က လျှောက်လွှာကို လက်မခံလို့	4
အိမ်ထောင်စုစာရင်းမရှိလို့	5
လိုအပ်တဲ့စာရွက်စာတမ်း အထောက်အထား မပြသနိုင်လို့	6
အခကြေးငွေမတတ်နိုင်လို့	7
အခြား (အသေးစိတ်ရေးပါ)	8
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

DF ဒီနေရာမှာ နေထိုင်နေတာ ၆ လ ရှိပြီလား။
[1 ကို ဖြေဆိုပါက DG ကို ဆက်မေးပါ။
2, 98, 99 ကို ဖြေဆိုပါက EA ကို မေးမြန်းပါ။]

ပြည့်ပါပြီ (1)	မပြည့်သေးပါဘူး (2) [EA သို့]
မသိပါ (98) [EA သို့]	ဖြေဆိုရန်ငြင်းဆန် (99) [EA သို့]

DF

DG ဒီမြို့နယ်မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးနိုင်ဖို့အတွက် ဒီနေရာမှာ မဲစာရင်းထည့်သွင်းရမှာကို သိပါသလား။

သိပါတယ် (1)	မသိပါ (2)	ဖြေဆိုရန်ငြင်းဆန် (99)

DG

အမျိုးသားမှတ်ပုံတင်ပေါ်ရှိ အချက်အလက်များ နှင့် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်မှု

EA အခု မဲဆန္ဒရှင်စာရင်းက သင့်ရဲ့ အချက်အလက်တွေ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးနိုင်ဖို့ မှတ်ပုံတင်ကတ်ပြားက အချက်အလက်တွေကို ရယူလိုပါတယ်။ သင့်ရဲ့ မှတ်ပုံတင်ပေါ်က အချက်အလက်တွေကို ရယူလို့ရမလား။

[အဖြေများကို ဖတ်ပြရန်မလို]
[1, 2, 3, 4 ကို ဖြေဆိုပါက EC ကို မေးမြန်းပါ။
99 ကို ဖြေဆိုပါက FA ကို မေးမြန်းပါ။]

ရပါတယ် (1) [ဖြစ်နိုင်ပါက မှတ်ပုံတင်က အချက်အလက်များကို ကူးယူခွင့်တောင်းပါ။] [ECသို့]	မှတ်ပုံတင်လုံးဝမရှိပါ (2) [EC သို့]	မှတ်ပုံတင်ရှိပါတယ်။ ဒါပေမယ့် ဒီနေရာမှာ မရှိပါ (3) [EC သို့]
	မှတ်ပုံတင်ပျောက်ဆုံး (4) [EC သို့]	ဖြေဆိုရန် ငြင်းဆန် (99) [FA သို့]

EA

တွေ့ဆုံ မေးမြန်းနေစဉ်တွင်

- *ဖြေဆိုသူထံမှ မှတ်ပုံတင်ကတ်ပြားကို တောင်းယူပြီး အချက်အလက်များကို အချက်အလက်ဇယား၏ပထမ အတိုင် တွင်ကူးယူပါ။*
- *မှတ်ပုံတင်ကတ်ပြား မရရှိမှသာ ဖြေဆိုသူအားမေးမြန်းပြီး မှတ်ပုံတင်ကတ်ပြားမှ အချက်အလက်များကို ရေးမှတ်ပါ၊*

မဲစာရင်းကြေညာပြသနေစဉ်တွင်

- *ဖြေဆိုသူ၏ အိမ်လိပ်စာအရ ၎င်း၏အမည်ကို မဲစာရင်းတွင်ရှာဖွေပါ။*
- *ဖြေဆိုသူကို မဲစာရင်းတွင်တွေ့ရှိပါက EB တွင် တွေ့ရှိပါသည် (1) ကို ရွေးပါ။ မဲစာရင်းမှအချက်အလက်များကို အချက်အလက်ဇယား၏ဒုတိယအတိုင် (မီးခိုးရောင်) တွင်ရေးမှတ်ပါ။*

EB မဲစာရင်းတွင် ဖြေဆိုသူကို တွေ့ရှိပါသလား။
[တွေ့ဆုံမေးမြန်းစဉ်တွင်မေးမြန်းရန်မလိုအပ်ပါ။ မဲစာရင်းကြေညာပြသသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးမှဖြေဆိုရန်]

[1 ကို ဖြေဆိုပါက EC ကို ဆက်မေးပါ။
2 ကို ဖြေဆိုပါက FA ကို မေးမြန်းပါ။]

တွေ့ရှိပါသည် (1)	မတွေ့ရှိပါ (2) [FA သို့]

EB

အချက်အလက် ဇယား

		မှတ်ပုံတင်/ဖြေဆိုသူ၏ အချက်အလက်များ	မဲဆန္ဒရှင်စာရင်းပြသသည့်နေရာမှ မဲစာရင်းတွင်တိုက်ဆိုင်စစ်ဆေး၍ရှာဖွေပြီး အချက်အလက်များကို ကူးယူပါ။	ပြည်နယ်အဆင့်ကိုထိုးပါ။	ပြည်နယ်အဆင့်ခွဲအဆင့်	ငြိုင်းသီးပြည်နယ်အဆင့်	ပြည်ထောင်စုပြည်နယ်အဆင့်
		[တွေ့ဆုံ မေးမြန်းနေစဉ်တွင် ရေးမှတ်ရန်]	*[မဲစာရင်းကြေညာပြသနေစဉ်တွင် ရေးမှတ်ရန်]*	*ဖြည့်စွက်ရန်မလိုပါ။ PACE ရုံးအဖွဲ့မှဖြည့်စွက်ရန်။*			
EC	အမည်	☐ အမည် _____ ☐ ဖြေဆိုရန်ငြင်းဆို	☐ အမည် _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EG	ကျား/မ **ဖြေဆိုသူ၏ ကျား-မ** *[ဖတ်ပြရန်မလို]*	☐ ကျား ☐ မ	☐ ကျား ☐ မ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EH	မှတ်ပုံတင် အမှတ်	☐ မှတ်ပုံတင် အမှတ် _____ ☐ မှတ်ပုံတင် မရှိ ☐ မမှတ်မိပါ ☐ ဖြေဆိုရန်ငြင်းဆို	☐ မှတ်ပုံတင် အမှတ် _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EJ	မွေးသက္ကရာဇ်	☐ မွေးသက္ကရာဇ် _____ ☐ မမှတ်မိပါ ☐ ဖြေဆိုရန်ငြင်းဆို	☐ မွေးသက္ကရာဇ် _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EK	အဖ (ဘ)အမည်	☐ အဘအမည် _____ ☐ မသိပါ/မမှတ်မိပါ ☐ ဖြေဆိုရန်ငြင်းဆို	☐ အဘအမည် _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EM	အမိအမည်	☐ အမိအမည် _____ ☐ မသိပါ/မမှတ်မိပါ ☐ ဖြေဆိုရန်ငြင်းဆို	☐ အမိအမည် _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)
EN	နေရပ်လိပ်စာ (ယခုနေထိုင်နေသောလိပ်စာ)	☐ နေရပ်လိပ်စာ _____ _____ _____ ☐ ဖြေဆိုရန်ငြင်းဆို	☐ နေရပ်လိပ်စာ _____ _____ _____ ☐ အချက်အလက်မရှိပါ	(1)	(2)	(3)	(4)

EP [ဤမေးခွန်းကိုမေးမြန်းရန်မလိုပါ။ မေးခွန်း EC မှ EN အထိ အဖြေရရှိပုံ အပေါ်မူတည်ပြီး ဖြည့်ရန်]

အချက်အလက်များကို မှတ်ပုံတင်မှ တိုက်ရိုက်ကူးယူပါသလား (သို့) ဖြေဆိုသူနှုတ်က ဖြေဆိုပါသလား။

မှတ်ပုံတင်မှ ကူးယူသည် (1)	နှုတ်က ဖြေဆိုသည် (2)

DS

စစ်တမ်းကောက်ယူမှုဆိုင်ရာ အချက်အလက်

[သင်] သို့ [သင့်] ဟူသောနေရာများတွင် [အကို] [အမ] [အဒေါ်] [ဦးလေး] စသဖြင့် အသက်အရွယ်ပေါ်မူတည်၍ အစားထိုးခေါ်ဆိုပါ။]

[ကိုယ်ရေးအချက်အလက်များကို ဖော်ပြပါအတိုင်း ဆက်လက်မေးမြန်းပါ]

"ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီး [သင့်] ရဲ့ကိုယ်ရေးအချက်အလက် တချို့ကို မေးမြန်းလိုပါတယ်။ ဒီအချက်အလက်တွေကတော့ စစ်တမ်းရလဒ်တွေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွေ ပြုလုပ်တဲ့အခါမှာ တွေ့ရှိချက်တွေဟာ တစ်နိုင်ငံလုံးကို ကိုယ်စားပြု/မပြုကိုဆိုတာကို ဆန်းစစ်ဖို့ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။"

FA မွေးသက္ကရာဇ် ခုနှစ်ကို ပြောပြလို့ရမလား။

[မွေးသက္ကရာဇ်ကို ဂဏန်း ၄ လုံးဖြင့်ရေးသွင်းပါ။ မွေးသက္ကရာဇ် ခုနှစ်ကို မသိပါက အသက်ကိုမေးပါ။]

ခုနှစ် | | | |

အသက် | |

မသိပါ (ဖတ်ပြရန်မလို) (98)	ဖြေဆိုရန်ငြင်းဆန် (ဖတ်ပြရန်မလို) (99)

FA

FB အမြင့်ဆုံးအောင်မြင်ပြီးဆုံးခဲ့တဲ့ ပညာရေးကို ပြောပြလို့ရမလား။

[အဖြေကိုဖတ်ပြရန်မလို]

FB

အတန်းကျောင်းမနေဖူးပါ	1
အခြားကျောင်းများ	2
မူလတန်းအဆင့်	3
မူလတန်းအောင်	4
အလယ်တန်းအောင်	5
အထက်တန်းအောင်	6
အတတ်သင်သိပ္ပံ/အသက်မွေးဝမ်းကျောင်းကောလိပ်	7
တက္ကသိုလ်ဘွဲ့ရ	8
တက္ကသိုလ်ဘွဲ့လွန်	9
မသိပါ [ဖတ်ပြရန်မလို]	98
ဖြေဆိုရန်ငြင်းဆန် [ဖတ်ပြရန်မလို]	99

FC လက်ရှိအလုပ်အကိုင် ကို ပြောပြလို့ရမလား။ **FC**
[အဖြေကိုဖတ်ပြရန်မလို]

အလုပ်မရှိ	1
ကိုယ်ပိုင်အလုပ်	2
အငြိမ်းစား	3
ဥယျာဉ်ခြံ စိုက်ခင်းအလုပ်သမား	4
စက်ရုံ အလုပ်သမား	5
စားသောက်ဆိုင်/လက်ဖက်ရည်ဆိုင် အလုပ်သမား	6
တံငါသည်/ရေလုပ်သား	7
အိမ်အကူ	8
အလုပ်ကြမ်း	9
တက္ကသိုလ်ဆရာ/ကျောင်းဆရာ	10
ကျောင်းသား	11
အိမ်ရှင်မ	12
လယ်သမား (ကိုယ်ပိုင်)	13
လယ်သမား (သူရင်းငှား)	14
ပရောဖက်ရှင်နယ်အလုပ် (ဆရာဝန်/ရှေ့နေ/အင်ဂျင်နီယာ)	15
ပြည်တွင်း/နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း	16
စီပွားရေးလုပ်ငန်း/ကုမ္ပဏီများတွင် လုပ်ကိုင်သူ	17
မွေးမြူရေးလုပ်ငန်း	18
ကုန်သည်	19
အစိုးရဝန်ထမ်း	20
စစ်သား/ရဲ	21
အခြား (အသေးစိတ်ရေးပါ).....	22
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

FD အိမ်ထောင်ရေးအခြေအနေကို ပြောပြလို့ရမလား။ **FD**

[အဖြေကို ဖတ်ပြရန်မလိုပါ]

အိမ်ထောင်ရှိ (1)	အိမ်ထောင်မရှိ (2)	အိမ်ထောင်ကွဲ/တစ်ခုလပ် (3)
	မုဆိုးဖို/မုဆိုးမ (98)	ဖြေဆိုရန်ငြင်းဆန် (99)

FH တိုင်းရင်းသားလူမျိုးကို ပြောပြလို့ရမလား။ **FH**

[အဖြေကိုဖတ်ပြရန်မလို။ အကျုံးဝင်သမျှကို ရွေးပါ]

ကချင်	1
ကယား	2
ကရင်	3
ချင်း	4
ဗမာ	5
မွန်	6
ရခိုင်	7
ရှမ်း	8
အခြား (အသေးစိတ်ရေးပါ).....	9
မသိပါ	98
ဖြေဆိုရန်ငြင်းဆန်	99

FJ ဘယ်ဘာသာကို ကိုးကွယ်သလဲ ဆိုတာကို ပြောပြလို့ရမလား။ **FJ**

[အဖြေကို ဖတ်ပြရန်မလိုပါ]

ဗုဒ္ဓဘာသာဝင် (1)	ခရစ်ယာန်ဘာသာဝင် (2)	ဟိန္ဒူဘာသာဝင် (3)
မွတ်စလင်/အစ္စလာမ်ဘာသာဝင် (4)	အခြား _____ (5)	ဖြေဆိုရန်ငြင်းဆန် (99)

FK မိသားစုတစ်ခုလုံးရဲ့ တစ်လ ဝင်ငွေတွေကို ဖတ်ပြပါမယ်။ [သင့်] မိသားစုရဲ့ တစ်လဝင်ငွေနဲ့ အနီးစပ်ဆုံးကိုရွေးပါ။ **FK**

[အဖြေကိုဖတ်ပြပါ။]

ကျပ် ၅ သောင်းအောက်	1
ကျပ် ၅ သောင်း နှင့် ၁ သိန်းကြား	2
ကျပ် ၁ သိန်းနှင့် ၂ သိန်းကြား	3

ကျပ် ၂ သိန်းနှင့် ၃ သိန်းကြား	4
ကျပ် ၃ သိန်းနှင့် ၄ သိန်းကြား	5
ကျပ် ၄ သိန်းကျော်	6
မသိပါ *[ဖတ်ပြရန်မလိုပါ]*	98
ဖြေဆိုရန်ငြင်းဆန် *[ဖတ်ပြရန်မလို]*	99

ထပ်မံ၍ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်

GA တကယ်လို့ မဲစာရင်းပါ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ပြဿနာ တစ်စုံတစ်ခုတွေ့ခဲ့မယ်ဆိုရင် SMS နဲ့ဖြစ်ဖြစ် တယ်လီဖုန်းနဲ့ဖြစ်ဖြစ် ပြန်လည်အကြောင်းကြားနိုင်ဖို့အတွက် တယ်လီဖုန်းနံပါတ်လေး ပေးလို့ရမလား။ [အကယ်၍ "မပေးနိုင်ပါ (2)" ဟုဖြေဆိုခဲ့ပါက မေးမြန်းခြင်းကိုအဆုံးသပ်ပြီး မေးခွန်း HA ကိုသွားပါ။]

ပေးပါမယ် (1)

မပေးနိုင်ပါ (2) [မေးမြန်းခြင်းကိုအဆုံးသတ်ပါ]

GA

GB [အကယ်၍ GA တွင် "ပေးပါမယ် (1)" ဟု ဖြေပါက] ဖုန်းနံပါတ်ကို ရေးချပါ။

GB

[မဲစာရင်းကြေညာပြသမည့် သတင်းအချက်အလက် လက်ကမ်းစာစောင်ကို မဲဆန္ဒရှင်အားပေးပါ။

"[သင်] ရဲ့ မိသားစုနဲ့ မိတ်ဆွေတွေကိုလည်း ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးနိုင်ဖို့အတွက် မဲစာရင်းကြေညာပြသတဲ့အခါ သွားရောက်ကြည့်ရှုစစ်ဆေးဖို့ တိုက်တွန်းပါတယ်။]

"တွေ့ဆုံမေးမြန်းမှုကတော့ ပြီးပါပြီ။ ဒီတွေ့ဆုံမေးမြန်းမှုရဲ့ အရည်သွေးကို စစ်ဆေးဖို့အတွက် PACE အဖွဲ့က အရည်သွေးစစ်ဆေးသူ [သင့်] ဆီကို လာတွေ့ကောင်း လာတွေ့နိုင်ပါတယ် ဆိုတာလည်း ကြိုတင်အသိပေးထားပါရစေ။ အခုလို တွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

တွေ့ဆုံမေးမြန်းမှုပြီးဆုံးပါပြီ။ မေးခွန်းအားလုံးကို ဖြေဆိုရန်မမေ့ပါနှင့်။

စစ်တမ်းကောက်ယူသူအတွက်သာ
အောက်ပါမေးခွန်းများကို တွေ့ဆုံမေးမြန်းခြင်းပြီးလျှင်ပြီးခြင်း ဖြည့်စွက်ပါ။ ဖြေဆိုသူကို မေးမြန်းရန်မလိုပဲ ကိုယ်တိုင်ဖြည့်စွက်ရန်။

HA စစ်တမ်းကောက်ယူမှု ပြီးဆုံးသည့်အချိန်
[၁၂ နာရီပုံစံသုံးပြုပြီးဖြည့်စွက်ပါ။ အင်္ဂလိပ် အက္ခရာ ကိုသာသုံးပါ]

နာရီ		မိနစ်			**HA**
				□ နံနက်	
				□ နေ့လယ်	

HB တွေ့ဆုံမေးမြန်းနေစဉ် လာရောက်နားထောင်နေသူ များရှိပါသလား။

			HB
တစ်ဦးမှမရှိပါ (1)	ဧနီး/ခင်ပွန်း (2)	အခြားမိသားစုဝင်များ (3)	
လူအနည်းငယ်ရှိသည် (4)	လူအုပ်စုငယ်ရှိသည် (5)	မသိပါ (99)	

HC ဖြေဆိုသူသည် မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်များကို အခြားသူများနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ ဖြေဆိုပါသလား။

		HC
တိုက်ဆိုင်စစ်ဆေးသည် (1)	မစစ်ဆေးပါ (2)	

HD တွေ့ဆုံမေးမြန်းမှုပြုလုပ်နေစဉ် ဖြေဆိုသူကို တစ်စုံတစ်ဦးက လွှမ်းမိုးထားသည်ဟု ထင်ပါသလား။

		HD
ထင်ပါသည် (1)	မထင်ပါ (2)	

HE တွေ့ဆုံမေးမြန်းမှုပြုလုပ်နေစဉ် သင့်ကို ရုပ်ရှာအဖွဲ့အစည်းများ (သို့) နိုင်ငံရေးပါတီမှ ထာဝန်ရှိသူများက လာရောက်စုံစမ်းခြင်းများရှိပါသလား။

		HE
ရှိပါသည် (1)	မရှိပါ (2)	

HF တွေ့ဆုံမေးမြန်းမှုပြုလုပ်နေစဉ် ခြိမ်းခြောက်မှု တစ်ခုခုရှိနေသည်ဟု ထင်မြင်ယူဆပါသလား။

		HF
ထင်မြင်ယူဆပါသည် (1)	မထင်ပါ (2)	

HG တွေ့ဆုံမေးမြန်းမှုပြုလုပ်နေစဉ် သင့်ကို ကိုယ်ထိလက်ရောက် ခြိမ်းခြောက်မှုများ ရှိပါသလား။

		HG
ရှိပါသည် (1)	မရှိပါ (2)	

ဖန်တီးအိမ်အဖွဲ့ ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လူပ်ရှားမှုအဖွဲ့

လက်မှတ်ရေးထိုးရန်

စစ်တမ်းကောက်ယူသူ။ ။ တွေ့ဆုံမေးမြန်းမှုနှင့် ပတ်သက်၍ အခြားထည့်သွင်းလိုသည်များရှိပါသလား။ (ဥပမာ- တွေ့ဆုံမေးမြန်းနေစဉ် ကြီးမားသော အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့ခြင်း)

ရှိခဲ့လျှင် ရှင်းပြပါ။	(1)
မရှိပါ	(2)

ကျွန်တော်/ကျွန်မ သည် တွေ့ဆုံမေးမြန်းမှုကို သင်တန်းတွင် ညွှန်ကြားခဲ့သည့်အတိုင်းဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုမည့်သူကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းအများ အတိုင်းရွေးချယ်ကာ မေးမြန်းခဲ့သည်မှာ မှန်ကန်ပါသည်။

စစ်တမ်းကောက်ယူသူ ထိုးမြဲလက်မှတ်

_____

၁၀၁

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး စောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာ

ရွေး ကောက် ပွဲ ဆိုင် ရာ
ပြည်သူ့လှုပ်ရှားမှုအဖွဲ့
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့

မဲဆန္ဒရှင်စာရင်း ကြေညာပြသခြင်း စောင့်ကြည့်လေ့လာမှုပုံစံ

B	စစ်တမ်းကောက်ယူသူ အမည်		**F**	တိုင်းဒေသကြီး/ပြည်နယ်	
C	စစ်တမ်းကောက်ယူသူ ဖုန်းနံပါတ်		**G**	မြို့နယ်	
D	စစ်တမ်းကောက်ယူသူ နံပါတ်		**H**	ရပ်ကွက်/ကျေးရွာအုပ်စု	
E	PACE စစ်တမ်းနေရာ နံပါတ်		**J**	ကျေးရွာ	

K မဲစာရင်း ကြေညာပြသသည့် တည်နေရာနှင့်လိပ်စာ — **K**

M စောင့်ကြည့်လေ့လာသည့် နေ့စွဲ — ရက် | လ — **M**

N တည်နေရာသို့ ရောက်ရှိသည့် အချိန် [စစ်တမ်းကောက်ယူသူဖြည့်စွက်ရန်]

[၁၂ နာရီပုံစံသုံးပြုပြီးဖြည့်စွက်ပါ။ အင်္ဂလိပ် အက္ခရာ ကိုသာသုံးပါ]

နာရီ | မိနစ် | □ နံနက် / □ နေ့လည် — **N**

မဲဆန္ဒရှင်စာရင်း ကြေညာပြသသည့်နေရာ၏ ပြင်ပ
(မဲဆန္ဒရှင်စာရင်း ကြေညာပြသသည့်နေရာကို ချဉ်းကပ်လာသည်နှင့် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။)

AC မဲစာရင်းကြေညာပြသသည့် နေရာအနီးတစ်ဝိုက်တွင် မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် သက်ဆိုင်သောအရာများကို မြင်မိပါသလား။ (အကျုံးဝင်သမျှကို ခြစ်ပါ) — **AC**

မမြင်မိပါ (1)	လက်ကမ်းစာစောင်များ (2)	ပိုစတာများ (3)
သင်တန်း၊ အစည်းအဝေး (4)	လော်စပီကာ (5)	အခြား (ရှင်းပြပါ) (6)

AD ဤ ရပ်ကွက်/ကျေးရွာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များက မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မြင်မိပါသလား။

မမြင်မိပါ (1)	နိုင်ငံရေးပါတီများ (2)	ကော်မရှင်အဖွဲ့ခွဲ (3)	**AD**
အရပ်ဘက်လူ့အဖွဲ့အစည်းများ (4)	ဘာသာရေးခေါင်းဆောင်များ (5)	အခြား (ရှင်းပြပါ) _____ (6)	

စောင့်ကြည့်လေ့လာမှု စတင်ပြုလုပ်သည့်နေ့တွင် ကြေညာပြသရာတွင် တာဝန်ရှိသူကို မေးရန်

BD မဲစာရင်းကြေညာပြသမှုကို ဘယ်နေ့ကစတင်ခဲ့တယ်ဆိုတာကို ပြောပြပေးပါ။

ရက်	လ	
		BD

